# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၇၈)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ကြာသပတေးနေ့။


**တို့တာဝန်အရေး(၃)ပါး**

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဗန်းမော်ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် သာသနာ့မဟာဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့်သစ်သီးဆွမ်းများ ကပ်လှူပြီး ဖူးမြော်ကြည်ညိုသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❁



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# လှိုင်သာယာဘူတာနှင့် အောင်မင်္ဂလာအဝေးပြေးကားဂိတ် ယာဉ်လိုင်းသစ်ဆွဲမည်

**သတင်း-ဝေယံဦး**

စီးပွားရေးမြို့တော် ရန်ကုန်၌ ခရီးသည်များ သွားလာရေးလွယ်ကူအဆင်ပြေစေရန်အတွက် ခရီးသည်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲလျက်ရှိရာ ရန်ကုန်မြို့ လှိုင်သာယာဘူတာကြီးနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်သို့ (၄၃) ယာဉ်လိုင်းသစ်ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။

လှိုင်သာယာ ဘူတာကြီးသည် ဧရာဝတီတိုင်းဒေသကြီးမှ ဇလွန်၊ ဟင်္သာတမြို့များနှင့် ရထားလမ်းဆက်သွယ်ထားခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ခရီးသည်နှင့်ကုန်ပစ္စည်းများ တင်ပို့နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

လှိုင်သာယာဘူတာကို ပြီးခဲ့သည့် မေလ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သော်လည်း လှိုင်သာယာဘူတာနှင့် အောင်မင်္ဂလာအဝေးပြေးကားဂိတ်သို့ ခရီးသည်ယာဉ်လိုင်းပြေးဆွဲနိုင်ခြင်း မရှိသေးသဖြင့် (၄၃) ယာဉ်လိုင်းအသစ် ပြေးဆွဲပေးရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ (၄၃) ယာဉ်လိုင်းပြေးဆွဲရာတွင် ယာဉ် ၁၇ စီးဖြင့် စတင်ပြေးဆွဲရန် စီစဉ်နေပြီး ယင်းယာဉ်လိုင်းပြေးဆွဲမှုနှင့်ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာနသို့ တင်ပြထားသည်။

အမှတ် (၄၃) ယာဉ်လိုင်းအသစ်ပြေးဆွဲမှုမှာ ယခင်ကပြေးဆွဲနေသော လှိုင်သာယာရှိ ဒဂုံဧရာအဝေးပြေးကားဂိတ်မှ အောင်မင်္ဂလာအဝေးပြေးကားဂိတ်သို့ ပြေးဆွဲပေးနေသော (၄၃) ယာဉ်လိုင်းကို ယာဉ်လိုင်းအသစ်အနေဖြင့် လှိုင်သာယာဘူတာကြီးနှင့် အောင်မင်္ဂလာအဝေးပြေးကားဂိတ်စခန်းသို့ ပြေးဆွဲရန်စီစဉ်ခြင်း ဖြစ်သည်။

**လိုက်ပါစီးနင်း**

ရန်ကုန်မြို့တွင် ယာဉ်လိုင်းပေါင်း ၉၁ လိုင်းရှိပြီး ခရီးသည်ယာဉ်အစီးရေ ၁၆၀၀ ကျော်တို့ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ နေ့စဉ်ခရီးသည်ဦးရေ ၁၁ သိန်းခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)


**ကမ္ဘာ့ဈေးအကြီးဆုံးတိုက်လေယာဉ် ခင်းကျင်းပြသရန် မသေချာသေး** စာမျက်နှာ » ၄

**မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေး အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေး** ဆောင်းပါး စာမျက်နှာ » ၆

**ဂျာမနီအသင်းနှင့်အတူ ကစားသမားတို့ရဲ့ အောင်မြင်မှုမှတ်တမ်း** စာမျက်နှာ » ၁၄

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ** ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိပါသည်။





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအရှိန်အဟုန်

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရန် အဓိက အခြေခံအကြောင်းတရားတို့သည်ကား လမ်းတံတားများကောင်းမွန်အောင် တည်ဆောက်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ကျေးလက်ဒေသများမီးလင်းရေးဆောင်ရွက်ပေးခြင်းပင် ဖြစ်ပါသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ အလျင်အမြန် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ဦးစွာပထမ ဘဏ္ဍာနှစ်အလိုက် ကျေးလက်လမ်းတိုးတက်ဖောက်လုပ်ပေးနိုင်မှုကို ဆန်းစစ်လေ့လာကြည့်လျှင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းမြေသားလမ်းမိုင် ၅၇၀ ရှိပြီး ကျောက်ချောလမ်း ၂၅၇ မိုင်ရှိသည်။ ကတ္တရာလမ်းဆောင်ရွက်ပေးနိုင်မှုမှာ နည်းပါးသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်မူ မြေသားလမ်း ၁၅၅၆ မိုင်နှင့် ကျောက်ချောလမ်း ၂၁၇ မိုင်ဆောင်ရွက်ပေးနိုင်သည့်အပြင် ကတ္တရာလမ်း ၃၄၈ မိုင်ကိုပါ ခင်းပေးနိုင်ခဲ့သည်။ ယခုဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ တွင်မူ မြေသားလမ်း ၂၂၈၇ မိုင်နှင့် ကျောက်ချောလမ်း ၁ ၈၆၁ မိုင်ဆောင်ရွက်ရန်လျာထားပြီး ကတ္တရာလမ်း ၄၁၈ မိုင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ဤသည်မှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လမ်းများဖြန့်ကြက်တိုးတက်နေသည့် အနေအထားဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် လမ်းများနှင့်အတူ တံတားများလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါသည်။

တစ်ဖန် ကျေးလက်ဒေသသန့်ရှင်းသော သောက်ရေသုံးရေရရှိရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၆၁၁ ရွာတွင် ရေရရှိရေး လုပ်ငန်းပေါင်း ၁၆၁၁ ခုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်မူ ကျေးရွာပေါင်း ၁၉၅၆ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၁၃၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၀၉၁ ရွာ၌ ရေရရှိရေးလုပ် ငန်းပေါင်း ၃၃၀၉ ခု ဆောင်ရွက်ပေးရန်လျာထားကြောင်းသိရပါသည်။ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်ကို အထင်အရှားတွေ့ရမည် ဖြစ်ပါသည်။

ကျေးလက်မီးလင်းရေးအတွက် နည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဓာတ်အားစနစ်၊ မီးစက်စနစ်၊ ရေအားလျှပ်စစ်၊ ဆိုလာစနစ်နှင့် ဇီဝဓာတ်ငွေ့/ဒြပ်ထုစနစ်တို့ဖြစ်ပါသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ဓာတ်အားစနစ်သုံး ၅၁၇၈ ရွာ၊ မီးစက်စနစ် ၁၃၀၈၆ ရွာ၊ ရေအားလျှပ်စစ် ၂၂၉၅ ရွာ၊ ဆိုလာစနစ် ၁၂၅၁ ရွာ နှင့် ဇီဝဓာတ်ငွေ့/ဒြပ်ထုစနစ် ၁၂၂၄ ရွာရှိကြောင်း သိရပါသည်။ ယခုဘဏ္ဍာနှစ်တွင်မူ ဓာတ်အားစနစ်သုံး ၆၈၅၆ ရွာ၊ မီးစက်စနစ် ၁၃၀၈၈ ရွာ၊ ရေအားလျှပ်စစ် ၂၄၂၄ ရွာ၊ ဆိုလာစနစ် ၂၅၅၉ ရွာနှင့် ဇီဝဓာတ်ငွေ့/ဒြပ်ထုစနစ် ၁၂၃၂ ရွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်ထားပါသည်။ ထို့အပြင် ကျေးလက်တန်ဖိုးနည်းအိမ်ရာများကိုလည်း တည်ဆောက်ပေးလျက်ရှိပါသည်။ ဤသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ ထူထောင်ပေးလာနိုင်သည်နှင့်အမျှ ပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာမည်ဖြစ်သည်။ ဤသို့ ဖြည့်ဆည်းပေးမှုအပေါ် ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်သည်။ သို့မှသာ ဖွံ့ဖြိုးမှုသည်အရှိန်အဟုန်ဖြင့် အစဉ်တိုးတက်နေမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒမိတ်ဆက် အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇူလိုင် ၈ ရက် နံနက် ၉ နာရီက သင်္ဂဟဟိုတယ်၌ ကျင်းပသည့် မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒမိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ နိုင်ငံ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ဥပဒေ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေးအတွက် မူဝါဒရေးဆွဲရာတွင် စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးစသည့် ကဏ္ဍပေါင်းစုံထည့်သွင်းရေးဆွဲထားပါကြောင်း၊ ရည်ရွယ်ချက်အနေနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မွေးကင်းစမှ ရှစ်နှစ်အရွယ်ကလေးများအားလုံး၏ စွမ်းအားအပြည့်အဝ ဖွံ့ဖြိုးနိုင်ရန်အတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိစေရန်ဖြစ်ပါကြောင်း။

မူဝါဒကို ပါဝင်ရေးဆွဲခဲ့သည့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအားလုံးတာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်မှသာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအောင်မြင်နိုင်မှာဖြစ်ပါကြောင်း၊ ယခုမူဝါဒကို မိတ်ဆက်ဖြန့်ချိနိုင်ခြင်းသည် နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိသောကာလအတွင်း ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဦးစားပေးလိုအပ်ချက်များအား ဖြည့်ဆည်းရမည့် တာဝန်တို့ကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခြင်း၏ ပြယုဂ်တစ်ခုလည်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒအား ရေးဆွဲခဲ့သည့် လုပ်ငန်းစဉ်နှင့် မူဝါဒတွင် ပါရှိသည့် အဓိက အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာဖေသက်ခင်၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်တို့က မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေထားသည့် မူဝါဒစာအုပ်ကို ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများထံ ပေးအပ်ပြီး မူဝါဒဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာန ကိုးခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ယူနီဆက်(ဖ်)၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပအဖွဲ့အစည်း ၁၃ ဖွဲ့တို့နှင့် ပူးပေါင်းရေးဆွဲထားပြီး မဟာဗျူဟာလုပ်ငန်းစဉ်(၁၀)ချက် ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ထင်သာမြင်သာပြုပြင်စရာ

# ရေနံချောင်းမြို့ မြန်မာ့ဒုတိယအကြီးဆုံးကျောက်စာရုံ ထိန်းသိမ်းပြုပြင်မွမ်းမံရန်လိုအပ်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ တိပိဋကတ်စုံကျောက်စာရုံတော်ကြီးကို ရေနံချောင်းမြို့ ကျောက်စာပိဋကတ်များ၊ စေတီတော်၊ တန်ဆောင်းတော်၊ ဆင်းတုတော်များ၏ သာသနာ့ဒါယကာဖြစ်သော တွင်းစားကြီးဦးသာကံ ပါရမီဖက်ခင်သင်၊ တစ်ဦးတည်းသော သမီးခင်မကြီး သားသမီးမြေးတစ်စုတို့က ကောဇာ ၁၂၇၆ ခုနှစ် ခရာဇ် ၁၉၁၄ ခုနှစ်တွင် နောင်လာနောက်သားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဆောက်လုပ်လှူဒါန်းခဲ့သည်မှာ ယခု ၂၀၁၄ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိပိဋကတ်စုံကျောက်စာရုံတော်ကြီးမှာ သုတ္တန်ပိဋကတ် ၁၂၄ ချပ်၊ အဘိဓမ္မာပိဋကတ် ၂၁၃ ချပ်၊ ဝိနည်းပိဋကတ် ၁၁၄ ချပ် စုစုပေါင်း တိပိဋကတ်စုံကျောက်စာချပ်ပေါင်း ၄၅၁ ချပ်ရှိပြီး ကျောက်စာတိုက်ငါးတိုက်ရှိကြောင်း သိရသည်။

ယင်း ကျောက်စာချပ်များ၏ အရှည်ခြောက်ပေ၊ ထုခြောက်လက်မ အတွင်းအပြင် နှစ်ဖက်စာမျက်နှာပါရှိပြီး တချို့ကျောက်စာများမှာ ကျိုးပဲ့နေကြောင်း၊ ကျောက်စာတိုက်အတွင်း အမှိုက်သရိုက်များရှိနေပြီး သမီးရည်းစားအတွဲများလည်း လာရောက်တွေ့ဆုံနေကြကြောင်း ဝိနည်းပိဋကတ်ကျောက်စာတိုက် အတွင်း နွယ်ရှင်များ ထိုးထွင်းပေါက်ရောက်နေကြောင်း တွေ့ရှိရ၍ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာပေများကို ဝိုင်းဝန်းထိန်းသိမ်းနိုင်ရန် ပြုပြင်မွမ်းမံသင့်ကြောင်း သိရသည်။

**ဇာဇာ(မကွေး)**






**အလိမ္မာ စာမှာရှိ**



ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Hon.Mr. Ichiro AISAWA ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ယနေ့ညနေ ၄ နာရီတွင် ဂျပန်-မြန်မာပါလီမန်ဆိုင်ရာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Hon.Mr. Ichiro AISAWA ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော်ကာကွယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးစောလှထွန်း၊ ဦးကြည်သာ၊ ဒေါ်ဒွဲဘု၊ ဦးကိုကိုထွန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဝင်းမြင့်၊ ဒေါ်နန်းဝါနု၊ ဒေါ်စန္ဒာမင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးများမှတာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာလုပ်ငန်းများ၏အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ရွှေ၊ လုပ်ငန်းကော်မတီများနှင့် မြန်မာကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ယခုကျင်းပပြီးစီးခဲ့သည့် (၅၁)ကြိမ်မြောက် ရတနာပြပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည် ၆၃၉၉ ဦးတက်ရောက်ခဲ့ပြီး အစီအစဉ်များကို စနစ်တကျရေးဆွဲဆောင်ရွက်ခဲ့ကြသည့်အတွက် အောင်မြင်မှုရရှိခဲ့ပါကြောင်း။

ကျောက်မျက်ရတနာသယံဇာတများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် အကျိုးအမြတ်ပိုမိုရရှိရေး အလေးထားဆောင်ရွက်ခဲ့သည့် (၅၁)ကြိမ်မြောက် ရတနာပြပွဲတွင် ကျောက်စိမ်းတွဲများ ရောင်းချရသည့်တန်ဖိုးသည် ယခင်ပြပွဲများထက်ပိုမိုရရှိခဲ့ပါကြောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများအပါအဝင် ကျောက်မျက်အချောထည်များနှင့် လက်ဝတ်ရတနာများကို ပိုမိုထုတ်လုပ်ရောင်းချနိုင်ခြင်းဖြင့် ပိုမိုအကျိုးအမြတ်ဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း၊ ရတနာပြပွဲဆိုင်ရာများတွင် ပွင့်လင်းမြင်သာမှုရှိသည့် အစဉ်အလာကောင်းများကိုလည်း ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

# တာဝန်ကျေပွန်သော နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် ဆောင်ရွက် နာမည်ကောင်းနှင့် ပြည်သူ၏ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်း

**နေပြည်တော် ဇူလိုင် ၉**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများကိုကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) အပေါ်ထပ်အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ခရိုင်ဘဏ်ခွဲမန်နေဂျာများနှင့်တွေ့ဆုံကာအငြိမ်းစားလစာထုတ်ပေးခြင်း အပါအဝင် ပြည်သူဗဟိုပြု ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးနှင့် ဘဏ်ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် လုပ်ငန်းများ အောင်မြင်ရေး အရှိန်အဟုန်မြှင့်ပြီး ကြိုးပမ်းကြရန် မှာကြားသည်။

**ဆက်လက်ထိန်းသိမ်း**

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် လက်တွေ့လုပ်ငန်းဆောင်ရွက်မှု အခက်အခဲများဖြေရှင်းရန် နည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး ပြည်သူကို ထိရောက်စွာ အလုပ်အကျွေးပြုသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ကြရန်၊ မြန်မာ့စီးပွားရေးဘဏ်၏ ရရှိပြီးဖြစ်သောနာမည်ကောင်းနှင့် ပြည်သူ၏ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သက်တူဆင့်တူ ကျန်းမာရေးပညာပေးစကားဝိုင်းကျင်းပ



**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် လက်ပံခါးလှကျေးရွာ အမှတ်(၁၄၀) မူလတန်းလွန်ကျောင်း၌ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သက်တူဆင့်တူ ကျန်းမာရေး ပညာပေးစကားဝိုင်းကို ဇူလိုင် ၈ ရက်ကကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး ဒေါက်တာလှလှကြည် ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့် အဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် ခုတင် ၅၀ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနိုင်နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မော်မော်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးမှူး ဒေါက်တာလှလှကြည်နှင့် ဆရာဝန်ဆရာမများက တက်ရောက်လာကြသော ကိုယ်ဝန်ဆောင် ၁၀ ဦး၊ ငါးနှစ်အောက် ကလေးမိခင် ၁၀ ဦး၊ အပျို ၁၀ ဦး၊ လူပျို ၁၀ ဦး၊ သက်ကြီးဘိုးဘွား ၁၀ ဦးတို့ကို တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်မှုအကြောင်း၊ ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း၊ အန္တရာယ်ရှိ ကိုယ်ဝန်ဆောင်လက္ခဏာများအကြောင်း၊ HIV / AIDS ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ရေးအကြောင်းကို စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး **(အပေါ်ယာပုံ)** နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာနေပြည်သူ ၁၀၀ ကျော်တို့အား ဆပ်ပြာမှုန့်ထုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇူလိုင် ၉**

ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်ဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူးရတစ်ဘာသာ ၅၀၀၀၀ နှုန်းဖြင့် ဂုဏ်ထူးလေးဘာသာတစ်ဦး၊ သုံးဘာသာလေးဦး၊ နှစ်ဘာသာတစ်ဦး၊ တစ်ဘာသာလေးဦးတို့အား ငွေကျပ် ၁၁ သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**ထောက်ပံ့ပေး**

ထို့အပြင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မူလတန်း ၂၃၁ ဦး၊ အလယ်တန်း ၂၁၇ ဦး၊ အထက်တန်း ၉၃ ဦးနှင့် တက္ကသိုလ်အဆင့် ၁၁၃ ဦးအား ငွေကျပ် ၁၁၈၉၇၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးလေးဘာသာ၊ ငါးဘာသာ၊ ခြောက်ဘာသာတို့ဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့ကြသူများအား တစ်ဘာသာလျှင် ၅၀၀၀၀ နှုန်းဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးအား ၁၈ သိန်း၊ ငါးဘာသာဂုဏ်ထူးရှင်ကိုးဦးအား ၂၂၅၀၀၀၀၊ လေးဘာသာဂုဏ်ထူးရှင် ၃၀ အား သိန်း ၆၀၊ စုစုပေါင်းငွေကျပ် ၁၀၀၅၀၀၀၀ ချီးမြှင့်ပေးအပ်ခဲ့သည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ယခုနှစ်တွင် ဂုဏ်ထူးလေးဘာသာနှင့်အထက်ရရှိသော ကျောင်းသားကျောင်းသူများအား ဆက်လက်ပညာသင်ယူရာတွင် အထောက်အပံ့ဖြစ်စေရေးနှင့် မိသားစုနေထိုင်မှုအဆင်ပြေစေရေးကို ရှေးရှုလျက် ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ယူမည့် တက္ကသိုလ်တည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့များသို့ မိဘများအနေဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုပါက အထူးကိစ္စတစ်ရပ်အနေဖြင့် ပြောင်းရွှေ့တာဝန်ချထားပေးရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၂-၇-၂၀၁၄ ရက်နေ့တွင် သဃ်န်းကျွန်း၊ ဒဂုံ(ဆိပ်ကမ်း)၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ စမ်းချောင်း၊ ခရမ်း၊ ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း လည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၁၃-၇-၂၀၁၄ ရက်နေ့တွင် ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ သာကေတ၊ သဃ်န်းကျွန်း၊ တာမွေ၊ ရွှေပေါက်ကံ၊ မရမ်းကုန်း၊ စမ်းချောင်း၊ လှိုင်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ခရမ်း၊ သန်လျင်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ အင်းစိန်၊ ထောက်ကြန့်၊ မှော်ဘီ၊ ရွှေပြည်သာမြို့နယ်များ၏ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

နိုင်ငံတကာသတင်း

## လာမည့်သုံးနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှု မက်ထရစ်တန် ၅၉ ဒသမ ၆၇ သန်းအထိ မျှော်မှန်း

**မနီလာ ဇူလိုင် ၉**

ဖိလစ်ပိုင်နိုင်ငံ၌ လာမည့်သုံးနှစ်တွင် ဆန်ဖူလုံမှုရှိစေရေးအတွက် ဆန်စပါး မက်ထရစ်တန် ၅၉ ဒသမ ၆၇ သန်း ထုတ်လုပ်နိုင်ရန် ရည်မှန်းချက်ထားကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာန (DA) က ဇူလိုင် ၉ ရက်တွင် ပြောခဲ့သည်။

DA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လုပ်ပေးမည့် ပမာဏကို မြှင့်တင်ရန်အတွက် စပါးစိုက်ပျိုးဧရိယာများကို တိုးချဲ့မည်ဖြစ်သည်ဟု အမျိုးသားဆန်ဖူလုံရေးစီမံကိန်းဒါရိုက်တာ ဒီလူနာက ပြောသည်။

ယခုနှစ်အတွင်း စပါး ၁၉ ဒသမ ၀၇ တန် ထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီး ၂၀၁၅ ခုနှစ် ထုတ်လုပ်မှုပမာဏကို ၂၀ ဒသမ ၀၈ တန်အထိ မျှော်မှန်းထားသည်။ ၂၀၁၆ ခုနှစ် စပါးထုတ်လုပ်မှုမျှော်မှန်းချက်မှာ ၂၀ ဒသမ ၅၁ တန်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

ဖိလစ်ပိုင်အစိုးရ၏ ဆန်စပါးဖူလုံရေးမျှော်မှန်းသက်တမ်းသည် အချိန်ကြာမြင့်မည်မဟုတ်ကြောင်း၊ ယခုနှစ်ဆန်ဖူလုံမှုရှိစေရန်အတွက် ဗီယက်နမ်နိုင်ငံမှဆန်များ တင်သွင်းရန်လိုအပ်လိမ့်မည်ဖြစ်ပြီး ပြည်တွင်းဈေးနှုန်းများကို လျှော့ချပေးသွားမည်ဖြစ်ကြောင်း အင်တာဗျူးတစ်ခု၌ သမ္မတပြောရေးဆိုခွင့်ရှိသူက ရိုက်တာသို့ပြောခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဆန်သွင်းကုန်များမရှိဘဲ ၂၀၁၃ ခုနှစ်က ဆန်စပါးဖူလုံမှုရှိမည်ဟု ရည်မှန်းခဲ့သော်လည်း အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းများဝင်ရောက်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်အစိုးရအနေဖြင့် ၎င်းတို့ရည်မှန်းသည့်ဆန်စပါးဖူလုံမှုရရှိရန် အခက်ကြုံခဲ့ရသည်။ **(ဆင်ဟွာ)**

## ဆိုမာလီသမ္မတအိမ်တော်ကို အယ်လ်ရှာဘတ်များ တိုက်ခိုက်

**မိုဂါဒစ်ရှူး ဇူလိုင် ၉**

အယ်လ်ရှာဘတ်စစ်သွေးကြွများသည် မိုဂါဒစ်ရှူးမြို့ရှိ အစောင့်များ ထူထပ်စွာချထားသောသမ္မတအိမ်တော်ခြံဝင်းအတွင်းဝင်ရောက်ကာ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

အယ်လ်ရှာဘတ်များဘက်မှ ပြောရေးဆိုခွင့်ရှိသူက တိုက်ခိုက်မှုဖြစ်ပွားနေဆဲဖြစ်သည်ဟု ဆိုသည်။ သို့သော် အစိုးရအရာရှိများက တိုက်ခိုက်မှုပြီးဆုံးသွားပြီး စစ်သွေးကြွများအားလုံး သေဆုံးခဲ့ကြောင်း ဘီဘီစီသို့ပြောခဲ့သည်။ သမ္မတမိုဟာမက်သည် တိုက်ခိုက်မှုဖြစ်ပွားချိန်၌ အိမ်တော်၌ရှိမနေခဲ့ပေ။ အယ်လ်ခိုင်ဒါ၏ မဟာမိတ်ဖြစ်သော အယ်လ်ရှာဘတ်အုပ်စုသည် ၂၀၁၁ ခုနှစ်က မိုဂါဒစ်ရှူးမြို့ကိုဆုံးရှုံးခဲ့ပြီး တိုက်ခိုက်မှုများမကြာခဏပြုလုပ်လျက်ရှိသည်။

သမ္မတအိမ်တော်သည် အစိုးရရုံးစိုက်ရာနေရာဖြစ်သည်။ များစွာသော အစိုးရ ထိပ်တန်းအရာရှိများသည် ယင်းနေရာ၌ပင် နေထိုင်ပြီး အလုပ်လုပ်ကိုင်လျက်ရှိသည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်၌ ဝန်ကြီးချုပ်နှင့်ပါလီမန်ပြောရေးဆိုခွင့်ရှိသူတို့ အိမ်တော်၌ရှိနေခဲ့ကြသည်ဟုဆိုသော်လည်း တိတိကျကျ မသိရသေးပေ။ **(ဘီဘီစီ)**

## အစ္စရေးတို့က လေကြောင်းမှတိုက်ခိုက်ချိန် ဟားမားစ်တို့က ဒုံးကျည်များဖြင့်ပစ်ခတ်

**ဂါဇာ ဇူလိုင် ၉**

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသတွင် လေယာဉ်ဒါဇင်နှင့်ချီ၍ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ချိန် ပါလက်စတိုင်းစစ်သွေးကြွများက ဒုံးကျည် များဖြင့် အဆက်မပြတ်ပစ်ခတ်လျက်ရှိသည်။

ဟားမားစ်တို့က ဂျေရုဆလင်ကိုဒုံးကျည်အချို့ဖြင့် ပစ်ခတ်ခဲ့သည်။ တဲလ်အဗစ်မြို့ပေါ်သို့ ဒုံးကျည်များကျရောက်ပေါက်ကွဲခဲ့ကြောင်း အစ္စရေးတို့က ပြောသည်။ ဒုံးကျည်ပစ်ခတ်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ယမန်နေ့ညက ဂါဇာကမ်းမြောင်ဒေသသို့ လေကြောင်းတိုက်ခိုက်မှုအကြိမ် ၁၆၀ ခန့် ပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်တပ်ကပြောသည်။

အစ္စရေးတို့၏ ရန်လိုတိုက်ခိုက်မှုကြောင့်ပါလက်စတိုင်း ၂၅ဦး သေဆုံးပြီး ၇၀ ဒဏ်ရာရခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အစ္စရေးတို့၏နေရာအားလုံးကို ပစ်မှတ်ထားတိုက်ခိုက်သွားမည် ဖြစ်ကြောင်း ဟားမားစ် အဖွဲ့က သတိပေးပြောကြားလိုက်သည်။ **(ဘီဘီစီ)**

# အင်ဒိုနီးရှားနိုင်ငံ၌ ဒီမိုကရေစီစနစ်နှင့်အညီ သမ္မတရွေးကောက်ပွဲကျင်းပ နိုင်ငံသားတိုင်း မိမိကြိုက်နှစ်သက်သူကို လွတ်လပ်စွာမဲပေးရွေးချယ်



ဆူဗြာတို



ဝီဒိုဒို

**ဂျကာတာ ဇူလိုင် ၉**

ကမ္ဘာ့တတိယအကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် သမ္မတသစ်ရွေးချယ်တင်မြှောက်ရေးအတွက် မှတ်ပုံတင်ဆန္ဒမဲပေးခွင့်ရှိသူပေါင်း သန်း ၁၉၀ ခန့်က ဗုဒ္ဓဟူးနေ့တွင် စတင်မဲပေးလျက်ရှိသည်။

ယင်းတို့သည် ဂျကာတာအုပ်ချုပ်ရေးမှူး ဂျိုကိုဝီဒိုဒိုနှင့် စစ်ဗိုလ်ချုပ်ဟောင်း ဘရာဘိုဝိုဆူဗြာတိုတို့အား ဆန္ဒမဲပေး ရွေးချယ်လျက်ရှိသည်။ ယင်းရွေးကောက်ပွဲသည် အင်ဒိုနီးရှားနိုင်ငံ၌ တတိယအကြိမ်မြောက် ပြည်သူ့ဆန္ဒဖြင့်ရွေးချယ်တင်မြှောက်သည့် တိုက်ရိုက်ရွေးကောက်ပွဲဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း၌ နံနက် ၈ နာရီကစတင်မဲပေးခဲ့ရာ အခြားဒေသများထက် နှစ်နာရီစောပြီး မဲရုံများဖွင့်လှစ်ခဲ့သည်ဟု ဆိုသည်။ ဂျိုကိုဝီဟု လူသိများသည့် မစ္စတာဝီဒိုဒိုသည် ရွေးကောက်ပွဲအနိုင်ရရှိရန် ရေပန်းစားနေသည်။ ၎င်းသည် ဒုတိယသမ္မတဟောင်းလည်းဖြစ် နိုင်ငံ၏ ဒုတိယအကြီးဆုံး ဂိုလ်ဘာပါတီယူဆွပ်ကာလာ၏ဥက္ကဋ္ဌလည်း ဖြစ်သည်။ ၎င်းသည် နိုင်ငံအရှေ့ပိုင်းတွင် ဩဇာတိက္ကမ လွှမ်းမိုးနိုင်သူလည်း ဖြစ်သည်။

သမ္မတဆူစီလိုဘန်ဘန်းအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသက်တမ်းနှစ်ကြိမ်သာ ယှဉ်ပြိုင်ခွင့်ရှိ၍ သမ္မတသက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ လာမည့် အောက်တိုဘာလတွင် သမ္မတသက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

သမ္မတဆူစီလိုဘန်ဘန်းက ပါတီများအနေဖြင့် ရွေးကောက်ပွဲရလဒ်များကို လေးစားရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုက်သည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီဟာ တဖြည်းဖြည်း ရင့်ကျက်တဲ့အနေအထားရောက်နေပါပြီ။ ပြည်သူတွေအနေနဲ့ ကြိုက်တဲ့သူကို လွတ်လွတ်လပ်လပ်ရွေးချယ်မဲပေးနိုင်ပါတယ်" ဟုလည်း သမ္မတဆူစီလိုဘန်ဘန်းက ထပ်လောင်းပြောကြားသည်။

ဂရိတ်အင်ဒိုနီးရှား လှုပ်ရှားမှုပါတီမှ မစ္စတာဆူဗြာတိုသည် စစ်ရေးအတွေ့အကြုံရှိသူအဖြစ် ထင်ရှားသည်။ မစ္စတာဝီဒိုဒိုမှာမူ လာဘ်စားမှုကင်းရှင်းပြီး ကျေးလက်နှင့် မြို့ပြလူငယ်အများစုက ထောက်ခံအားပေးလျက်ရှိသည်။ ရွေးကောက်ပွဲကော်မရှင်က တရားဝင်ရွေးကောက်ပွဲရလဒ်များကို ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကြေညာရန် စီစဉ်ထားကြောင်း သိရသည်။ **(ဘီဘီစီ/ဆင်ဟွာ)**

# ကမ္ဘာ့ဈေးအကြီးဆုံးတိုက်လေယာဉ် ခင်းကျင်းပြသရန် မသေချာသေး

**ပင်တဂွန် ဇူလိုင် ၉**



အက်ဖ်-၃၅ ကိုယ်ပျောက်တိုက်လေယာဉ်များကို လာမည့်သီတင်းပတ်တွင်ပြုလုပ်မည့် ဗြိတိသျှလေကြောင်းပြပွဲတွင် ပြသနိုင်ဖွယ်မရှိသေးကြောင်း အမေရိကန် စစ်ဘက်တာဝန်ရှိသူများက ပြောကြားလိုက်သည်။

အဆိုပါ အက်ဖ်-၃၅ လေယာဉ်များသည် ပင်တဂွန်၏ ဈေးအကြီးဆုံးလေယာဉ်အမျိုးအစားဖြစ်ပြီး အမေရိကန်ဒေါ်လာဘီလီယံ ၄၀၀ ကုန်ကျသည်ဟု ဆိုသည်။ ၎င်းလေယာဉ်အမျိုးအစားသည် ဇွန် ၂၃ ရက်မှ စတင်ကာ ဖလော်ရီဒါလေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာသည်။

လေယာဉ်တစ်စင်းလုံး၏ အင်ဂျင်အစိတ်အပိုင်းစစ်ဆေးပြီးသည့်တိုင်အောင် လေယာဉ်အုပ်စုတစ်ခုလုံး အဆိုပါလေဆိပ်သို့ ရောက်ရှိရန် ကျန်ရှိနေဆဲဖြစ်၍ လာမည့်လေယာဉ်ပြပွဲတွင် ပြသနိုင်ဖွယ် မရှိသေးကြောင်း ပင်တဂွန်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ အဆိုပါ လေယာဉ်အင်ဂျင်ကို အမေရိကန်လေကြောင်းကုမ္ပဏီပရက်စ်နှင့်ဝှစ်တ်နေးက ထုတ်လုပ်ပေးခြင်းဖြစ်သည်။

ပင်တဂွန် တာဝန်ရှိသူများက ဇူလိုင် ၁၄-၂၀ တွင် ဗြိတိန်နိုင်ငံ ဖန်ဘိုရယ် အပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲ၌ ကမ္ဘာ့ပြည်သူများအား ထုတ်ဖော်မပြသမီပြသသွားရန်စီစဉ်ထားခဲ့သည်။ သို့သော်လည်း စိုးရိမ်စရာများရှိနေခြင်းကြောင့် ခင်းကျင်းပြသရန် တိတိကျကျမပြောနိုင်သေးဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

# အီရတ်ဓာတုလက်နက်တိုက်နေရာ သူပုန်များထိန်းချုပ် အဆိပ်ပြင်းဓာတ်ငွေ့များဖြည့်ထားသည့် ဒုံးကျည် ၂၅၀၀ ခန့်တွေ့ရှိ



**ဘဂ္ဂဒက် ဇူလိုင် ၉**

အိုင်ဆစ်အဖွဲ့အစည်းက ဦးဆောင်သော ဆွန်နီသူပုန်များက ဘဂ္ဂဒက်မြို့တော်အနောက်မြောက်ပိုင်းရှိ ဧရာမဓာတု လက်နက်စက်ရုံဟောင်းကို ထိန်းချုပ်ထားပြီဖြစ်ကြောင်း အီရတ်တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အင်္ဂါနေ့က ကုလသမဂ္ဂသို့ပေးပို့သော စာတစ်စောင်တွင် သေစေနိုင်လောက်သော ဆာရင်းဓာတ်ငွေ့များဖြည့်တင်းထားသော ဒုံးကျည် ၂၅၀၀ အီရတ်၌ ရှိနေဆဲဖြစ်ကြောင်း၊ မူတန်နာအမည်ရှိ အဆိုပါစက်ရုံ၌ အခြားသောသေစေနိုင်သည့် ဓာတုလက်နက်ပစ္စည်းများနှင့်အတူ ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

အကြမ်းဖက်လက်နက်ကိုင်အုပ်စုများသည် မူတန်နာဓာတုလက်နက်ထားရှိရာနေရာသို့ ဇွန် ၁၁ ရက်က ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း၊ ယင်းအဆောက်အအုံကို စောင့်ကြပ်သော အရာရှိများနှင့်အီရတ်တပ်ဖွဲ့ဝင်များကိုလည်း ဖမ်းဆီးသွားကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရတ်သံအမတ်ကြီး မိုဟာမက်အလီအယ်လ်ဟာကင်တာက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ စာတစ်စောင်ရေးသားပေးပို့ခဲ့သည်။

အီရတ်နိုင်ငံအနေဖြင့် လုံခြုံရေးအခြေအနေကြောင့် အဆိုပါ ဓာတုလက်နက်များ ဖျက်ဆီးပစ်ရန် မတတ်နိုင်တော့ကြောင်း ၎င်းက စာတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်များတွင် အလွန်အဆိပ်အတောက်ပြင်းထန်သော ဆိုဒီယမ်ဆိုင်ယာနိုက်တန်ချိန် ၁၈၀ ခန့်ဖြည့်သွင်းထားသည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# နိုင်ငံသူနိုင်ငံသားအားလုံး အသိပညာ၊ အတတ်ပညာများရှိမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်မည့်ခေတ်မီနိုင်ငံဖြစ်လာမည်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်ရေးဆွဲသည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လာကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပညာခေတ်ကို ကူးပြောင်းရောက်ရှိနေပြီဖြစ်သည့်အတွက် ကမ္ဘာပေါ်တွင် နိုင်ငံသူ နိုင်ငံသားအားလုံး အသိပညာ၊ အတတ်ပညာများရှိမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်မည့် ခေတ်မီနိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဆိုသည်ကို သိရှိကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတိုင်းသည် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်၊ မိမိတိုင်းပြည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၊ လူကောင်းလူတော်များကို အပြိုင်အဆိုင်ပြုစုပျိုးထောင်နေကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသော တပ်မတော် (ကြည်း၊ ရေ၊ လေ) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သား သမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခံရသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ဆုရစစ်သည်များ၊ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အနေဖြင့် တစ်နိုင်ငံလုံးပျမ်းမျှ ၃၁ ဒသမ ၆၇ ရာခိုင်နှုန်းရှိပြီး တပ်မတော်အခြေခံပညာ အထက်တန်းကျောင်း ၂၉ ကျောင်း၏အောင်ချက်မှာ ပျမ်းမျှ ၃၅ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း။

တပ်မတော်အထက်တန်းကျောင်းများ၊ တပ်မတော်ပညာရေးကျောင်းများ၊ တပ်တွင်းကျောင်းများအနေဖြင့် ပိုမိုတိုးတက်အောင်မြင်မှုရရှိစေရေး၊ စံနမူနာပြဖြစ်စေရေး တာဝန်ရှိသူအားလုံးက ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်အဝနှင့် တပ်မတော်ထဲကို ဝင်ရောက်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာမသင်ခဲ့ရသည့် စစ်သည်များ၊ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသည့် တပ်မတော်သားများကို တပ်မတော်ပညာရေးကျောင်းများတွင် အခြေခံပညာ အထက်တန်းအောင်သည်အထိ ၎င်းတို့၏မိဘများကိုယ်စား ပညာအမွေပေးခြင်းဖြင့် တပ်မတော်သားများ၏ဘဝ တိုးတက်လာမည်ဖြစ် သကဲ့သို့ နိုင်ငံတကာအဆင့်မီ တပ်မတော် (Standard Army) တည်ဆောက်ရာတွင်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

အဆင့်မြင့်ပညာများကို ဆက်လက်လေ့လာသင်ယူရာတွင် ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုနှင့်အတူ ကိုယ်ကျင့်တရားကောင်းမွန်စွာ ကြိုးစားဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တက္ကသိုလ်တက်ရောက်ချိန်တွင်လည်း မိမိကိုယ်ကို ထိန်းသိမ်းပြီး မိမိရည်မှန်းချက်ပန်းတိုင်မပျောက်အောင် ကြိုးစားကြရန်နှင့် ညီရင်းအစ်ကို မောင်နှမအရင်းအချာကဲ့သို့ သဘောထားကာ အချင်းချင်း ဖေးမကူညီသွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သားမိဘများအနေဖြင့် သားသမီးများကို ပေးနိုင်သည့် အမွေသည် ပညာအမွေပင်ဖြစ်ပါကြောင်း၊ သားသမီးများပညာရည်ကောင်းမွန် တိုးတက်ရန်အတွက် မိဘများက သားသမီးများပညာရေးကို အထူးအားပေးရန် လိုအပ်သကဲ့သို့ ဆရာ ဆရာမများကလည်း စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာနှင့်အညီ အတန်းပညာကိုသာမက အသိပညာကိုပါ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနေဖြင့် "ကျောင်းသား ကျောင်းသူများအား ကျောင်းစာသင်ခန်းအတွင်းမှာပင် အမှန်တကယ် တတ်မြောက်အောင် သင်ကြားရေး"ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမူဝါဒကို မိဘ၊ ဆရာ၊ ကျောင်းသားနှင့် တာဝန်ရှိသူများ ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ မောင်ဇင်မျိုးတင်အားဆုပေးအပ်စဉ်။** (မြဝတီ)

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အခြေခံပညာအထက်တန်းကျောင်း၊ တပ်မတော် ပညာရေးကျောင်းများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ)မှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိအားလည်းကောင်း၊ ဒုတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)မှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိအားလည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းအုပ်ကြီးအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံး ပထမဆုရရှိသော အမှတ်(၉)ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအားလည်းကောင်း၊ ဒုတိယဆုရရှိသော အမှတ်(၂) ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအားလည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၆)ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် နိုင်ငံတော်အဆင့်ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများအားလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်က ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများအားလည်းကောင်း၊ တာဝန်ရှိသူများက ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများ၊ အဆင့်မြင့်ပညာ၊ အဆင့်မြင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ် ပညာသင်ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကြသည်။

ယနေ့ကျင်းပသော ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၃-



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခြောက်ဘာသာဂုဏ်ထူးရရှိသူ မောင်ထွန်းဝင်းအောင်အား ဆုပေးအပ်စဉ်။** (မြဝတီ)

၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော်ပညာရေးကျောင်း သုံးကျောင်းတို့ကိုလည်းကောင်း၊ တစ်ဘာသာ ဂုဏ်ထူးနှင့်အထက်ရရှိကြသော စစ်သည်များမှ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး စုစုပေါင်း စစ်သည် ၁၃ ဦး၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများဖြစ်သော ခြောက်ဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၆၉ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄၉ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သူတစ်ဦး စုစုပေါင်း ၃၇၅ ဦးတို့ကိုလည်းကောင်း၊ နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀ နှင့် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရရှိသူတစ်ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးပြိုင်ပွဲ ပထမဆုရရှိသူတစ်ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးပြိုင်ပွဲ ဒုတိယဆုရရှိသူတစ်ဦးတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာသင်ဆုရရှိသော တပ်မတော်သားမိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီး ၆၉ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ကျောင်းသား ကျောင်းသူ သုံးဦး စုစုပေါင်း ၇၂ ဦးတို့အားလည်းကောင်း၊ စုစုပေါင်း ၄၈၀ အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး Win & Win Company မှလည်း စက်ဘီးအစီး ၄၈၀ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့အပြင် ယနေ့ ပညာရည်မြှင့်တင်မှု ဂုဏ်ပြုအခမ်းအနားတွင် ပညာဒါန စေတနာရှင် အလှူရှင်များက လှူဒါန်း ငွေများဖြင့် ဂုဏ်ထူးရစစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ စုစုပေါင်း ၁၂၈၅ ဦးတို့အား ဂုဏ်ထူးတစ်ဘာသာလျှင် ဂုဏ်ပြုငွေကျပ် တစ်သိန်းနှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။ **(မြဝတီ)**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**
**ရခိုင်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စစ်တွေမြို့**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နယ် ခုတင် ၅၀ဆံ့ တိုင်းရင်းဆေးရုံ နှစ်ထပ်တိုးချဲ့တည်ဆောက်ခြင်းနှင့် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၅-၇-၂၀၁၄ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ရခိုင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၄၃-၂၁၂၅၅၊ ၀၉-၂၅၀၁၂၃၉၄၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**အမည်ပြောင်း**

ဦးမျိုးသူရအောင်၏သား သံတွဲကျွန်းမြို့နယ်၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (က) ကျောင်းဝင်နံပါတ် ၄၁၇/၁၄၌ ပညာသင်ကြားနေသော မောင်ဇေယျာထက်အား မောင်သူရထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်အတွင်းရှိ အထူးစီမံကိန်းကြီးအဖွဲ့(၁)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ချောင်းမ-လင်းကတော-ပခုက္ကူလမ်း(ချောင်းမ-ယင်းမာပင်အပိုင်း) လမ်းတံတားလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| (၁) | မြေကြီး | ၄၇၆၆၁ | ကျင်း |
| (၂) | ၁/၄" - ၃/၄" ခွဲကျောက် | ၁၅၂ | ကျင်း |
| (၃) | ၆"×၉" ကျောက်ကြီး | ၂၅၁ | ကျင်း |
| (၄) | သဲ | ၁၂၅ | ကျင်း |
| (၅) | တောသစ် | ၃၃.၀၆ | တန် |

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၆-၇-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ကနီမြို့နယ်၊ ချောင်းမကျေးရွာ၊ အင်ဂျင်နီယာမှူးရုံးတွင် ၁၀-၇-၂၀၁၄ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ယင်းမာပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဖုန်း-၀၉-၆၈၁၈၅၆၇၊ ၀၉-၄၃၂၀၈၁၇၁**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေး အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေး

အခုတလော သတင်းမီဒီယာတွေမှာ ရေးသားဖော်ပြနေကြတဲ့အကြောင်းအရာတွေအနက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စရပ်ဟာလည်း လူအများ စိတ်ဝင်စားတဲ့အကြောင်းအရာတစ်ခုပဲဖြစ်ပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်ပြီး ရေးသားပြောဆိုမှုတွေဟာ ကျယ်ကျယ်လောင်လောင်ရှိလာပါတယ်။ ထိုင်းနိုင်ငံမှာ တပ်မတော်က အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့ပြီးနောက် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးဟာ ရှေ့တန်းကိုရောက်လာတယ်လို့ဆိုနိုင်ပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးနဲ့ပတ်သက်ပြီး ရေးသားမှုတွေအနက် ဇွန်လ ၁၈ ရက်နေ့ထုတ် The Myanmar Post ဂျာနယ် အမှတ် (၂၀) မှာပါရှိတဲ့ ဆောင်းပါးရှင် ကျော်သောင်း (ဗန်ကောက်) ရဲ့ **“ချွတ်ချော်တဲ့ လွှတ်တော်နဲ့တော့ ခက်ရချေရဲ့”** ဆိုတဲ့ ဆောင်းပါးဟာလည်း ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးကိစ္စကို မီးမောင်းထိုးပြထားတယ်လို့ ဆိုနိုင်ပါတယ်။ ဆောင်းပါးရှင်ရဲ့ ရည်ရွယ်ချက်ကောင်းမွန်ပေမယ့် ရေးသားချက်အချို့ဟာ လိုရာဆွဲရေးထားတာကို သတိထားမိပါတယ်။ ဆောင်းပါးရှင်ရဲ့ ရေးသားချက်တွေကို ခြုံကြည့်လိုက်ရင် အစိုးရသစ်လက်ထက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေအပေါ် အသိအမှတ်မပြုဘဲ မိမိဖြစ်စေချင်တာတွေကိုပဲ တစ်ဖက်သတ်အမြင်နဲ့ ရေးသားတင်ပြထားတာတွေ့ရပါတယ်။ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးပြဿနာဟာ တစ်ဦးတည်း၊ တစ်ဖွဲ့တည်းက နေ့ချင်းညချင်းဆောင်ရွက်ပေးလို့ပြေလည်သွားနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအပါအဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးမှာ ဆက်စပ်နေတဲ့တာဝန်ရှိသူ အားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ရမယ့်ကိစ္စရပ်ဖြစ်ပါတယ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ဆောင်းပါးရှင်ပြောသလို ပန်းရောင်ကတ်ကို မြန်မာနိုင်ငံအနေနဲ့ ထုတ်မပေးဖူးပါဘူး။ ယာယီနိုင်ငံကူးလက်မှတ် (အနီရောင်)၊ ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြား (အစိမ်းရောင်)၊ Machine Readable Passport ယာယီနိုင်ငံကူးလက်မှတ်(ခရမ်းရောင်)နဲ့ Machine Readable Card ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြားတွေကိုသာထုတ်ပေးထားပါတယ်။

ထိုင်းနိုင်ငံမှာရောက်ရှိနေတဲ့ မြန်မာအလုပ်သမားတွေ လွယ်ကူချောမွေ့စွာ အထောက်အထားရရှိနိုင်ရေးအတွက် ယခင်က နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်ကို မျက်မြင်စစ်ဆေးပြီး ယာယီနိုင်ငံကူးလက်မှတ်တွေကို ထုတ်ပေးခဲ့ပါတယ်။ အဲ့ဒီ ယာယီနိုင်ငံကူးလက်မှတ်ဟာ ထိုင်းနိုင်ငံတစ်ခုတည်းအတွက်သာဖြစ်ပြီး အခြားမည်သည့်နိုင်ငံကိုမှ သွားရောက်နိုင်ခြင်းမရှိဘူးဆိုတာကိုတော့ သတိပြုရပါလိမ့်မယ်။

အခုနောက်ပိုင်းမှာ နိုင်ငံသားအားလုံး နိုင်ငံသားအခွင့်အရေးရသင့်တဲ့အတွက် ပြည်ပရောက် မြန်မာနိုင်ငံသားတွေကိုလည်း သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုသာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရမှာဖြစ်တဲ့အတွက် သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရမယ့်သူတွေကို မထုတ်ပေးမီ နိုင်ငံသားတစ်ဦးဖြစ်ကြောင်း အထောက်အထားတွေဖြစ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်နဲ့ အိမ်ထောင်စုစာရင်းတို့ဖြင့် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ရတာကို နားလည်ပေးရမှာပဲဖြစ်ပါတယ်။ ဥပဒေမဲ့ လုပ်လို့မရဘူးဆိုတာကိုလည်း လက်ခံရမှာဖြစ်ပါတယ်။

ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ မိမိတို့နေရပ်ဒေသကိုပြန်ပြီး နိုင်ငံသားအထောက်အထားလွယ်ကူစွာပြုလုပ်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ နိုင်ငံသားအထောက်အထားပြုလုပ်ဖို့ မြန်မာပြည်တွင်းကိုပြန်လာတဲ့ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ နိုင်ငံကူးလက်မှတ်ကို လွယ်ကူစွာဆောင်ရွက်နိုင်ဖို့အတွက် မြန်မာ-ထိုင်းနယ်စပ်မြို့တွေဖြစ်တဲ့ တာချီလိတ်၊ မြဝတီနဲ့ ကော့သောင်းမြို့တွေမှာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွေ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးဦးဆောင်တဲ့ တာဝန်ရှိသူတွေအနေနဲ့ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ကို သွားရောက်ခဲ့တဲ့အခါမှာအဲ့ဒီနိုင်ငံတွေမှာရှိတဲ့ မြန်မာအလုပ်သမားများအရေး လိုက်လံဆောင်ရွက်ပေးနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးအမြင်ချင်းဖလှယ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးကို အားလုံးပူးပေါင်းညှိနှိုင်းဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အကျိုးစီးပွားကိုမျှော်ကိုးပြီး အမှန်တကယ်ဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းတွေကလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ လာရောက်တွေ့ဆုံပြီး အလုပ်သမားတွေအတွက် ဆောင်ရွက်ပေးစေလိုတဲ့ကိစ္စရပ်တွေကို အပြုသဘောနဲ့ ဆွေးနွေးခဲ့ကြပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်ပြီး အလုပ်သမားတွေရဲ့နစ်နာချက်တွေ၊ လိုအပ်ချက်တွေကို နှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးတွေမှာ တောင်းဆိုဆွေးနွေးခဲ့တဲ့အပြင် သက်ဆိုင်ရာဌာနတွေကိုလည်း စာပေးပို့ပြီး တောင်းဆိုညှိနှိုင်းမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိနိုင်ငံသားတွေရဲ့အရေးကို ဆောင်ရွက်ပေးတာဆိုပေမယ့် နှစ်နိုင်ငံသံတမန်နည်းလမ်းတွေအရ ညှိနှိုင်းဆောင်ရွက်ရတာဖြစ်လို့ သက်ဆိုင်ရာ နိုင်ငံကချမှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကိုကျော်လွန်ပြီး ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် အကောင်းဆုံးနည်းလမ်းတွေကိုရှာဖွေပြီး မိမိတို့ နိုင်ငံသားတွေရဲ့အကျိုးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးနေတယ်ဆိုတာကို သဘောပေါက်ကြဖို့လိုပါတယ်။

> **“ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ မိမိတို့နေရပ်ဒေသကိုပြန်ပြီး နိုင်ငံသားအထောက်အထားလွယ်ကူစွာ ပြုလုပ်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ထား”**

ထိုင်းနိုင်ငံကို အလည်ဗီဇာနဲ့ ပတ်စပို့လုပ်ပြီး သွားနေကြတဲ့ကိစ္စနဲ့ပတ်သက်လို့ နိုင်ငံသားမှန်ကန်ရင်မည်သူမဆို နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ပြည်ပနိုင်ငံကို သွားရောက်အလုပ်လုပ်သူတွေဟာနိုင်ငံကူးလက်မှတ်လျှောက်ထားတဲ့နေရာမှာ PV(Visit Passport)ဖြင့် မလျှောက်ထားဘဲ PJ (job Passport)ဖြင့်သာ လျှောက်ထားဖို့ အသိပေးကြေညာထားပြီးဖြစ်ပါတယ်။ မသိနားမလည်ဘဲ ပွဲစားတွေရဲ့စကားကို ယုံကြည်ပြီး လုပ်ဆောင်နေခြင်းကြောင့် မလိုလားအပ်တဲ့ပြဿနာတွေ ကြုံတွေ့နေရခြင်းပဲဖြစ်ပါတယ်။

ဆောင်းပါးမှာပါရှိတဲ့ MoU ပြဿနာနဲ့ပတ်သက်ပြီးပြောရရင် MoU နဲ့စေလွှတ်တဲ့ အလုပ်သမားတွေဟာ စာချုပ်ပါစည်းကမ်းချက်များအတိုင်း အကျိုးခံစားခွင့်မရခဲ့ရင် အလုပ်သမားသံအရာရှိနဲ့သက်ဆိုင်ရာဌာနတွေကို တိုင်ကြားနိုင်ဖို့အလုပ်သမားတွေ မြန်မာနိုင်ငံကမထွက်ခွာမီကတည်းက သတင်းအချက်အလက်ပေးခြင်း၊ အလုပ်သမားသံအရာရှိ၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲနဲ့ တာဝန်ယူစေလွှတ်တဲ့ အေဂျင်စီတို့ရဲ့လိပ်စာနဲ့ဖုန်းနံပါတ်တွေပါတဲ့ လည်ဆွဲကတ်၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ IOM နဲ့ဝန်ကြီးဌာနတို့က ပူးပေါင်းထုတ်ဝေတဲ့ လက်ကမ်းစာစောင်တွေကို ဖြန့်ဝေပေးလျက်ရှိပါတယ်။

MoU နဲ့သွားရောက်တဲ့အလုပ်သမားတွေဟာ တရားမဝင်သွားရောက်တဲ့ အလုပ်သမားတွေထက် အကျိုးခံစားခွင့်အပြည့်အဝရရှိခြင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမယ့် အေဂျင်စီရှိခြင်း၊ အလုပ်သမားသံအရာရှိနဲ့ သက်ဆိုင်ရာဌာနတွေက အလုပ်သမားတွေရဲ့ အကျိုးခံစားခွင့်အတွက် အလုပ်ရှင်ထံတောင်းဆိုရာမှာ ပိုမိုလွယ်ကူမြန်ဆန်ခြင်း၊ ပွဲစားတွေခေါင်းပုံဖြတ်ဖို့ ခက်ခဲခြင်း၊ ဝင်ရောက်စွက်ဖက်ခြယ်လှယ်ဖို့ ခက်ခဲခြင်း စတဲ့ အားသာချက်တွေ ရှိပါတယ်။

**စနေသား**

MoU လုပ်ငန်းစဉ်အောင်မြင်လာတာနဲ့အမျှ ထိုင်းနိုင်ငံကို လူကုန်ကူးခြင်းနဲ့ လူမှောင်ခိုကူးခြင်း လုပ်ကိုင်နေသူတွေက NGO အယောင်ဆောင်ခြင်း၊ အလုပ်သမားအရေးဆောင်ရွက်နေသူများအဖြစ် အယောင်ဆောင်ခြင်းတို့ဖြင့် ဝင်ရောက်နှောင့်ယှက်လျက်ရှိပါတယ်။ သူတို့ဟာအမြတ်ကြီးစားဝင်လုပ်ဖို့နဲ့MoU လုပ်ငန်းစဉ်ပျက်စီးဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ လုပ်ကြံသတင်းတွေ၊ အဖြစ်မှန်ထက် ပုံကြီးချဲ့တဲ့သတင်းတွေကို ရေးသားဆောင်ရွက်နေကြပါတယ်။

MoU နဲ့သွားရောက်အလုပ်လုပ်ကိုင်တဲ့ အလုပ်သမားတွေအနေနဲ့ စာချုပ်ပါသက်တမ်းအတိုင်း သတ်မှတ်ထားတဲ့ အလုပ်နေရာတွေမှာသာ အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ တကယ်လို့အဲ့ဒီမှာ အလုပ်လုပ်ရတာ အဆင်မပြေဘူးဆိုရင် အလုပ်သမားသံအရာရှိကိုပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာအေဂျင်စီကိုပဲဖြစ်ဖြစ်အကြောင်းကြားပြီး သူတို့ရဲ့အစီအစဉ်နဲ့သာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အလုပ်သမားတွေအနေနဲ့ မိမိအစီအစဉ်နဲ့ပဲဖြစ်ဖြစ်၊ ပွဲစားတွေရဲ့စီစဉ်ပေးမှုနဲ့ပဲဖြစ်ဖြစ် အလုပ်ပြောင်းလဲလုပ်ကိုင်လို့ Work Permit နဲ့ အလုပ်ရှင်ကွဲလွဲသွားခဲ့ရင် တရားမဝင်အလုပ်သမားအဖြစ် ရောက်ရှိသွားမှာဖြစ်ပါတယ်။ တရားမဝင်အလုပ်သမားဖြစ်သွားရင် ထိုင်းရဲတွေရဲ့ ဖမ်းဆီးခြင်းကို ခံရမှာဖြစ်ပါတယ်။

အဲဒီလို ပွဲစားတွေနဲ့ဆက်သွယ်ဆောင်ရွက်မိပြီး အလုပ်သမားတွေ ဒုက္ခမကြုံတွေ့ရစေဖို့အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ အေဂျင်စီတွေကို ပွဲစားတွေနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဖို့ တင်းကျပ်စွာညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ညွှန်ကြားချက်ကို မလိုက်နာကြောင်း စစ်ဆေးတွေ့ရှိရင် လိုင်စင်ရုပ်သိမ်းတဲ့အထိ ထိရောက်စွာဆောင်ရွက်လျက်ရှိပါတယ်။

ထိုင်းနိုင်ငံကို မြန်မာအလုပ်သမားများ စေလွှတ်တဲ့ကိစ္စနဲ့ပတ်သက်လို့လည်း ထိုင်းနိုင်ငံ၊ အလုပ်အကိုင်ဌာနကတစ်ဆင့် တာဝန်ယူတဲ့ထောက်ခံချက်၊ အလုပ်ရှင်ရဲ့ ကတိဝန်ခံချက်နဲ့ ထောက်ခံချက်တွေပါရှိမှသာ ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါပေမယ့် ထောက်ခံချက်တွေဘယ်လောက်ပဲပါစေကာမူ အလုပ်သမားတွေရဲ့ လုံခြုံမှုအပြည့်အဝမပေးနိုင်တဲ့ ထိုင်းနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ဟတ်ရိုင်ခရိုင်တောင်ပိုင်းကိုတော့ စေလွှတ်ခွင့်မပြုဖို့တားမြစ်ထားပါတယ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ဆက်စပ်နေတဲ့ လူကုန်ကူးခံရသူတွေရဲ့ အရေးကိစ္စနဲ့ပတ်သက်လို့ကတော့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိတာကြောင့် အထူးမပြောလိုတော့ပါဘူး၊

ဆောင်းပါးရှင်ပြောသလို သန်းနဲ့ချီရှိတဲ့အလုပ်သမားတွေကို ကူညီဖြေရှင်းပေးဖို့ဆိုတာ အလုပ်သမားသံအရာရှိတစ်ဦးတည်းနဲ့ ဆောင်ရွက်ဖို့ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စရပ်မဟုတ်ဘူးဆိုတာကိုတော့ လက်ခံရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်းအထက်မှာပြောခဲ့သလို မြန်မာရွှေ့ပြောင်းအလုပ်သမားအရေးဟာ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နှစ်ဦးနှစ်ဖက်အခက်အခဲတွေကို နားလည်မှုပေးပြီး အပြန်အလှန်ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ စနစ်ကျတဲ့လုပ်ငန်းစဉ်ကို ဖော်ဆောင်နေခြင်းပဲဖြစ်ပါတယ်။

မကြာသေးခင်ကပဲ ထိုင်းအာဏာသိမ်းတပ်မတော်အစိုးရဖြစ်တဲ့ အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (NCPO)အဖွဲ့က နိုင်ငံခြားသားတရားမဝင်အလုပ်သမားတွေနဲ့ လူကုန်ကူးမှုပြဿနာဖြေရှင်းရေးယာယီစီမံချက်ကို ထုတ်ပြန်လိုက်ပြီဖြစ်လို့ ထိုင်းနိုင်ငံမှာသွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ အဲ့ဒီကြေညာချက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရမယ့်အခြေအနေမှာ ရှိနေပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း မြန်မာအလုပ်သမားတွေအနေနဲ့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနဲ့ အလုပ်သမားသံအရာရှိတို့ကို ဆက်သွယ်ပြီး သတင်းပို့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးနဲ့ပတ်သက်ပြီး ပြဿနာတွေရှိနေဦးမှာဖြစ်ပေမယ့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ဝိုင်းဝန်းအကြံပြုဆွေးနွေးလာမှုတွေအပေါ် လက်ကမ်းကြိုဆိုပြီး လက်တွဲပူးပေါင်းဆောင်ရွက်သွားခြင်းအားဖြင့် မကြာခင်ကာလမှာ ပြဿနာတွေ လျော့နည်းသွားမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# လုပ်ကွက်ငယ် တောင်သူများအတွက် ဂျပန်နိုင်ငံမှ ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များထောက်ပံ့

**နေပြည်တော် ဇူလိုင် ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇူလိုင် ၇ ရက် ညနေ ၃ နာရီက ဟိုတယ်ဇုန်အနီး တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စက်မှုလယ်ယာစိုက်ကွင်း၌ ဂျပန်နိုင်ငံမှ လုပ်ကွက်ငယ်တောင်သူများအတွက် “ 2nd Canady Round Project ” အထောက်အပံ့အစီအစဉ်အဖြစ် စားရေရိက္ခာဖူလုံရေးအတွက် ဆန်စပါးထုတ်လုပ်မှုမြှင့်တင်နိုင်ရန် ကူညီပေးသည့်အနေဖြင့် ပထမအသုတ် ရောက်ရှိလာသော လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် ကူဘိုတာအမျိုးအစား ထွန်စက်များ၊ ရှီဘူရာ(Shibaura) အမျိုးအစား ထွန်စက်များ၊ DC-70 G အမျိုးအစား ရိတ်သိမ်းခြွေလှေ့စက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ကွက်ငယ် တောင်သူလယ်သမားများလက်ဝယ်သို့ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းခွင်၌ တာဝန်ရှိသူများအား လိုအပ်သည်များ စနစ်တကျစီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိ မြန်မာ့လယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက်(MAPCO)မှ တည်ဆောက်လျက်ရှိသော တစ်နေ့တန် ၁၂၀ ကျပေါင်းဆန်စက်၊ တစ်နေ့တန် ၁၀၀ ကျဆန်ဖြူစက် စုစုပေါင်း တန် ၂၂၀ ကျ ဆန်စက်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အလျား ပေ ၁၈၀၊ အနံပေ ၈၀ ရှိ ဆန်စက်ပင်မအဆောက်အအုံ နှစ်လုံး တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ဆောက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မအဆောက်အအုံအမာခံတည်ဆောက်ပြီးစီးမှု၊ အမိုးများရောက်ရှိနေမှု၊ ဆန်စက်ပင်မအစိတ်အပိုင်းများ ရောက်ရှိနေမှု၊ စက်ရုံဝင်းအတွင်း ကွန်ကရစ်ပတ်လမ်း ဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ထရန်စဖော်မာ တပ်ဆင်ပြီးစီးခြင်းလုပ်ငန်းများနှင့် အရိပ်ရပင်၊ လေကာပင်များ ပျိုးထောင်ပြီး စိုက်ပျိုးရန်အသင့်ဖြစ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှု**

ယင်းနောက် ဆန်စက်အနီး အလျင်လိုကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း မိုးစပါးဧက ၄၄၀ စိုက်ကွင်း၌ ပျိုးထောင်ရေးနှင့် စိုက်ပျိုးရေရရှိရန် ငလိုက်လက်တံ အမှတ်(၁) မြောင်းမှ ရေများ အလုံအလောက်ဖြန့်ဝေပေးနေသဖြင့် မြောင်းခွဲအလိုက် ရေစီးဆင်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

လွှတ်တော်ရေးရာကဏ္ဍ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအားတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာပါလီမန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာအိချိရိုအအိစာဝါ ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ရှိန်နှင့်အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ရှိပြီးဖြစ်သည့် နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးမြှင့်တည်ဆောက်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာအိချိရို အအိစာဝါ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ■ ပြည်ထောင်စုလွှတ်တော်မှ

**ရခိုင်ပြည်နယ်** က ၁၀၈ ဒသမ ၂ ရာခိုင်နှုန်း၊ **ရန်ကုန်တိုင်းဒေသကြီး** က ၁၂၄ ဒသမ ၃ ရာခိုင်နှုန်း၊ **ရှမ်းပြည်နယ်** က ၁၂၆ ဒသမ ၃ ရာခိုင်နှုန်း၊ **ဧရာဝတီတိုင်းဒေသကြီး**က ၁၁၅ ဒသမ ၀ ရာခိုင်နှုန်း၊ **နေပြည်တော်ကောင်စီ** က ၁၁၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ကူညီမှုများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ယာဉ်နှင့် ရုံးသုံးပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း၊ အီတလီနိုင်ငံမှ မြန်မာနိုင်ငံတွင် တာဝန်သိခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ သန်း၊ ဂျပန်နိုင်ငံအစိုးရမှ ဗဟိုဘဏ်လုပ်ငန်း ICT နည်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံများတွင် ဆေးပစ္စည်းကိရိယာများ ပိုမိုကောင်းမွန်လာစေရေး၊ လှိုင်ကော်မြို့ဆေးရုံကြီးနှင့် လားရှိုးမြို့အထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ် လမ်းတံတား တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတွင် အသုံးပြုသည့်စက်ပစ္စည်းကိရိယာများ ပိုမိုကောင်းမွန်လာစေရေး၊ အစားအစာ လုံခြုံစိတ်ချမှုရှိစေရေး၊ ဗဟိုထိန်းချုပ်မှုစနစ်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ တပ်ဆင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာသင်ဆု၊ အကောက်ခွန်စနစ် ခေတ်မီရေးအတွက် အလိုအလျောက်ကုန်စည်စစ်ဆေးသည့်စနစ် ဆောင်ရွက်ရေး သဘာဝဘေးအန္တရာယ်ကြောင့် ပေါ်ပေါက်လာမည့်ရာသီဥတုအခြေအနေကို စောင့်ကြည့်ရေးစနစ်ထူထောင်ရေး၊ MRTV အစီအစဉ်နှင့် အသံလွှင့်တည်းဖြတ်ခြင်းဆိုင်ရာ စက်ပစ္စည်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဆင့်မြင့်အင်ဂျင်နီယာပညာရေးဖွံ့ဖြိုးတိုးတက်လာစေရေးစီမံချက်များအတွက် အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၀၄သန်း၊ ကိုရီးယားနိုင်ငံမှ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်မြှင့်တင်ပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်တုံ့ပြန်ရေးအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်း၊ နယူးဇီလန်နိုင်ငံမှ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ သန်း၊ ထိုင်းနိုင်ငံမှ ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၆ သန်း၊ အေဒီဘီက လျှပ်စစ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းရေးဆွဲရေးအတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၅ သန်း၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေး/လူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်မှ တုံ့ပြန်ရေးလုပ်ငန်း၊



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းဆွေးနွေးစဉ်။** (သတင်းစဉ်)

မြန်မာ့ဆင်သုတေသနလုပ်ငန်း၊ မြိုင်ဟေဝန်ဆင်စခန်းကို ပြုပြင်၍ ဆင်ထိန်းသိမ်းရေးစခန်း တည်ဆောက်ရေး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆ သန်းတို့ကို ပံ့ပိုးကူညီခဲ့ကြကြောင်း တင်ပြအပ်ပါကြောင်း။

ဒုတိယခြောက်လပတ်အတွင်း အဓိက ဆောင်ရွက်ပြီးစီးမှုများမှာ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ မလေးရှားနိုင်ငံ May Bank နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းစတင်ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပခြင်း၊ မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှု စတင်ဆောင်ရွက်ခြင်းနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအတွက် ဝန်ဆောင်မှုကိုယ်စားလှယ်များ ရွေးချယ်တာဝန်ပေးခြင်း၊ (၇)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပခြင်း၊ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2nd Myanmar Development Cooperation Forum-MDCF) ကျင်းပခြင်း၊ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဘဏ်ဖွင့်လှစ်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအား ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခြင်း၊ တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပခြင်း၊ ရုံးခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွင်ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေတို့ကို ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့အပြင် ဒုတိယဝန်ကြီးက မေခရိုစီးပွားရေးတိုးတက်မှုအခြေအနေ၊ စီးပွားရေးကဏ္ဍကြီးများဖြစ်သည့် လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှုတို့၏ တိုးတက်မှုအခြေအနေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ပြည်ပကုန်သွယ်မှုအခြေအနေ၊ ငွေရေးကြေးရေးအခြေအနေ၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

အစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီက ဦးစံပြည့်နှင့် ဒေါ်ခင်မွေးလွင်တို့က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်အကောင် အထည်ဖော်မှုအခြေအနေ၊ စီးပွားရေးကဏ္ဍများ၏ ပါဝင်မှု အချိုး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ဈေးနှုန်းများနှင့်ငွေကြေးဖောင်းပွမှုနှုန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းအမျိုးအစားအလိုက် မြန်မာနိုင်ငံသားနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပကုန်သွယ်ရေး အခြေအနေဖြစ်သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ် ပို့ကုန်အကောင်အထည် ဖော်နိုင်မှု အခြေအနေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ် သွင်းကုန် အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ကုန်သွယ်မှုပမာဏ၊ ကုန်သွယ်မှုပိုငွေ၊ လိုငွေ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒနှင့် ရသုံးမှန်းခြေစာရင်း ကဏ္ဍစီမံကိန်း၊ ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ၏သုံးသပ်ချက်၊ ဒေသန္တရစီမံကိန်းများတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် ပူးပေါင်းကော်မတီ၏ ထောက်ခံချက်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ် (၇/၂၀၁၄)**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသော ယနေ့ကာလတွင် ဥပဒေပြုရေး မဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်နှင့် သတင်းမီဒီယာ စတုတ္ထမဏ္ဍိုင်တို့ဖြစ်လာကာ အပြန်အလှန် ထိန်းညှိနေကြပြီဖြစ်ပါကြောင်း၊ သို့သော်လည်း အုပ်ချုပ်ရေးမဏ္ဍိုင် အစိုးရအနေဖြင့် နှစ်စဉ်ရေးဆွဲတင်ပြ အကောင်အထည်ဖော်နေသော အမျိုးသားစီမံကိန်းလုပ်ငန်းအပေါ် အမှန်ဖော်ဆောင်နိုင်မှုအခြေအနေ၊ အောင်မြင်မှု၊ မအောင်မြင်မှု၊ အားသာချက်၊ အားနည်းချက်များ ပါဝင်သော အစီရင်ခံစာတင်သွင်းနိုင်ခြင်း မရှိသေးကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းကိစ္စအတွက် ပြည်သူကိုတင်ပြရန် အဓိကတာဝန် ရှိသောအဖွဲ့အစည်းသည် ပြည်ထောင်စုလွှတ်တော်ဖြစ်သည်ဟု ခံယူရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်သည် ပြည်သူကို တာဝန်ခံထားသော အဖွဲ့အစည်းဖြစ်သောကြောင့် နှစ်စဉ်ပြည်သူကို တင်ပြချက် ထုတ်ပြန်ပေးရန် တာဝန်ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဒေသခံပြည်သူနှင့် လူမှုအဖွဲ့အစည်းများသိရှိအောင်ပွင့်လင်းမြင်သာမှုရှိရှိ ထုတ်ပြန်ကြေညာပေးမှ သာလျှင်လူထု၏ ပူးပေါင်းဆောင်ရွက်မှုရရှိကာ လုပ်ငန်းအောင်မြင်မည် ဖြစ်သည့်အပြင်ဘဏ္ဍာငွေလေလွင့် ဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်နိုင်မှသာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေး



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာ ခင်ရွှေ ဆွေးနွေးစဉ်။** (သတင်းစဉ်)

နှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများသည် အင်စတီကျူးရှင်း(Institution) ဆန်ဆန် အောင်မြင်ရှင်သန်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ခင်ရွှေက နိုင်ငံတော်အစိုးရအနေနှင့် အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ကာကွယ်ရေး၊ ပြည်ထဲရေးကိစ္စများကိုအရင်ထက်ပိုမိုသုံးစွဲလာသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့ သုံးစွဲမှုများကို လိုအပ်ချက်အရသုံးစွဲရသည်ဟု ယူဆပါကြောင်း၊ စီးပွားရေး ဝန်ကြီးဌာနဖြစ်သည့် စက်မှုဝန်ကြီးဌာနမှာ သိန်းပေါင်းများစွာအကုန်အကျခံပြီး တည်ဆောက်ခဲ့သည့် စက်ရုံအချို့ကို မလည်ပတ်နိုင်ဘဲ ရပ်ထားရပါကြောင်း၊ စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို ပြည်သူများသုံးစွဲမှု နည်းပါးပြီး ပြည်ပမှဝင်ရောက်လာသည့် ပစ္စည်းများကိုသာ သုံးစွဲနေကြသည်ကို တွေ့ရှိရပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ပထမခြောက်လပတ်အတွင်း သန်းပေါင်းများစွာ အရှုံးပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍အစိုးရအနေဖြင့် ထိန်းချုပ်ဆောင်ရွက်သင့်ပါကြောင်း၊ သတ္တုတွင်း ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက် တောင်းခံထားသည်ကို မတွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံသည် သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အတွက် ကျောက်စိမ်းတစ်ခုတည်းကိုသာ အားမကိုးဘဲ သတ္တုခဲမဖြူတို့ကို ငွေလုံးငွေရင်းတောင်းခံပြီး စံပြအနေဖြင့် လုပ်ဆောင်သင့်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း သုံးနှစ်အတွင်း တည်ဆောက်မှု ရပ်တန့်နေပါကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် မြေဈေးသည် အလွန်အမင်း မြင့်မားနေပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် စက်မှုဇုန်များ၊ မြေကွက်များ ဖော်ထုတ်သင့်ပါကြောင်း၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသည် အမြတ်ငွေ ရရှိလာမှုကို တွေ့ရှိရပါကြောင်း၊ ယင်း ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ ကို ဆက်လက်တိုးချဲ့နိုင်ရန် ဘတ်ဂျက် တင်တောင်းသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်က ဌာနအဖွဲ့အစည်းများက အောက်ခြေအဆင့်ထိ စိစစ်၍ ရေးဆွဲတင်ပြလာသော စီမံကိန်းများနှင့် စီမံကိန်းကို အခြေပြု၍နိုင်ငံတော်၏ဦးစားပေးမူဝါဒနှင့် ပြည်ထောင်စု၏ဘဏ္ဍာရေးငွေအရအသုံး အခြေအနေအရ ခွင့်ပြုနိုင်မည့် ဘဏ္ဍာငွေများကို အချိတ်အဆက် မိမိဖြင့် ဆောင်ရွက်ရမည်ဖြစ်သည့် အတွက် အမျိုးသားစီမံကိန်းနှင့်စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှစ်ဦးအား ဗြိတိန်နိုင်ငံ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့အား ဗြိတိန်နိုင်ငံ Inter Mediate အဖွဲ့ အမှုဆောင်အရာရှိချုပ်နှင့် တည်ထောင်သူ Mr. Jonathan Powell နှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင် (I-1)၌ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

❀ ***ရှေ့ဖုံးမှ***

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့က ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စု



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့က ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့က ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)





ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထော
ဦးထွန်းထွန်းဦ
ဝါဆိုသင်္ကန်းနှ
ဆက်ကပ်လှူ

တပ်မတေ
ဦးစီးချုပ်
မင်းအောင်လှိုင
ကြူလှတို့က
ဝါဆိုသင်္ကန်းနှ
ဆက်ကပ်လှူ

# မြန်မာ့သစ်မွှေး ဆေးသွင်းအောင်မြင် ပြည်ပသစ်မွှေးပညာရှင်များ နည်းပညာဖလှယ်စမ်းသပ်မည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း) ➤ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံ၌ နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းရှင်များအကြား နှစ်အနည်းငယ်အတွင်း လူသိများလာပြီး တွင်ကျယ်စွာစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာသည့် အကျော်ပင် သို့မဟုတ် မြန်မာ့သစ်မွှေးပင်ကို ဆေးသွင်း၍ သစ်မွှေးဖြစ်တည်အောင်မြင်မှုကို ယခုအခါ ပြည်ပသစ်မွှေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှုရှိလာပြီး နည်းပညာစမ်းသပ်ဖလှယ်မှုများ လာရောက်ပြုလုပ်တော့မည်ဖြစ်ကြောင်း သစ်မွှေးလုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံတွင် အဖိုးအနဂ္ဃထိုက်တန်သည့် မြန်မာ့သစ်မွှေးကို ယခင်က ကချင်ပြည်နယ်တစ်ဝိုက်တွင်သာ လူသိများထင်ရှားခဲ့ပြီး ၂၀၀၇ ခုနှစ်ရောက်မှသာ မြန်မာနိုင်ငံမြေပြန့်ဒေသအပါအဝင် နိုင်ငံတစ်ဝန်း လူသိများလာပြီး နှစ်ရှည်စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ပိုမိုစိုက်ပျိုးလာကြသည်။ အခြားအိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် သစ်မွှေးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့်အပြင် သစ်မွှေးပင်မှ ဆေးသွင်းအဆီထုတ်သည့်လုပ်ငန်းကိုပင် စီးပွားဖြစ်တွင်ကျယ်စွာလုပ်ကိုင်နေသည်မှာ ဆယ်စုနှစ်ကျော်တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအနေဖြင့် သစ်မွှေးဖြစ်တည်ရန် ဆေးသွင်းမှုလုပ်ငန်းများကို အိမ်နီးချင်းပြည်ပနိုင်ငံများမှ မှိုပါဝင်သည့်ဆေးကိုဝယ်ယူအသုံးပြု ထိုးသွင်းခဲ့ကြသည်။ ပြည်ပအိမ်နီးချင်းနိုင်ငံများမှ အဆိုပါဆေးဝယ်ယူထိုးသွင်းစမ်းသပ်မှုကို မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအနေဖြင့် ၂၀၁၂ ခုနှစ်က စတင်စမ်းသပ်ခဲ့သော်လည်း သစ်မွှေးဖြစ်တည်မှုနည်းပါး၍ ထင်သလောက် အောင်မြင်မှုမရရှိခဲ့သည်ကို တွေ့ရသည်။ ယခုအခါ မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအနေဖြင့် Phaeoacrimoniun Parpasitica မှိုပါဝင်သည့်ဆေးကို စပ်းသပ်ထိုးသွင်းရာတွင် အောင်မြင်မှုရရှိနေပြီဖြစ်၍ ပြည်ပသစ်မွှေးလုပ်ငန်းပညာရှင်များ ဖြစ်သည့်ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ သစ်မွှေးပညာရှင်များ နည်းပညာလာရောက် ဖလှယ်စမ်းသပ်မှုများ မကြာမီပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာ့သစ်မွှေးလုပ်ငန်းရှင်တွေအနေနဲ့ အခုဆိုရင် စိုက်ပျိုးမှုရော သစ်မွှေးဆေးသွင်းအောင်မြင်ဖြစ်ထွန်းမှုရော အတော်ကို အောင်မြင်နေပြီ။ အခုဆိုရင် သစ်မွှေးနဲ့ နာမည်ကြီးနေတဲ့ ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံတွေက သစ်မွှေးပညာရှင်တွေ ကျွန်တော်တို့ဆီက သစ်မွှေးဖြစ်တည်အောင်မြင်မှုကို သိရှိပြီး မကြာမီနည်းပညာချင်းလာရောက်ဖလှယ်ဖို့ ကမ်းလှမ်းထားတယ်။ သူတို့ဆီမှာက သစ်မွှေးဆီကို စက်ရုံကြီးတွေနဲ့ ထုတ်လုပ်အောင်မြင်နေတာကြာပြီ။ ထိုင်းဆိုရင် အခုသစ်မွှေးဆီကို စီးပွားရေးဈေးကွက်အနေနဲ့ ပြည်ပနိုင်ငံတွေကို တော်တော်ကို ထိုးဖောက်နိုင်နေပြီ။ ဒါပေမယ့် သူတို့ဆီမှာက သစ်မွှေးဖြစ်တည်မှု အခုလိုကျွန်တော်တို့ဆီက လောက်အောင်မြင်မှုမရကြဘူး။ အခုဆိုရင် ကျွန်တော်တို့ဆီမှာ သစ်မွှေးပင်ကို ဆေးသွင်းပြီးတာနဲ့ သစ်မွှေးဖြစ်တည်မှုတစ်ပင်လုံးအထိ ပျံ့နှံ့တယ်ဆိုတာကို သူတို့သိသွားပြီ။ ဒီဆေးကို ကျွန်တော်နဲ့ ချင်းပြည်နယ်က သစ်မွှေးပညာရှင်တစ်ဦးနဲ့ ပေါင်းစပ်တိုင်ပင်ပြီး ဖော်စပ်ထားတာ။ အရင် ပြည်ပနိုင်ငံတွေကဆေးကို ထိုးသွင်းစမ်းသပ်ခဲ့သေးတယ်။ သစ်မွှေးဖြစ်တည်မှု ဒီလောက်မအောင်မြင်ခဲ့ဘူး" ဟု လှည်းကူးမြို့နယ် မင်းကုန်းရွာအလွန်ရှိ ပွင့်ဦးသစ်မွှေးစိုက်ခင်းပိုင်ရှင် ကိုအောင်ဇော်ရှိန်က ပြောကြားသည်။ ယနေ့ ကမ္ဘာ့သစ်မွှေးဈေးကွက်တွင် သစ်မွှေးစ တစ်ကီလိုဂရမ်လျှင် အဆီ နှစ်စီစီ ရရှိသည်။ ကမ္ဘာ့သစ်မွှေးဆီပေါက်ဈေးသည် တစ်စီစီတွင် ငွေကျပ် ၇၅၀၀၀ ဖြင့် ဝယ်ယူလျက်ရှိသည်။ ငါးနှစ်သား၊ ခြောက်နှစ်သား သစ်မွှေးတစ်ပင်မှ သစ်မွှေးဆီ ၈၀ စီစီကျော် ထွက်ရှိနိုင်သဖြင့် သစ်မွှေးတစ်ပင်လျှင် ငွေကျပ်သိန်းပေါင်း ၆၀ ကျော်ရရှိနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ယနေ့ အဖိုးအနဂ္ဃထိုက်တန်သည့် သစ်မွှေးပင်ကို တရားဝင်လိုင်စင်အနေဖြင့် ရွှေသစ်မွှေး၊ ချယ်ရီသစ်မွှေးနှင့် ပွင့်ဦးသစ်မွှေးစိုက်ပျိုးရေးလုပ်ငန်းတို့မှ လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်း သစ်မွှေးအပင်ပေါင်း ၂၅ သိန်းကျော်ကို နေရာအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



မြန်မာ့သစ်မွှေးစိုက်ခင်းတစ်ခုတွင် သစ်မွှေးဖြစ်တည်မှုရရှိရန် ဆေးသွင်းနေစဉ်။

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်အနီ
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်
နှင့်အနီးတစ်ဝိုက်တွင် ယနေ့
ခန့်မှန်းချက်မှာ မြန်မာနိုင်င

# ကျောက်ဖြူအထူးစီမံကိန်း
# ဒေသခံများအားအလုပ်အကိုင်အခွ

**ရန်ကုန် ဇူလိုင် ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူအထူးစီးပွားရေးဇု
အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု Master Pla
ကို ပထမအဆင့်အဖြစ် ၂၀၁၂ခုနှစ် ဇန်နဝါရီလ
၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိလည်းကောင်း၊ ဒုတိ
အဆင့်အဖြစ် အကြံပေးကုမ္ပဏီ Consulting Firm
ကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ၂၀၁၃ ခုနှစ် ဩဂုတ်လ
၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိလည်းကောင်း၊ အဆ
ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ ရေးဆွဲပြ
Master Plan အား ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ သိ
နိုင်စေရန် ရှင်းလင်းဆွေးနွေးပွဲကို လှိုင်မြို့နယ် ပြည်လမ်း
IBCခန်းမ၌ ယနေ့တည်ဆောက်လျက်ရှိသော ကျောက်
အထူးစီးပွားရေးဇုန်စီမံကိန်းတွင် နိုင်ငံတကာစံချိန်စံညွှ
နှင့်အညီ ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် စိတ်ဝ
စားသူ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ
ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၂ ရက်ထိ လျှောက်လွှ
ခေါ်ယူသွားမည်ဖြစ်ရာ ရေနက်ဆိပ်ကမ်းကို အခြေ
သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်ဆင့်ကုန်ချေ
ထုတ်လုပ်သည့်လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ရေးအပို
ကို ဦးစားပေးသည့် ထောက်ပံ့ပို့ဆောင်နိုင်သော လုပ်ငန်
များ၊ ဆောက်လုပ်ရေးနှင့်ဆိုင်သောပစ္စည်းများ ထုတ်လု
သည့်စက်ရုံများ (CIP- Construction Industria
Package)၊ အထည်အလိပ်လုပ်ငန်းနှင့်ဆိုင်သော စက်
လက်မှုလုပ်ငန်းများ (TIP- Textile Industrial Package

ပြည်တွင်းသတင်း

# သီတဂူဆရာတော်ကြီး အာရှ-ဥရောပနိုင်ငံများဆိုင်ရာအဆင့်မြင့် ဘာသာရေးနှင့် ယဉ်ကျေးမှုအပြန်အလှန်ဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် ဇူလိုင် ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဗောရစ်ယဲ့ဆင်သမ္မတစာကြည့်တိုက် အဆောက်အအုံ၌ ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ အာရှ-ဥရောပနိုင်ငံများဆိုင်ရာ အဆင့်မြင့် ဘာသာရေးနှင့် ယဉ်ကျေးမှု အပြန်အလှန်ဆွေးနွေးပွဲကို ကျင်းပရာ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

ယင်းဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ဝန်ကြီးများ၊ ဘာသာရေး ခေါင်းဆောင်ကြီးများ၊ သံအမတ်ကြီးများနှင့် ပညာရှင်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ပြီး အပြန်အလှန် ဆွေးနွေးမှုများနှင့် ဖတ်ကြားတင်သွင်းမှု အကြောင်းအရာပေါင်း ၅၀ ပြုလုပ်ခဲ့ကြသည်။

ဆရာတော်ကြီးနှင့်အတူ မြန်မာသံအမတ်ကြီး၏ဇနီး ဒေါ်ခင်မာမာလင်းဦးဆောင်သော ကိုယ်စားလှယ် ၁၀ ဦးတက်ရောက်ကြပြီး သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက ဆွေးနွေးပွဲသို့တက်ရောက်လာသော ရုရှားယဉ်ကျေးမှုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အခြားနိုင်ငံများမှဝန်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များနှင့်အတူ ဆွေးနွေးပွဲသဘောတူညီချက်များ ချမှတ်ပြီး မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ယင်းနောက် ဆရာတော်ကြီးသည် ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီတွင် **“ဘာသာရေးသည် ငြိမ်းချမ်းရေးအတွက်”** ခေါင်းစဉ်ဖြင့် မိန့်ခွန်းမြွက်ကြားခဲ့သည်။

ဇူလိုင် ၄ ရက်တွင် ဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ နိုင်ငံအလိုက်မှ ဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များက ဆရာတော်ကြီးအား သီးခြားဂါရဝပြုတွေ့ဆုံခဲ့ကြပြီး ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ နှီးနှောဖလှယ်ခဲ့ကြသည်။

ယင်းနောက် အာရှ-ဥရောပနိုင်ငံများဆိုင်ရာ အဆင့်မြင့်ဘာသာရေးနှင့် ယဉ်ကျေးမှု အပြန်အလှန်ဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ ရုရှားယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Konstantin Shuvalov, Ambassador-at-large, Ministry of Foreign Affairs of the Russian Federation တို့က ဆွေးနွေးပွဲတွင်ရရှိခဲ့သော စုပေါင်းသဘောတူညီချက်များကို ရှင်းလင်းဖတ်ကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ရုရှားယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက သီတဂူဆရာတော်ကြီးအား ဂါရဝပြုတွေ့ဆုံခဲ့ပြီး ရုရှားနိုင်ငံတွင် ဗုဒ္ဓဘုရားရှင် သာသနာတော်ထွန်းကားသည့် ယဉ်ကျေးမှုဘာသာရေးနယ်မြေများဖြစ်သည့် ကာမေးကီးယားဒေသများသို့ လာရောက်လေ့လာနိုင်ပါရန် အထူးဖိတ်ကြားပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများသည် အထူးပင်အားရကျေနပ်စရာကောင်းပါကြောင်း၊ ဗုဒ္ဓဘာသာတရားထွန်းကားသည့်အချက်က မြန်မာနိုင်ငံ၏ဂုဏ်ကို မြင့်တက်စေပါကြောင်း စသဖြင့် လျှောက်ထားခဲ့ရာ ဆရာတော်ကြီးကလည်း မြန်မာနိုင်ငံယဉ်ကျေးမှုနှင့် ဘာသာတရားတော်များကို လေ့လာနိုင်ရန် မြန်မာနိုင်ငံသို့ လာရောက်ပါရန် ဖိတ်ကြားပါကြောင်းဖြင့် မိန့်ကြားခဲ့သည်။ အလားတူ ဆရာတော်ကြီးအား ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များက ဂါရဝပြုတွေ့ဆုံ ဖိတ်ကြားခဲ့သည်။

ဆက်လက်ပြီး ဆရာတော်ကြီးအား ယခုနှစ်စက်တင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ဘာသာရေးညီလာခံသို့ တောင်ကိုရီးယားနိုင်ငံကိုယ်စားလှယ်များက လာရောက်လျှောက်ထားဖိတ်ကြားကြသည်။

ထို့အပြင် ရုရှားနိုင်ငံ Russians' Media Union မှ အဖွဲ့ဝင်ဖြစ်သူ Russian travel and culture industry magazine ၏ ဥက္ကဋ္ဌနှင့် အယ်ဒီတာချုပ်တို့က ဗုဒ္ဓဘာသာတရားအကြောင်းအရာများကို အင်တာဗျူးအစီအစဉ်အဖြစ် မေးမြန်း၍ Russian Media များတွင် ထည့်သွင်းဖော်ပြခွင့်တောင်းခံရာ သီတဂူဆရာတော်ကြီးက ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ အလားတူပင် ဆရာတော်ကြီး၏ မိန့်ခွန်းများကို ရုရှားနိုင်ငံဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဂျာနယ်များတွင်လည်း ရိုက်နှိပ်ဖော်ပြရန် ခွင့်ပြုထားကြောင်း သိရသည်။

ဆရာတော်ကြီးသည် ရုရှားနိုင်ငံခရီးစဉ်အတွင်း မြန်မာပညာတော်သင်ကျောင်းသားများအား တရားရေအေး တိုက်ကျွေးခဲ့ကြောင်းနှင့် Eur Asia Heart foundation's မှ Professor Paul Vogt, president of foundation က မြန်မာနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များအတွက် ဆရာတော်ကြီးနှင့် ပူးပေါင်းဆောင်ရွက်ရန် လျှောက်ထားခဲ့ပြီး ဆရာတော်ကြီးက လိုအပ်သည်များကို ကူညီစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် မိန့်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဇူလိုင် ၇ရက်နှင့် ၈ ရက်တို့တွင် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၌ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ပွဲရုံဝင်းနှင့် ဘုရင့်နောင်ဈေးရှေ့ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် အသွားအပြန် ယာဉ်ကြောများအားလုံး ပိတ်ဆို့နေမှုကိုတွေ့ရစဉ်။ (ပုံမှန်အားဖြင့် ယာဉ်ကြောပိတ်ဆို့ချိန်တွင် ယာဉ်ကြောတစ်ခြမ်းသာ ပိတ်လေ့ရှိသော်လည်း ဇူလိုင် ၈ ရက်တွင် ယာဉ်ကြောအားလုံးပိတ်သွားခြင်းမှာ ထူးခြားမှုဖြစ်သည်။)

ခင်ဆိုင်

# ဓနုဖြူ၌ မိုးစပါးပုလဲသွယ်မျိုးစေ့ချပွဲကျင်းပ

**ဓနုဖြူ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ တောင်သူ ဦးသန်းစိန်၏ ပုလဲသွယ်(၁၀)ဧကစံပြစိုက်ခင်းတွင် ဇူလိုင် ၄ ရက်က မျိုးစေ့ချပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံ/စီးပွားဝန်ကြီး ဦးလှခိုင်နှင့် တိုင်းဒေသကြီး၊ ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ခဲ့ပြီး ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက သိပ္ပံနည်းကျ(၁၄)ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူဦးသန်းစိန်၏ မိုးစပါး ပုလဲသွယ် ၁၀ ဧကမျိုးစေ့ချပွဲတွင် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ မျိုးစေ့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု ပြည်လုံးချမ်းသာစေတီတော်၌ ရင်ပြင်တော်ခင်းရန်နှင့် ပန်းတင်ခုံစတီးဝင်းကာရန် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်ပေးအပ်ခဲ့ပြီး အမှတ်(၂)ရပ်ကွက် မြို့မဓမ္မာရုံတွင် ရွှေမင်းသားဖောင်ဒေးရှင်းမှ မသန်စွမ်းသူများအား ခြေတုများနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ချီးမြှင့်အားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

◆ ***ကျောဖုံးမှ***

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုသည် အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက်ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ပိုမိုခိုင်ခံ့သည့် ရုံးအဆောက်အအုံ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောက်လုပ်နိုင်ရေး မှာကြားပြီး ကူညီပံ့ပိုးမှု များဆောင်ရွက်ပေးသည်။

အလားတူ ဝန်ကြီးချုပ်သည် အဆိုပါ မုန်တိုင်းအရှိန်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ကော့သောင်းမြို့ပေါ် ရပ်ကွက်များမှ လူနေအိမ်အချို့ကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ရေး၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများပေးခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကျော်စိုး(ကော့သောင်း)**

# မိုးသည်းထန်မှုကြောင့် ရပ်ကွက်လမ်းပိုင်းတချို့ ပျက်စီးမှု ပေါင်းစုပြန်လည်ပြုပြင်ဆောင်ရွက်

**ခမောက်ကြီး ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲသည် တောင်ကုန်းတောင်တန်းများ ဝိုင်းရံလျက်ရှိသည့်အတွက် မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများ အဆမတန်စီးဆင်းကာ ရေတိုက်စားမှုကြောင့် ဇူလိုင် ၇ ရက်က အမှတ်(၃) ရပ်ကွက်အတွင်း လမ်းပိုင်းတချို့ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

ထိုသို့ လမ်းပိုင်းတချို့ ပျက်စီးမှုကြောင့် ရပ်ကွက်နေပြည်သူများ ကျောင်းသား ကျောင်းသူများသွားလာရာတွင် အခက်အခဲဖြစ်ပေါ်နေသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် NGO အဖွဲ့များ၊ ရပ်ကွက်ပြည်သူများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များမှ လမ်းပေါ်ရှိရေတိုက်စားသည့် ချိုင့်ခွက်များကို ဖြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးရေနုတ်မြောင်းများ ပြန်လည် တူးဖော်ခြင်းလုပ်ငန်းများကို လူမှုရေးအသိစိတ်ဖြင့် ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# လူကုန်ကူးမှုတွန်းလှန်မှ လူသားဘဝ လုံခြုံရ


**ပျောက်ဆုံးကြောင်း**

ကျွန်တော်တို့ MOE PWINT AKAYI Co.,Ltd.၏ သွင်းကုန်လိုင်စင်အမှတ် (IL2 14-15 1145 23/05/14)မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်မေတ္တာရပ်ခံပါသည်။

ဖုန်း-၀၉-၇၃၀၈၆၈၃၃

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**တောင်ကြီးခရိုင်တရားရုံးတော်၌**

**၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၆၂ နှင့်ဆက်သွယ်သည့်**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၂၄**

ဒေါ်မီမီသက် နှင့် ဒေါ်အေးလမ်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အိမ်အမှတ် ၈၀နေ ဒေါ်အေးလမ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၆၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မီမီသက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဝင်းကြွေ)
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ ဝေဟင်လမ်း၊ အမှတ်(၅၉-အေ)တွင် လက်ရှိနေထိုင်သူများဖြစ်ကြသော ဦးဇော်မြင့် ၁၂/ဥကမ(နိုင်)၀၃၉၈၁၉ နှင့် ဦးတင်ထွန်း ၁၂/ဥကမ(နိုင်)၀၂၀၇၅၆ တို့က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ ဝေဟင်လမ်း၊ အမှတ် ၅၉ ဟုခေါ်တွင်သော အလျားပေ ၃၀×အနံပေ ၅၀ အနက်မှ ခေါင်းရင်းခြမ်း အလျား ၁၅ပေ×အနံပေ၅၀ မြေကွက်နှင့် နေအိမ်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဦးသောင်းထံမှ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်သူများဖြစ်ကြောင်းဝန်ခံလျက် အထက်ပါ အိမ်ခြံမြေအား အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွဋ်ဝင်း ၁၂/မဂတ(နိုင်)၀၀၀၉၄၂က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိသူများသည် ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအာကာဝင့်ဇော် LL.B** **ဒေါ်အိရွှေစင် LL.B, D.B.L**

**အထက်တန်းရှေ့နေများ**

**အမှတ် ၁၃၂၊ ဦးအောင်ဖေယျ ၂လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၃၁၂၁၅၂၆**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (အဆင့်မြင့်)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈ U9)၊ မြေကွက်အမှတ် ၂၉၉၊ အကျယ်အဝန်းပေ(၆၀×၈၀)ရှိ စတုရန်းပေ ၄၈၀၀၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးမိုးကျော်လှိုင် ၁၂/လသန(နိုင်)၀၁၂၆၃၅ အမည်ဖြင့်တည်ရှိပြီး ၎င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၁၁၉၅/၂၀၁၄)ဖြင့် ဒေါ်ခိုင်မာထွန်း ၁၂/ဒဂန(နိုင်)၀၁၉၅၆၅ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉)**

**အထက်တန်းရှေ့နေ**

**အမှတ်(၃၃၁)၊ ဗိုလ်အောင်ကျော်လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၄၂၀၀၄၇၁၉၇**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၉**

ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် လမ်းမတော်မြို့နယ် မြို့မကျောင်းလမ်းရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အလုပ်သင်ဆရာဝန်များအတွက် လက်တွေ့ကျွမ်းကျင်မှု သင်တန်းသို့ ဇူလိုင် ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ကြည့်ရှုရာ လက်တွေ့သင်ကြား ပြသပေးနေမှုများကို ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်ဝေစိုးက ရှင်းလင်းပြသသည်။



အဆိုပါသင်တန်းကို ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် AVI (Australian Volunteer International) တို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး အလုပ်သင်ဆရာဝန်များအား ခွဲစိတ်ခန်း မဝင်ခင် ပြင်ဆင်မှုများအား လေ့ကျင့်ပေးခြင်း၊ အစာပိုက်ထည့်ခြင်း၊ Urinary Catheterzation နှင့် Oxygen Therapy ဆေးကုသပေးမှု လက်တွေ့သရုပ်ပြ သင်ကြားပေးခြင်းဖြစ်သည်။

အလုပ်သင်ဆရာဝန်များအတွက် လက်တွေ့ကျွမ်းကျင်မှု သင်တန်းကို ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ အလုပ်သင်ဆရာဝန် ၅၃၆ ဦးကို သင်ကြားပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ အထူးကုဆေးရုံကြီးသို့ သွားရောက်ပြီး အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံခဲ့ရာဆေးရုံအုပ်ကြီးဒေါက်တာသန်းထွဋ်က ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အထူးကုဆရာဝန်ကြီးများက ဌာနအတွက် လိုအပ်ချက်များကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က ဆေးရုံအတွက် လိုအပ်သော သူနာပြုများ ဖြည့်စွက်ခန့်ထားနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ပြည်သူများအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်သည်အညီ အထူးဌာနများအလိုက် အမှန်တကယ်လိုအပ်ပြီး အမှန်တကယ် အကျိုးရှိမည့် ဆေးရုံသုံးစက်ကိရိယာ မှာယူအသုံးပြုရေး၊ ကျွမ်းကျင်သည့် ဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်သွားနိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်ပြောကြားပြီး အသည်းနှင့်သည်းခြေလမ်းကြောင်း ခွဲစိတ်ကုပညာဌာနသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၆ ရက် နံနက် ၈ နာရီခွဲတွင် သန်လျင်ခရိုင် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အထူးကု ဆရာဝန်များ၊ သူနာပြုများနှင့်ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံရာ သန်လျင်ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခုတင် (၂၀၀) ဆံ့ ဆေးရုံ ဆောက်လုပ်မည့်နေရာကို ကြည့်ရှုခဲ့ပြီး သားဖွားသင်တန်းကျောင်း (သန်လျင်)ရှိ နည်းပြဆရာမများနှင့် သင်တန်းသူများအား တွေ့ဆုံရာ ကျောင်းအုပ် ဒေါ်နီနီချိုက သားဖွားပညာသင်ကြားရေး ဆောင်ရွက်ထားမှုများကို တင်ပြသည်။

**ရည်မှန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်သောကြောင့် ကျန်းမာရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါပြန့်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းတို့ကို သားဖွားသင်တန်းသူများက လုပ်ဆောင်ပေးရမည့်သူများဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာရေး အဆင့်အတန်း မြင့်မားရေးအတွက် အထူးအလေးထား ဆောင်ရွက်ကြရန်၊ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက် ပန်းတိုင်များတွင် အပါအဝင်ဖြစ်သော ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းလျှော့ချရေးနှင့် မိခင်များ၏ ကျန်းမာရေးမြှင့်တင်ရေးတို့ကိုလည်း ရည်မှန်းချက်အတိုင်း ရရှိအောင် ကျေးရွာတိုင်းတွင် မိခင်နှင့် ကလေးကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်သော ကျွမ်းကျင်သည့်သားဖွားဆရာမများနှင့် အရန်သားဖွားဆရာမများကို မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

သားဖွား သင်တန်းကျောင်း (သန်လျင်)တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဘက်စုံသားဖွား ဒီပလိုမာ နှစ်နှစ်သင်တန်းကို စတင်ခေါ်ယူခဲ့ပြီး ယခုလက်ရှိ ပထမနှစ်သင်တန်းသူ ၃၈ ဦး၊ ဒုတိယနှစ်သင်တန်းသူ ၃၅ ဦး ပညာသင်ကြားလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေနှင့်အတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးရှိ ကျောက်တံခါးမြို့နယ် မြို့ချောင်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ မွန်းလွဲ ၂ နာရီတွင် သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တိုက်နယ်ဆေးရုံကို အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အထောက်အကူပြုစေရန်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးတွင် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထက်မင်းလှ ကျောက်စရစ်လုပ်ငန်း အဆင်ပြေ

**မကွေး ဇူလိုင် ၉**

မကွေးတိုင်း ဒေသကြီး အထက်မင်းလှမြို့ ပေတော (ကမ်းနား)ကျေးရွာမှ မြစ်ကျောက်စရစ်များကို ရန်ကုန်၊ မန္တလေး ကုန်သည်များက ဆောက်လုပ်ရေးလုပ်ငန်းအတွက် လာရောက်ဝယ်ယူနေကြကြောင်း သိရသည်။

**ခေါ်တွင်**

လေးထောင့်သံပုံး ၁၈၀ ကို တစ်ကျင်း သတ်မှတ်ပြီး တစ်ကျင်းလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် ကျောက်ဒိုင်သို့ သွင်းရသည်။ ကျောက်ဒိုင်က ဝယ်လက်သို့ တစ်ကျင်း ငွေကျပ် ၈၀၀၀ ဖြင့် ပြန်သွင်းရသည်။ ပေတောရွာတွင် ကျောက်ဒိုင် ၁၀ ဦးခန့်၊ ကျောက်စုပ်မော်တော် ၅၀ ခန့် ရှိပြီး ရန်ကုန်နှင့် မန္တလေး(ပန်းညို)တို့မှ တွဲသင်္ဘောကြီးများဖြင့် လာရောက်ဝယ်ယူကြသည်။ တွဲသင်္ဘော တစ်စင်းလျှင် ကျောက်စရစ်ကျင်း ၂၀၀ မှ ၃၀၀ အထိ တင်နိုင်ကာ ကုန်သည်များက တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀ ပေးဝယ်ကြသည်။ ရန်ကုန်အရောက် သယ်ပို့ခမှာ ငွေကျပ် ၅၀၀၀၀ ခန့်ရှိပြီး ရန်ကုန်တွင် ကျောက်စရစ်တစ်ကျင်း ငွေကျပ် တစ်သိန်းကျော် ဈေးပေါက်သည်။ ပေတော ကျောက်စရစ်ကို ပေတောရွာနှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်ရှိသော မိကျောင်းရဲမြို့ကို အစွဲပြု၍ မိကျောင်း ရဲကျောက်စရစ်ဟု ခေါ်တွင်ကြောင်း သိရသည်။

**ကိုကြီးစန်း**









သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ




# အင်ဂျင်နီယာကျောင်းသား အရည်အသွေးပိုမိုပြည့်ဝရေးအတွက် သိန်း ၇၀၀ တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန် နည်းပညာတက္ကသိုလ်တွင်သင်ကြားပို့ချနေသော ဘာသာရပ်လေးခုအတွက် သိန်း ၇၀၀ တန်ဖိုးရှိ လက်တွေ့စမ်းသပ်ခန်းသုံး လျှပ်စစ်ပစ္စည်းများကို Schneider Electric ကုမ္ပဏီနှင့် မိတ်ဖက်အဖွဲ့အစည်းများက ရန်ကုန် နည်းပညာတက္ကသိုလ်သို့ ဇူလိုင် ၈ ရက်က လှူဒါန်းလိုက်သည်။



ရန်ကုန် နည်းပညာတက္ကသိုလ်တွင် ဘာသာရပ်ကြီး ၁၂ ခုကို သင်ကြားပို့ချနေပြီး Electrical Power Electric and Communication Information and Communication နှင့် Mechantronic အတန်းများမှ ကျောင်းသားကျောင်းသူများ အသုံးပြုနိုင်သည့် အဆိုပါ လက်တွေ့စမ်းသပ်ခန်းသုံး လျှပ်စစ်ပစ္စည်းများကို ယခုပညာသင်နှစ်မှ စတင်ကာ လက်တွေ့အသုံးပြုသွားနိုင်မည်ဟုလည်း ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန် နည်းပညာတက္ကသိုလ်တွင် အဆိုပါ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားမှ သိရသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်ကို Center of Excellence -COE အဖြစ် ကြိုးစားဖော်ဆောင်နေရာ ယခုလက်ခံရရှိခဲ့သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများမှာ အင်ဂျင်နီယာကျောင်းသားများအတွက် လက်တွေ့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်ဝင်ရောက်သည့် အခါတွင်လည်း လွယ်ကူ အဆင်ပြေစေမည်ဖြစ်ကြောင်းကို "အခုပစ္စည်းတွေဟာ အီးယူနိုင်ငံတွေမှာသုံးတဲ့ နောက်ဆုံးပေါ် ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းတွေဖြစ်တဲ့အတွက် သင်ကြားခံရတဲ့ ကျောင်းသား ကျောင်းသူတွေ လုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ရာရောက်သလို လက်တွေ့သင်ကြားပေးရမယ့် ဆရာ ဆရာမတွေပါ အကျိုးကျေးဇူးရစေမှာ ဖြစ်ပါတယ်" ဟု ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က ပြောသည်။

လက်တွေ့ စမ်းသပ်ခန်းတွင် သုံးစွဲနိုင်ရန် Domestic Enclosure ငါးလုံး၊ Motor Starter Enclosure ငါးလုံး၊ PLC Training KIT ငါးလုံး၊ ဆော့ဖ်ဝဲများ၊ လျှပ်စစ်နှင့် ဓာတ်ခွဲခန်းတွင် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့် အမျိုးအစား ရှစ်မျိုးပါဝင်ကြောင်း သိရသည်။

"သီအိုရီနဲ့ လက်တွေ့ပိုင်းမှာ လက်တွေ့က ၆၀ ရာခိုင်နှုန်း ထိရောက်မှုရှိတယ်။ အရင်က ကျောင်းတွေမှာ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေ ပြည့်စုံမှုအားနည်းတယ်။ အခုလို ဓာတ်ခွဲခန်းသုံးပစ္စည်းပံ့ပိုးမှုတွေ ရှိလာမယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေအတွက် ထိတွေ့မှုပိုများတာကြောင့် အရည်အသွေးပြည့်ဝတဲ့ အင်ဂျင်နီယာ ပညာရှင်တွေအဖြစ် ရပ်တည်လာနိုင်ရေးမှာလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်"ဟု အဆိုပါ တက္ကသိုလ်မှ မဟာတွဲ့ကျောင်းသူတစ်ဦးက ၎င်း၏ ထင်မြင်ချက်ကို ပြောသည်။

Schneider Electric ကုမ္ပဏီသည် လျှပ်စစ်နှင့် ပတ်သက်သည့် ကုမ္ပဏီတစ်ခု ဖြစ်ခြင်းကြောင့် စွမ်းအင်အသုံးချရေးနှင့် သက်ဆိုင်သည့်ဘာသာရပ်များကို သင်ကြားပို့ချနေသည့်နည်းပညာတက္ကသိုလ်တွင် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်သလို ပညာရေးကဏ္ဍ တိုးတက်စေရန် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် အခြားလူမှုအကျိုးပြု လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဈေးကွက်ဒါရိုက်တာ ကိုဇော်ဇော်အောင်က ပြောသည်။

Schneider Electric ကုမ္ပဏီသည် မြန်မာနိုင်ငံဈေးကွက်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် စတင်ဝင်ရောက်ခဲ့ပြီး စွမ်းအင်အသုံးချမှုဆိုင်ရာ နည်းလမ်းများနှင့် ကုန်ပစ္စည်းများကို ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဖြန့်ဖြူးနေသည်။ ကျောင်းမတက်နိုင်သည့်သူများ၊ အချိန်ပိုင်းအလုပ်လုပ်လိုသူများနှင့် လျှပ်စစ်ဖြင့်အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် အခြေခံလျှပ်စစ် အသက်မွေးမှုဆိုင်ရာ လေးလသင်တန်းကို Online University ဝက်ဆိုက်တွင် Account ဖွင့်ကာ သင်ခန်းစာ ၂၀၀ ကျော်မှ လိုချင်သည့် ဘာသာရပ်ကို ရွေးချယ်၍ Free Education အဖြစ် သင်ယူနိုင်မည်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်ပေးအပ်မည်ဟု သိရသည်။

**ဝင်းဝင်း**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဝင်တိုက်ပြီးထွက်ပြေးသွားသောကား လိုက်လံဖမ်းဆီးရာမှ လိုင်စင်မဲ့ယာဉ်ဖြစ်နေ

**စစ်ကိုင်း ဇူလိုင် ၉**

စစ်ကိုင်းမြို့ အမှတ်(၆၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်အောင်ဇော်ထူးနှင့်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းမြို့ ဆွမ်းချက်ကျေးရွာအနီးတွင် တာဝန်ထမ်းဆောင်နေစဉ် ၉ဂ/---- အနက်ရောင်ကားသည် ကားတစ်စီးကိုတိုက်၍ ထွက်ပြေးလာကြောင်း သတင်းအရ ပိတ်ဆို့ဖမ်းဆီးရာ ကားမှာ ဆွမ်းချက်ကျေးရွာအတွင်း ထွက်ပြေးဝင်ရောက်သွားသဖြင့် လိုက်လံရှာဖွေရာ စီတီးကျေးရွာနေ ကိုထွေး(၅၃ နှစ်)နေအိမ်၌ ပုန်းအောင်းနေစဉ် ဖမ်းဆီးရမိခဲ့သည်။

ယာဉ်တိုက်မှုကို စုံစမ်းရာ နံနက် ၁၁ နာရီက မုံရွာ-မန္တလေးကားလမ်းအတိုင်း ယာဉ်မောင်း ကိုချမ်းငြိမ်း (၃၁ နှစ်) ပေါင်းလောင်း(၂) ရွာကောက်-ပျဉ်းမနားမြို့နေ မောင်းနှင်လာသော ၉ဂ/-----CEDRIC အနက်ရောင်ကားသည် စစ်ကိုင်းကျော်ထက် သံလမ်းကူးအရောက်တွင် ယာဉ်မောင်း ကိုထွေး(၃၉နှစ်) အောင်ဘိုဟိန်းစက်သုံးဆီအရောင်းဆိုင် ကန်တော်ကြီး အရှေ့ခြမ်း မန္တလေးမြို့နေသူ မောင်းနှင်လာသော ၂စ/--- လင်ခရူဇာအဖြူရောင်ကားကို နောက်မှဝင်တိုက်မိပြီး ထွက်ပြေးသွားသောကားဖြစ်သည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သဖြင့် ယာဉ်များ ပျက်စီးသွားသည့်အတွက် ယာဉ်မောင်း ချမ်းငြိမ်းထွန်းကို ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ကားအမှတ် ၉ဂ/----နံပါတ်တပ်ထားသည့် CEDRIC အနက်ရောင်နှင့်ပတ်သက်၍ စစ်ဆေးရာ အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့ ယာဉ်ဖြစ်နေ၍ သက်သေများရှေ့တွင် ယာဉ်ကိုသိမ်းဆည်းလိုက်ပြီး လိုင်စင်မဲ့ယာဉ် လက်ဝယ်ထားပြီး အသုံးပြုနေသူ ကိုချမ်းငြိမ်းထွန်းအား အရေးယူစစ်ဆေးလျက်ရှိသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**




C B BANK

Let's Win Win Together !

နေပြည်တော် ရာဇဌာနီ ဘဏ်ခွဲ ဖွင့်လှစ်ခြင်း




ဘဏ်လုပ်ငန်း၊ ကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို ( ၁၀. ၇ . ၂၀၁၄ ) နေ့မှ စ၍ အမှတ်-(၁၁၉၂/ဂျေ)၊ (၁၉)လမ်းနှင့် ရာဇဌာနီလမ်းထောင့်၊ ပေါင်းလောင်း(၃)၊ ရွာကောက်ရပ်၊ နေပြည်တော်(ပျဉ်းမနားမြို့) တွင် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။

Phone : (067) 25 949

Fax : (067) 25 958, 25 968

Call Center : 1874

E-mail : contact@cbbankmm.com

Website : www.cbbank.com.mm

Facebook : https://www.facebook.com/CBBankmyanmar

Tel: (95-1) 371 848, 372 646, 372 655, 373 425, 373 426
Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
24/7 Hotline Number: 1874 E-mail: contact@cbbankmm.com
Website: www.cbbank.com.mm
https://www.facebook.com/CBBankmyanmar

# ဂျာမနီအသင်းနှင့်အတူ ကစားသမားတို့ရဲ့ အောင်မြင်မှုမှတ်တမ်း

သီဟ

ဆီမီးဖိုင်နယ် ပထမပွဲစဉ်ဖြစ်တဲ့ ဘရာဇီးနဲ့ ဂျာမနီပွဲက ဘရာဇီးသမိုင်းကို တုန်လှုပ်စေခဲ့တဲ့အပြင် ဂျာမနီတို့ ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး ကွင်းလယ်ကစားသမား တိုနီခရူးစ်က အကောင်းဆုံးဆုရရှိကာ သောမက်စ်မူလာကလည်း သွင်းဂိုး ငါးဂိုးမြောက်ကို ရရှိပြီး ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ရဲ့ သွင်းဂိုးခြောက်ဂိုးကိုမီရန် တစ်ဂိုးသာလိုပါတော့တယ်။

ဂျာမနီအသင်းက ဘရာဇီးကို အနိုင်ရရှိပြီး အောင်ပွဲခံရုံသာမက ကစားသမားများလည်း မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ကလိုဆေး(ဂျာမနီ)က ၁၆ဂိုးမြောက်ကိုသွင်းယူပြီး ရော်နယ်ဒို (ဘရာဇီး)ရဲ့ ၁၅ဂိုးကို ကျော်လွန်ကာ မှတ်တမ်းတင်ခဲ့ပါတယ်။ ဂျာမနီကစားသမား ဂဒ်မူလာဟာ ရော်နယ်ဒိုအောက် တစ်ဂိုးလျော့ ၁၄ဂိုးဖြင့် ရှုံးနိမ့်နေတာကို ကလိုဆေးက အနိုင်ယူပေးခဲ့ပါတယ်။ ဂဒ်မူလာအောက် ၁၃ဂိုးဖြင့် ရပ်တည်နေသူက ပြင်သစ်ကစားသမား ဂျက်စ်ဖောင်တိန်းဖြစ်ပြီး ပီလီ(ဘရာဇီး)က ၁၂ဂိုးပဲ သွင်းယူခဲ့နိုင်ပါတယ်။ ဂျာမနီအသင်းကို မှတ်တမ်းတင်နိုင်သူနောက်တစ်ဦးကတော့ ပီလီအောက် ၁၁ဂိုးဖြင့် ကလင်းစမန်းဖြစ်ပါတယ်။ ကလင်းစမန်းနောက်တွင် ကပ်လျက်လိုက်သူကတော့ အင်္ဂလန်ကို အောင်မြင်မှုတွေပေးခဲ့တဲ့ ဂယ်ရီလိုင်နီကာ ၁၀ဂိုးမြောက် ပိုင်ရှင်ဖြစ်ပါတယ်။

ဂျာမနီရဲ့ အောင်မြင်မှုနဲ့အတူ အသက်၂၄နှစ်သာရှိသေးတဲ့ မျိုးဆက်သစ်ကစားသမား သောမက်စ်မူလာက ကမ္ဘာ့ဖလား နှစ်ကြိမ်မြောက်ကစားခွင့်ရရှိထားပြီး ဆီမီးဖိုင်နယ်ဘရာဇီးနဲ့ပွဲမှာ ကမ္ဘာ့ဖလားသွင်းဂိုး စုစုပေါင်း ၁၀ဂိုးမြောက်ဂိုးကို သွင်းယူကာ ဂယ်ရီလိုင်နီကာနဲ့ ဂိုးအရေအတွက် တူညီခဲ့ပါတယ်။



ဂဒ်မူလာ - ၁၄ဂိုး



ကလင်းစမန်း - ၁၁ဂိုး



ကလိုဆေး - ၁၆ဂိုး



ကလိုဆေး - ၁၆ဂိုး

သောမက်စ်မူလာ - ၁၀ဂိုး

# တင်းနစ်လောကရဲ့ လင်းလက်လာတဲ့ကြယ်တစ်ပွင့်

အာကာကျော်



ကနေဒါနိုင်ငံက ဆယ်ကျော်သက်အရွယ် တင်းနစ်အားကစားမယ် ယူဂျင်းဘိုချက်ဟာ တင်းနစ်လောကမှာ လူသိများလာတဲ့ အားကစားမယ်ဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်လှမ်းလာခဲ့ပြီးနောက် တင်းနစ်လောကမှာ လူသိများခဲ့တာ ဖြစ်ပါတယ်။

ဘိုချက်ဟာ တင်းနစ်လောကမှာ နာမည်ကြီးနေတဲ့ ရုရှားတင်းနစ်မယ် ရှာရာပိုဗာ၊ ရိုမေးနီးယားတင်းနစ်မယ်စီမိုနာလတ်တို့ကို အနိုင်ယူပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၀အရွယ်သာရှိသေးတဲ့ ဘိုချက်ဟာ ဒီလိုဂရင်းဆလမ် ပြိုင်ပွဲကြီးမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်မှုမှာ ကနေဒါအမျိုးသမီး တင်းနစ်မယ်တစ်ဦးအနေနဲ့ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

ဘိုချက်ဟာဒီနှစ်ထဲမှာပဲ ဂရင်းဆလမ်ပြိုင်ပွဲနှစ်ခုမှာ အကြိုဗိုလ်လုပွဲများအထိ တက်လှမ်းနိုင်ခဲ့သူဖြစ်ပါတယ်။ ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ဗိုလ်လုပွဲမှာ ချက်သမ္မတနိုင်ငံမှ တင်းနစ်အကျော်ပီထရာဇစ်တိုးဗားကို ရှုံးနိမ့်ခဲ့ပေမယ့် ကျေနပ်မိပါတယ်လို့သူကဆိုပါတယ်။ "ကျွန်မဒီပွဲမှာ ဗိုလ်မစွဲနိုင်ခဲ့ပေမယ့် ကျေနပ်ပါတယ်။ ဒီလောက်အထိ အောင်မြင်လာလိမ့်မယ်လို့ ထင်မထားခဲ့မိပါဘူး။ ကျွန်မကိုယ်ကျွန်မ ဂုဏ်လည်းယူမိပါတယ်" ဟုဘိုချက်ကဆိုပါတယ်။

ဘိုချက်သည် ဝင်ဘယ်ဒန်ပြိုင်ပွဲအပြီးမှာတော့ ကမ္ဘာ့ထိပ်တန်း ၁၀ ဦးဝင် ကစားသမားဖြစ်လာခဲ့ပါတယ်။ ကမ္ဘာ့အဆင့် ၁၃သာရှိတဲ့ ဘိုချက်ဟာ ဝင်ဘယ်ဒန်အပြီး ကမ္ဘာ့အဆင့် ၇ နေရာကိုတက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘိုချက်ဟာလွန်ခဲ့တဲ့ နှစ်နှစ်ခန့်က ဝင်ဘယ်ဒန်ဖလား ဂျူနီယာပြိုင်ပွဲမှာ ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး နိုင်ပွဲတွေရဖို့ ယုံကြည်မှုတွေအပြည့်ရှိနေတယ်လို့ ၎င်းက ပြောပါတယ်။သူမဟာဒီနှစ်ထဲမှာ သိသိသာသာနိုင်ပွဲတွေ ဆက်တိုက်ဆင်နွှဲနိုင်ခဲ့ပါတယ်။ ဒီနှစ်အတွင်း အကြိုဗိုလ်လုပွဲ နှစ်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲတစ်ကြိမ် တက်ရောက်နိုင်ခဲ့ပါတယ်။ ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့တဲ့အတွက် ယုံကြည်မှုတွေလည်း တိုးလာမှာဖြစ်ပါတယ်။ သူဟာ တင်းနစ်လောကရဲ့ လင်းလက်တောက်ပလာမယ့်ကြယ်တစ်ပွင့်လို့ ဆိုရမှာဖြစ်ပါတယ်။

## ဂါးရက်ဘာရီ အဲဗာတန်စာချုပ်

အဲဗာတန်က ဂါးရက်ဘာရီကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက် ၃၃ နှစ်ရှိ ဂါးရက်ဘာရီကို ပြီးခဲ့သောရာသီက မန်စီးတီးမှအငှားခေါ်ယူထားခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သောရာသီက အဲဗာတန်အသင်းကို ပဉ္စမနေရာအထိ အရောက်ပို့ပေးနိုင်ခဲ့သည်။ ဇွန်လတွင် မန်စီးတီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားသော ဘာရီသည် မာတီနက်ဇ်၏နွေရာသီအတွင်း ပထမဆုံး စာချုပ်ခေါ်ယူခဲ့သူဖြစ်သည်။





## Tender Invitation

1. The Management of Prime Hill Business Square(PHBS) invites all interested applicants to submit tender for a Coffee Shop and a Convenience Store in PHBS.
2. Tender applicant shall submit the close tender from 9th July, 2014 to 25th July, 2014 and submission time is between 8:30 and 16:00 at the following address by hand.
3. Tender applicant shall pay refundable tender deposit Kyats 100000 together with tender documents when the applicant submits the tender.
4. Tender instruction and application shall be requested by e-mail to **phyowaimin@cpw.com.mm**

**Chiyoda&Public Works Co.,Ltd**
**Prime Hill Business Square, Room 201~206**
**No.60, Shwe Dagon Pagoda Road, Dagon Township, Yangon**
**Phone:01-382710**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၇-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၁)ပါ Ministry of Energy, Invitation to Tender, Thanlyin Refinery Joint Venture Project (TRJVP), Tender No. (1-TRJVP/2014-2015)ကြော်ငြာတွင် gmail လိပ်စာ TRJVP.Project@gmail.com အစား TRJV.Project@gmail.com ဟု ပြင်ဆင်ဖတ်ရှုပါရန်။




**မြေကွက်ရောင်းမည် (ပွဲစားမလို)**
**ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ**
**အကွက်အမှတ် ၃၄၊**
**ဧရိယာ ၂၀၃၁၂ ဒသမ ၈၂ စတုရန်းပေ**
**ဆက်သွယ်ရန် ဖုန်း-၀၁-၆၉၅၂၀၅၊**
**၀၉-၅၁၅၃၄၀၈**







**ရွှေမြန်မာလေကြောင်းလိုင်းအတွက် မန္တလေးဒေသခံလေယာဉ်မယ်များနှင့် မြေပြင်ဝန်ဆောင်မှုဝန်ထမ်းများ အလိုရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

## Vacancy Announcement (Local Only)

**Cabin Crew** **Female**

Qualification Requirements: (သတ်မှတ်အရည်အချင်း)
- Female
- Mandalay Local
- Single/Unmarried (Attached with recommendation from respective Quarter General Administration Office).
- Age between 18 to 23 years as at 01 July 2014.
- Minimum education is attending 2nd year of respective University (Attached with recommendation from respective University.)
- Minimum height of 5' 3" with proportionate weight of female.
- Excellent health and fitness (spectacles and contact lens are not accepted)
- Fluent in four skills English and other languages are preferable.
- Outgoing personality with good interpersonal skills and the ability to work with a multinational team
- Genuine interest to serve people

**Passenger Services Assistant** **Male**

Qualification Requirements: (သတ်မှတ်အရည်အချင်း)
- Male
- Mandalay Local
- University Graduate
- Fluent in spoken and written English (Preferable to speak in other Languages)
- 2 year minimum experience (Preferable to experiences in Airlines Industry)
- Must have positive attitude and friendly manner, good communication skill and team-work skill
- Computer proficiency (MS Excel, MS Word, MS Power Point, email and internet)
- Must be able to work shift duty (including night shift), flexible working hours and under pressure

All interested and qualified candidates are invited to submit applications with
- Cover Letter explaining how education, skills and experience meet the requirement for the applied position
- Detailed and complete curriculum vitae with two passport size photos
- Copy of NRC card, Labor Registration copy
- Certificate of graduation, copy of License, census copy, recommendation from Township & Police
- One recent full-length photograph required in addition for Cabin Crew posts

Only short listed candidates will be informed.

Kindly indicate on the back of the envelope: sender's name, address and contact telephone number, and at the bottom left hand corner on the front of the envelope, mark you're applying position.

Application Deadline

Applications for cabin crew must be received not later than 22 July 2014 at 5:00PM

Applications for passenger services must be received not later than 31st July 2014 at 5:00PM

Contact points
- GMA Head office address as 3th Floor, Saya San Plaza, Corner of New University Ave & Saya San Road, Bahan Township, Yangon, Myanmar (Phone: + 951-401484 and +959-8604035, 37 ~ 38 (Ext: 120, 127)
- GMA Yangon Airport office address as 1st Floor, Seasons of Yangon Hotel, Yangon International Airport, Yangon, Myanmar (Phone: +951-533272)
- GMA Mandalay Office address as No.376, 83rd Lane (Between 31st Street and 32nd Street), Mandalay (Mandalay Town Office Phone +952-30720 and Airport Office phone +952-27073)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှတ်အများဆုံးရရှိသူများစာရင်း(သိပ္ပံဘာသာရပ်)

| စဉ် | အမည် | ခုံအမှတ် | ကျောင်း/မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် | ပေါင်း | အဆင့် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| (ရှမ်းပြည်နယ်) | | | | | | | |
| ၁ | မောင်ကောင်းထက်သူ | ရက ၅၁၅ | အထက(၄)တောင်ကြီး | ရှမ်းပြည်နယ် | ၅၄၄ | ၁ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၂ | မောင်ဖြိုးဆက်ပိုင် | ရက ၅၉၈ | အထက(၄)တောင်ကြီး | ရှမ်းပြည်နယ် | ၅၂၈ | ၂ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၃ | မနွယ်ကျော်ဇင် | ရအပ ၃၅၆ | ကပကပညာရိပ်သာ၊အောင်ပန်း(ကလော) | ရှမ်းပြည်နယ် | ၅၂၅ | ၃ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၄ | စိုင်းအာကာမြင့်မြတ် | ရက ၆၃၇ | အထက(၄)တောင်ကြီး | ရှမ်းပြည်နယ် | ၅၁၇ | ၄ | မြန်မာစာ၊ အင်္ဂလိပ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၅ | မတင်ရတနာဆွေ | ရက ၃၉၀ | အထက(၃)တောင်ကြီး | ရှမ်းပြည်နယ် | ၅၁၆ | ၅ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| (ရန်ကုန်တိုင်းဒေသကြီး) | | | | | | | |
| ၁ | မသီရိထက်နိုင် | ဆကရ ၂၆၄ | အထက(လှေကျင့်ရေး)ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး | ၅၅၈ | ၁ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၂ | မမေမြတ်နိုး | ဆဒဂ ၂၄၄ | အထက(၁)ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၇ | ၂ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၃ | မကေခိုင် | ဆလသ ၁၄၀ | အထက(၂)လသာ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၄ | ၃ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၄ | စိုင်းကြည်ဌေးဦး | ဆလတ ၃၀၃ | အထက(၂)လမ်းမတော် | ရန်ကုန်တိုင်းဒေသကြီး | ၅၅၂ | ၄ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၅ | မအေးမြချမ်းသာ | ဆလသ ၃၂၁ | အထက(၂)လသာ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၂ | ၄ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၆ | မဖြူမြင်းသူ | ဆကတ ၈၉ | အထက(ကျောက်တံတား) | ရန်ကုန်တိုင်းဒေသကြီး | ၅၅၂ | ၄ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၇ | မောင်ဝေလွင်ဦး | ဆဗထ ၅၃၇ | အထက(၆)ဗိုလ်တထောင် | ရန်ကုန်တိုင်းဒေသကြီး | ၅၅၂ | ၄ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၈ | မောင်မင်းသန့်တင် | ဆဒဂ ၁၂၀ | အထက(၁)ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၂ | ၄ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| (ဧရာဝတီတိုင်းဒေသကြီး) | | | | | | | |
| ၁ | မလမင်းသော်တာမြင့် | အမ ၁၀ | အထက(၁)မြောင်းမြ | ဧရာဝတီတိုင်းဒေသကြီး | ၅၄၀ | ၁ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၂ | မဟေမာန်စိုးစိုးကျော် | အဃ ၂ | အထကအိမ်မဲ | ဧရာဝတီတိုင်းဒေသကြီး | ၅၃၃ | ၂ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၃ | မောင်မြင့်ဟိန်း | အသ ၇၆၁ | အထက(၆)ပုသိမ် | ဧရာဝတီတိုင်းဒေသကြီး | ၅၃၂ | ၃ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၄ | မောင်စိုးပြည့်မောင် | အသ ၂၃၆ | အထက(၂)ပုသိမ် | ဧရာဝတီတိုင်းဒေသကြီး | ၅၃၀ | ၄ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၅ | မောင်ရဲဝေယံဦး | အဏ ၃၁ | အထက(ငါးသိုင်းချောင်း)ရေကြည် | ဧရာဝတီတိုင်းဒေသကြီး | ၅၂၅ | ၅ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |
| ၆ | မရွှေသဒ္ဒါထွန်း | အင ၅၄ | အထက(၁)မအူပင် | ဧရာဝတီတိုင်းဒေသကြီး | ၅၂၅ | ၅ | မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ |

# ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှတ်အများဆုံးရရှိသူများစာရင်း(ဝိဇ္ဇာဘာသာရပ်)

| စဉ် | အမည် | ခုံအမှတ် | ကျောင်း/မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် | ပေါင်း | အဆင့် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| (ကချင်ပြည်နယ်) | | | | | | | |
| ၁ | မသင်းသင်းခိုင် | ကင ၁၀၆၀ | အထက၊လုံးတုံ(နန့်မွန်း)မိုးညှင်း | ကချင်ပြည်နယ် | ၄၇၃ | ၁ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |
| ၂ | မငြိမ်းရတနာဝေ | ကက ၁၅၀၈ | အထက(၂)ရွှေကူ | ကချင်ပြည်နယ် | ၄၆၂ | ၂ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |
| ၃ | မောင်ကျော်ဇေယျ | ကနမ ၁၃၁၂ | အထက၊နန်းမား-မိုးညှင်း | ကချင်ပြည်နယ် | ၄၅၂ | ၃ | သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |
| ၄ | မမေသူလွင် | ကပ ၁၇၆၁ | အထက၊ဟိုပင် | ကချင်ပြည်နယ် | ၄၄၅ | ၄ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |
| ၅ | မဘောက်နူး | ကခ ၁၈၄၅ | အလွတ်ဖြေ၊ မိုးကောင်း | ကချင်ပြည်နယ် | ၄၄၀ | ၅ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |
| (ကယားပြည်နယ်) | | | | | | | |
| ၁ | မောင်ကျော်ရယ် | ယလ ၃၂၁၈ | အလွတ်ဖြေ၊လွိုင်ကော် | ကယားပြည်နယ် | ၄၀၈ | ၁ | ပထဝီဝင် |
| ၂ | မောင်မြတ်ထွန်း | ယလ ၂၇၃၆ | အထက(၁)လွိုင်ကော် | ကယားပြည်နယ် | ၄၀၄ | ၂ | ပထဝီဝင် |
| ၃ | မောင်ဂျွန်ရစ်ချက်ရှေး | ယလ ၃၂၁၉ | အလွတ်ဖြေ၊လွိုင်ကော် | ကယားပြည်နယ် | ၄၀၀ | ၃ | မြန်မာစာ၊ ပထဝီဝင် |
| ၄ | မစန်းစန်းမြင့် | ယလ ၂၇၆၈ | အထက(၁)လွိုင်ကော် | ကယားပြည်နယ် | ၃၉၈ | ၄ | ဘောဂဗေဒ |
| ၅ | မနော်မူးခိုဝါး | ယလ ၃၂၅၀ | အလွတ်ဖြေ၊လွိုင်ကော် | ကယားပြည်နယ် | ၃၉၇ | ၅ | ပထဝီဝင်၊ဘောဂဗေဒ |
| (ကရင်ပြည်နယ်) | | | | | | | |
| ၁ | မောင်စောကျော်မျိုးထွန်း | လအ ၁၃၀၆ | အထက(ကျိုက်ဒုံ)ကြာအင်းဆိပ်ကြီး | ကရင်ပြည်နယ် | ၄၀၉ | ၁ | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |
| ၂ | မောင်ဖြိုးဝေငြိမ်း | လအ ၁၃၀၁ | အထက(ကျိုက်ဒုံ)ကြာအင်းဆိပ်ကြီး | ကရင်ပြည်နယ် | ၃၉၁ | ၂ | ပထဝီဝင်၊ သမိုင်း၊ |
| ၃ | မယမင်းအေး | လအ ၁၃၂၂ | အထက(ကျိုက်ဒုံ)ကြာအင်းဆိပ်ကြီး | ကရင်ပြည်နယ် | ၃၈၈ | ၃ | သင်္ချာ၊ သမိုင်း၊ ဘောဂဗေဒ |
| ၄ | နော်ချယ်ရီ | လသ ၉၄၃ | အထက(လိပ်သို)သံတောင် | ကရင်ပြည်နယ် | ၃၇၈ | ၄ | ပထဝီဝင်၊ သမိုင်း၊ |
| ၅ | နန်းနိုင်နိုင်ထွန်း | လအ ၁၃၀၅ | အထက(ကျိုက်ဒုံ)ကြာအင်းဆိပ်ကြီး | ကရင်ပြည်နယ် | ၃၇၄ | ၅ | သမိုင်း၊ |


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၈၅၇၁ Toyota Landcruiser S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမွန်အေး ၁၂/စခန(နိုင်)၀၅၅၇၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၇၄၇၀ Super Mann Model, S/W(4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းဦး ၂/လကန(နိုင်)၀၀၃၇၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၅၂၇၅၅ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်လေး ၉/သပက(နိုင်)၀၁၉၈၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၃၇၅၅ KENBO ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်စည်သူ ၉/မရမ(နိုင်)၀၀၀၉၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅နှင့် ၄-၇-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၁)မှ အိတ်ဖွင့်တင်ဒါတံတားအထူးအဖွဲ့(၁၄)ကြော်ငြာမှ အမှတ်စဉ်(၁/၂၀၁၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာစာတွင် သံချောင်းလုံး(ရှယ်စုံ)နှင့် (.7m & 1.9m Stand Pipe)များအား မှားယွင်းထည့်သွင်းခေါ်ယူထားပါ၍ မပါရှိပါကြောင်း ကြေညာချက်ဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/2906 (၈ဈ/၂၉၀၆)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၆၁၅၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၉၄၁၁ Toyota Hilux Surf S/W(4×4) ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၈/ပခက(နိုင်)၁၇၅၄၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၄၄၃၃ Toyota Harrier MCU 10, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာကျော်ဝင်း ၉/မထလ(နိုင်)၂၃၉၅၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၅၆၆ Toyota Hilux Surf , S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာကျော်ဝင်း ၉/မထလ(နိုင်)၂၃၉၅၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၉၇၄၇၇ Fengci 110 မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဒေါ်ကြူကြူမြင့် ၁၃/လရန(နိုင်)၀၀၀၉၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၅၇၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းဦး ၈/ပဖန(နိုင်)၀၃၈၆၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ မင်းဘူးမြို့**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မဝင်းလဲ့လဲ့ထွန်း၏ဖခင် ၇/ပခန(နိုင်)၀၀၅၀၇၇ ကိုင်ဆောင်သူ ဦးသန်းမြင့်(ခ)ဦးသန်းမြင့်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းမြင့်(ခ)ဦးသန်းမြင့်ဦး ၇/ပခန(နိုင်)၀၀၅၀၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၈၂၂ Toyota Corolla SW 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကို ၁၂/ရကန(နိုင်)၀၀၇၈၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9942 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# နေပြည်တော်ကောင်စီနယ်မြေ၌ ကျေးရွာတွင်း ကျောက်ချောလမ်းခင်း

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းအသုံးစရိတ်မှ ဇမ္ဗူသီရိမြို့နယ်အတွက် ငွေကျပ် ၁၅၁၂ ဒသမ ၀၃၆ သန်းကို လျာထားဆောင်ရွက်လျက်ရှိရာ အောင်ချမ်းသာကျေးရွာရှိ ကျေးလက်နေပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ရာသီမရွေးသွားလာနိုင်စေရန်အတွက် လက်တွေ့အသုံးပြုနိုင်မည့် ရွာတွင်းကျောက်ချောလမ်းခင်းကျင်းနေမှုနှင့် ကျေးရွာအတွင်း စပါးကြိတ်စက်၊ စပါးခြောက်ခံစက်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ လမ်းဖောက်လုပ်ရေးတာဝန်ခံများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၆ ရက် နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာရှိ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အောင်ချမ်းသာကျေးရွာတွင် ခင်းကျင်းနေသည့် ရွာတွင်းကျောက်ချောလမ်းသည် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ပျဉ်းမနား-တောင်ညိုလမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းဖြစ်ပြီး အရှည် ၂၀၀၅ပေ၊ အကျယ် ၁၂ ပေရှိကာ ကုန်ကျငွေကျပ် ၃၁ ဒသမ ၆၆၃ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

သပြေကုန်းရပ်ကွက်တွင် ကျောက်ချောလမ်းအဆင့်မြှင့်ခြင်း၊ ကတ္တရာခင်းခြင်း၊ ရွှေကြာပင်ရပ်ကွက်တွင် ကတ္တရာခင်းခြင်း၊ တဲကြီးကုန်းကျေးရွာလမ်း မြေသားပြုပြင်ခြင်း၊ ရှားတောကျေးရွာလမ်း မြေသားပြုပြင်ခြင်း၊ အလျင်လိုကျေးရွာ ကျောက်ချောလမ်းနှင့် Pipe Culvert တည်ဆောက်ခြင်း၊ အောင်ဇမ္ဗူရပ်ကွက်လမ်း ကတ္တရာခင်းခြင်း၊ ညောင်ပင်ဝိုင်းကျေးရွာလမ်း ကတ္တရာခင်းခြင်း စသည့်လုပ်ငန်းများနှင့် ရေထုတ်မြောင်းများ ဖောက်လုပ်သည့်လုပ်ငန်းကို ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါရပ်ကွက်နှင့် ကျေးရွာတွင်းလမ်းများသည် မြို့တွင်း/မြို့ပတ်လမ်းများနှင့် ဆက်သွယ်သွားလာနိုင်မည့်လမ်းများဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၇)ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင် မြို့ဦးစေတီတော်မြတ်ကြီး၏ ရွှေထီးတော် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲအခမ်းအနားကို ဘုရားပရိဝုဏ်အတွင်း ဇူလိုင် ၆ ရက်က ကျင်းပစဉ်။ ကိုကျော်(သုံးခွ)

## မန်စီမြို့ အထကကျောင်း၌ ကျောင်းဆောင်သစ် လှူဒါန်း

**မန်စီ ဇူလိုင် ၉**

ကချင်ပြည်နယ် မန်စီမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပဉ္စမတန်း ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အဆိုပါကျောင်းဖုန်ကန်ဒူဝါခန်းမ၌ ဇူလိုင် ၇ ရက်နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကြိုင်က အမှာစကားပြောကြား၍ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးက လက်ခံယူပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခွာညိုက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အလျား ၇၅ ပေ၊ အနံ ပေ ၃၀ရှိ ငွေကျပ်သိန်း ၂၃၀ ကျော်၊ သွပ်မိုး၊ နံကပ်၊ တစ်ထပ်တိုက် အဆောက်အအုံသစ်ကို မန်စီမြို့ ဦးလနူး-ဒေါ်ကျင်းမုံ၊ ဆိုင်းတောင်ရပ်နေ ဦးကျော်ကျော်ဦး-ဒေါ်ကျင်းယုံ မိသားစုတို့က လှူဒါန်းခဲ့ကြပြီး အခမ်းအနားသို့ မြို့နယ်ပညာရေးကွန်ရက်မှအဖွဲ့ဝင်များ၊ အလှူရှင်မိသားစုဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြို့နယ်သံဃာ့ဝန်ဆောင်နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ပျဉ်းမနား ဇူလိုင် ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့်ရှိ မင်္ဂလာဗျူဟာသာ သနာ့ဗိမာန်တော်ကြီး၌ ဇူလိုင် ၆ ရက် မွန်းလွဲ ၁နာရီက သတ္တမအကြိမ်မြို့နယ် သံဃနာယကအဖွဲ့၏(ပထမအကြိမ်) မြို့နယ် သံဃာ့ဝန်ဆောင်နှစ်ပတ်လည်အစည်းအဝေးကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဩဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များ၊ မြို့နယ်ဝန်ဆောင်ဆရာတော်များ၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားတာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမှတ်ကြီး၊ ခရိုင်သာသနာရေးမှူး၊ မြို့နယ်သာသနာရေးဦးစီးမှူး၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**



## ဓမ္မစကြာမုဒြာဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကြီး ဟိုပန်မြို့သို့ ပင့်ဆောင်ပူဇော်

**ဟိုပန် ဇူလိုင် ၉**

ကမ္ဘာတည်သရွေ့ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပစေရန် ရည်ကာမှန်းမျှော်၍ အလှူရှင် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ ဥက္ကဋ္ဌဦးခွန်ထွန်းလူနှင့်ဇနီး ဒေါ်စောနန်းပန် မိသားစုနှင့် ရပ်နီးရပ်ဝေးအလှူရှင်များ စုပေါင်းလှူဒါန်းရရှိအလှူငွေဖြင့် မန္တလေးမြို့၌ သွန်းလောင်းပြီးသည့် ဉာဏ်တော်အမြင့် ၁၂ပေရှိ ဓမ္မစကြာမုဒြာဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကြီးကို မန္တလေးမြို့မှ လားရှိုးမြို့သို့ ဇူလိုင် ၂ ရက် နံနက် ၆ နာရီက စတင်ပင့်ဆောင်သည်။ လားရှိုးမြို့ ရပ်ကွက် (၈) သိန်းနီလမ်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ မိသားစုနေအိမ်ဝင်း၌ တစ်ညကိန်းဝပ်စံပယ်အပူဇော်ခံပြီးနောက် ဇူလိုင် ၃ ရက် နံနက် ၉ နာရီက လားရှိုးမြို့မှတစ်ဆင့် ဟိုပန်မြို့ မြို့မကျောင်းတိုက်သစ်သို့ ဆက်လက်ပင့်ဆောင်ရာ ညနေ ၆ နာရီက ရောက်ရှိသည်။

အဆိုပါ ကြေးဆင်းတုတော်ဘုရားကြီးသည် ကြေးပိဿာချိန် ၁၆၀၀ ခန့်ရှိသည်။ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၉၀ ဖြစ်ပြီး မြို့မကျောင်းတိုက်၌ ကိုးကွယ်ထားရှိမည်ဖြစ်သည်။ ကြေးဆင်းတုတော်ကြီး ပင့်ဆောင်ရာ ခရီးလမ်းပေါ်ရှိ မြို့ရွာများမှ ပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆိုပူဇော်ကြသည်။ မြို့ရွာတိုင်းက တာဝန်ရှိသူများ ကူသိုလ်ယူကူညီမှု၊ ပင့်ဆောင်ရေးအဖွဲ့၏ ကြိုးစားဆောင်ရွက်မှုတို့ကြောင့် ဘေးရန်အန္တရာယ်၊ အခက်အခဲများ ကျော်လွှားကာ ဟိုပန်နယ်သူနယ်သားများ ကိုးကွယ်ပူဇော်ထိုက်သည့် ကြေးဆင်းတုတော်ကြီး အောင်မြင်စွာ မြို့မကျောင်းတိုက်သစ်သို့ ဒေသစာရီ ကြွချီလာနိုင်ခဲ့သည်။ မြို့မကျောင်းတိုက်သစ်သည် အလျား ၁၄၅ ပေ၊ အနံ ၆၆ ပေ၊ အမြင့် ပေ ၂၀၊ မြန်မာမှုအနုပညာပါ ဘုံဆင့်များဖြင့် တစ်ထပ်တိုက်ကျောင်းတော်ကြီးဖြစ်ကာ ကာလတန်ဖိုးငွေကျပ်သိန်း ၃၆၀၀ ဖြစ်သည်။ ဓမ္မစကြာမုဒြာ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲကို ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့ နံနက်တွင် ခမ်းနားစွာကျင်းပမည်ဟု သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


### အမည်ပြောင်း

သရက်မြို့၊ အလက(၃)မှ ဦးထွန်းလှိုင် ၁၄/ရကန(နိုင်)၀၈၀၇၁၁ ၏သမီးများဖြစ်သော ဆဋ္ဌမတန်းမှ မဖူးသဇင်ဝင့်အား မဖူးသဇင်ဟုလည်းကောင်း၊ ဒုတိယတန်းမှ မခင်ခတ္တာဝင့်အား မခင်ခတ္တာဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

**မဖူးသဇင်၊ မခင်ခတ္တာ**

### အမည်ပြောင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါနိုးကူးရပ်ကွက်တွင် နေထိုင်သူ ဦးကီးရယ်၏သား မောင်အောင်မြင့်ဦး ၂/လကန(နိုင်)၀၉၉၈၂၆အား ယနေ့မှစ၍ မောင်ခမ်းလင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ခမ်းလင်းထွန်း**

### ကယားပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောက်လုပ်မည့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ လွိုင်ကော်မြို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ တိုးချဲ့ဆောင်တည်ဆောက်ခြင်းနှင့် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ၃၁-၇-၂၀၁၄ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါအသေးစိတ်ကို ကယားပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၈၃-၂၁၅၅၀ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မကွေးမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၂

| | | |
|---|---|---|
| ဦးမြဦး | နှင့် | ဦးအောင်အောင် |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်း၊ အမှတ် ၂၈ (ကောင်းဟိန်းကဖီး)နေ ဦးအောင်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စိုက်ထုတ်ကုန်ကျထားသည့် အလုပ်သမားခရရန် ကျန်ငွေ ၄၉၀၄၀၀၀ိ/-(ကျပ်လေးဆယ့်ကိုးသိန်းလေးထောင်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယင်းမာ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မကွေးမြို့နယ်တရားရုံး**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁+၇+၈ ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၃၃၆/ခ)၊ မြေဧရိယာ (၀ဒသမ ၀၄၈၈ဧက)ရှိ မြေဂရန် မြေကွက်အမည်ပေါက် ဦးငို့မိန်း ၁၃/လရန(နိုင်)၁၅၅၆၃၉ ၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃ နှင့်ဆက်သွယ်သည်။
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၃

| | | |
|---|---|---|
| ကိုနေဝင်း | နှင့် | ဒေါ်ရင်မာသန်း |
| **တရားနိုင်** | | **တရားရှုံး** |

ဒေါ်ရင်မာသန်း ညညု-၃၂/၄၈၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ကိုနေဝင်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထားထား)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

# ပြည်ပနည်းပညာရွှေဆိုင်းများကြောင့် ရိုးရာရွှေဆိုင်းခတ်လုပ်ငန်း မှေးမှိန်ပျောက်ကွယ်သွားမည့်အခြေအနေရောက်ရှိ

မင်းထက်အောင်(မန်းကိုယ်ပွား)



မြန်မာ့လက်မှု ပညာတစ်ခုဖြစ်သော ရွှေဆိုင်းခတ်ပညာရပ်သည် မိရိုးဖလာ လက်မှုပညာဖြစ်သည့်အတွက် နိုင်ငံခြားခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားစွာနေ့စဉ်လာရောက် ကြည့်ရှုလေ့လာလျက်ရှိပြီး ယခုနှစ်တွင် ပြည်ပနည်းပညာဖြင့် ပြုလုပ်ထားသည့် ရွှေဆိုင်းများမှာ ပြည်တွင်းသို့ ဝင်ရောက်လာသဖြင့် ရိုးရာ လက်မှုပညာရပ်ဖြစ်သော ရွှေဆိုင်းခတ်လုပ်ငန်း မှေးမှိန်ပျောက်ကွယ်သွားမည်ကို စိုးရိမ်လျက်ရှိကြကြောင်း သိရသည်။

"မြန်မာတစ်နိုင်ငံလုံးမှာ လက်မှု လုပ်ငန်းတစ်ခုအဖြစ် မန္တလေးမြို့ မျက်ပါးရပ်(ရပ်ကွက်)မှာ ရွှေဆိုင်းခတ်လုပ်ငန်းလုပ်တယ်။ ဘယ်မှာမှမရှိဘူး။ ရွှေကို အလွန်ပါးလွှာအောင် ပြုလုပ်တဲ့ရပ်ကွက်ဖြစ်၍ ရွှေပါးရပ်လို့ ရှေးတုန်းက အမည်တွင်ခဲ့တယ်၊ မင်းတုန်းမင်းတရားကြီး လက်ထက်မှာတော့ ရပ်ကွက်ကြီးနေရာတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့တယ်။ ပါဠိဘာသာနဲ့ ရွှေကို-မျက်လို့ ဖွင့်ဆိုထားတာကြောင့် နောက်ပိုင်းမှာ မျက်(ရွှေ)+ပါး+ရပ်ကွက်=မျက်ပါးရပ် (ကွက်)ဆိုပြီးခေါ်ဝေါ်သုံးစွဲခဲ့တယ်" ဟု မန္တလေးမြို့ မျက်ပါးရပ်မှ ရွှေဆိုင်းခတ်လုပ်ငန်း အနှစ်(၄၀) လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

"ဒီနှစ်ထဲမှာ ပြည်ပနည်းပညာနဲ့ ပြုလုပ်ထားတဲ့ ရွှေဆိုင်းတွေဝင်လာတွေ့ရတယ်။ အဲဒီရွှေဆိုင်းဟာအရည်အသွေးမီသလား၊ မမီဘူးလားဆိုတာ မသိဘူး။ ပြည်တွင်းရွှေဆိုင်းရဲ့ရွှေပါဝင်မှုအရည်အသွေးက ၉၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိတယ်။ ရွှေဆိုင်းကို မြင့်မြတ်တဲ့ဘုရား၊ စေတီ၊ ပုထိုးတွေမှာ ပူဇော်ကြတာဖြစ်လို့ ပြည်ပနည်းပညာနဲ့ ပြုလုပ်ထားတဲ့ ရွှေဆိုင်းတွေဟာ ရွှေအရည်အသွေးရယ်၊ ရွှေမိုက်ထုတ်လို့ရ/မရဆိုတာ တွေ့ရယ်၊ စစ်ဆေးဖို့တော့ လိုတယ်။ နောက်တစ်ခုက ပြည်ပရွှေဆိုင်းတွေဝင်လာရင် စားဝတ်နေရေးအတွက် ရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ မှီခိုနေရသူလုပ်သားအင်အားငါးသောင်းကျော် အလုပ်လက်မဲ့ဖြစ်သွားနိုင်တယ်။ ပုဂံခေတ်ကနေ ဒီနေ့ထိရှိနေတဲ့ မြန်မာ့ရိုးရာလက်မှုပညာ ရွှေဆိုင်းခတ်လုပ်ငန်းဟာ မှေးမှိန်ပျောက်ကွယ်သွားမယ်ဆိုတာ သေချာသလောက်ပါပဲ"ဟု ရွှေဆိုင်းလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မျက်ပါးရပ်မှ ပြုလုပ်သည့် ရွှေဆိုင်းသည် တစ်ရက်လျှင် အလုပ်သမား ၁၀ ယောက်မှ အဆိုင်းပေါင်း ၂၀၀ ခန့်သာ ပြီးစီးကြောင်း၊ ရွှေဆိုင်းသည်တိုင်းရင်းဆေးအဖြစ် သုံးနိုင်၍ အမှုန်များဖြစ်သောကြောင့် တိုက်ရိုက်စားသုံးနိုင်ကြောင်း၊ ရွှေဆိုင်းရရှိရန် လူအားဖြင့် အဆင့်ပေါင်းငါးဆင့် ပြုလုပ်ရသည့်အပြင် ယင်းအဆင့်များကြားထဲ၌ ရွှေပြင် လုပ်သူထံသို့ လေးကြိမ်ပို့ရသေးကြောင်း၊ မျက်ပါးရပ်တွင်ရွှေဆိုင်းခတ်လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးသာရှိကြောင်း၊ ရွှေဆိုင်းအသုံးပြုမှုမှာ မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်၌ တစ်လလျှင် အရွက်တစ်ရာပါ ရွှေဆိုင်းပေါင်း ၁၅၀၀၀ ခန့် အထိရှိကြောင်း၊ မျက်ပါးရပ် ရွှေဆိုင်းလုပ်ငန်း လည်ပတ်မှုသည် ရွှေတိဂုံစေတီ (ရန်ကုန်) နှင့် မဟာမုနိရုပ်ရှင်တော်မြတ် (မန္တလေး)တို့တွင် အဓိကမှီခိုနေရသောကြောင့် အလုပ်သမားများစွာ၏ အလုပ်အကိုင်အခွင့်အလမ်းကိုလည်းကောင်း၊ ငွေကြေးထက်မြန်မာ့ရိုးရာလက်မှုပညာကိုထိန်းသိမ်းသောအားဖြင့်လည်းကောင်း ပြည်တွင်းဖြစ် ရွှေဆိုင်းများကိုသာ အသုံးပြုကြရန် ဆန္ဒရှိကြသည်။

ရွှေဆိုင်းခတ်ပညာရပ်သည် အနော်ရထာမင်းလက်ထက်ကတည်းကရှိခဲ့ပြီး မွန်လူမျိုးတို့ထံမှ လက်ဆင့်ကမ်း သယ်ဆောင်ခဲ့သည်ဟု ခေတ်အဆက်ဆက်ရွှေဆိုင်းခတ်ပညာရှင်တို့မှ ပြောဆိုခဲ့ကြောင်း၊ မြင့်မြတ်သည့်ဘုရား၊ စေတီပုထိုးများတွင် ကပ်လှူပူဇော်ခြင်းဖြစ်၍ ရွှေဆိုင်းများ ပါးလွှာအောင်လုပ်ရန်'တူ'ထုခြင်း(အရားခပ်+ ပစခပ်+ ရွှေခပ်) မတိုင်မီ လက်အုပ်ချီ ဂါရဝပြုလေ့ရှိကြောင်း၊ ယင်းနေရာတွင် ဆရာအစဉ်အဆက်ကို ပူဇော်အလေးထားသောအားဖြင့် အောင်သပြေနှင့် ညောင်ရေအိုးထားရှိခြင်း၊ ပန်းကန်ပြားပေါ်၌ ငွေသားတင်ထားခြင်းနှင့် အုန်းပွဲ၊ ငှက်ပျောပွဲလှူခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း သိရပြီး ရွှေဆိုင်းခတ်လုပ်ငန်းသို့ နေ့စဉ်နိုင်ငံခြားခရီးသွားဧည့်သည်များစွာလာရောက်လေ့လာနေကြကြောင်း သိရသည်။

## ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းနှင့် တရားလွှတ်တော်တရားသူကြီးများက လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးတို့ကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး မူလတန်းပညာသင်ကြားနေသော တရားရုံးဝန်ထမ်းများ၏ သားသမီး ၅၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးလွှတ်တော်)**

## မိုးစပါးပုလဲသွယ်မျိုးစေ့ချပွဲ တောင်ကုတ်၌ကျင်းပ

**တောင်ကုတ် ဇူလိုင် ၉**

တောင်ကုတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မိုးစပါးပုလဲသွယ်ငါးဧကမျိုးစေ့ချပွဲအခမ်းအနားကို မီးချောင်းထိုးကျေးရွာအုပ်စုကွင်း အမှတ်-၈၉ ဦးပိုင်အမှတ် (၃၁/၁)ရှိ တောင်သူ ဦးတင်မြင့်၏လယ်မြေတွင် ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်နှင့် စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးဦးစီးဌာနဦးစီးမှူး ဦးထွန်းသိန်းနှင့် ဝန်ထမ်းများ၊ မီးချောင်းထိုးကျေးရွာမှ တောင်သူများ တက်ရောက်ကြပြီး မျိုးစေ့ချပွဲကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြပြီး ဦးစီးမှူးဦးထွန်းသိန်းက တက်ရောက်လာသောတောင်သူများသို့ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



**မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ဇူလိုင် ၅ ရက်က အဆိုပါကျောင်းရှေ့မုခ်ဦး၌ ကျင်းပရာ မြို့နယ်အထောက်အကူပြုကော်မတီဝင် ဦးလှဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်လင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်တင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** နေအောင်(ပြန်/ဆက်)

---

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**မြေတိုင်းဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန၏ Website လွှင့်တင်နိုင်ရန်အတွက် Web Portal တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ခေါ်ယူပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၇-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၈၁၀၄၁၆၅**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ်(က-၇၈)အား အမှတ် ၂၄၊ ရဲဘော်ကျန်လမ်း၊ မကျည်းတောရပ်၊ ရန်အောင်(၁)၊ နေပြည်တော်၊ ပျဉ်းမနားမြို့နေ ဦးဝင်းနောင် ၁၂/ကတတ(နိုင်)၀၁၈၅၅၀က အမည်ပေါက်ပိုင်ဆိုင်၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ အမှတ် ၁၈/ခနေ ဒေါ်ခင်မြင့် ၁၂/ရကန(နိုင်)၀၀၈၈၄၅က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း(၂)ခုအား နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါသည်-

(က) သိုလှောင်ရုံ(၁)လုံး တည်ဆောက်ရေးလုပ်ငန်း
ပေ(၄၀×၂၀×၁၀) 4 Angle အမိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း
Brick Nogging အမျိုးအစား

(ခ) ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ(၁)လုံး တည်ဆောက်ရေးလုပ်ငန်း
ပေ(၄၀×၂၀×၁၀) 4 Angle အမိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း
Brick Nogging အမျိုးအစား (အတွင်းလျှပ်စစ်မီးလုပ်ငန်းအပါအဝင်)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၈-၂၀၁၄ ရက် ၁၃း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄**

### အမွေပြတ်စွန့်လွှတ်ခြင်း

ဝမ်းတွင်းမြို့နယ်၊ တောင်ဆည်အုပ်စု၊ ကုန်းကန်ကျေးရွာရှိ ဦးစိန်သောင်း ၉/ဝတန(နိုင်)၀၁၇၁၅၇ နှင့် ဒေါ်ကြည် ၉/ဝတန(နိုင်)၀၁၇၁၅၈တို့၏သား ဦးဝင်းမောင်သည် မိဘများစိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြည်**
**၉/ဝတန(နိုင်)၀၁၇၁၅၈**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ထန်းတပင်မြို့၊ အော်တိုအိတ်ချိန်းရုံး၌ ပေ(၂၆×၂၆) အုတ်ညှပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၇-၂၀၁၄ ရက် (၁၆း၀၀)နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းမန်နေဂျာရုံး၊ ပဲခူးမြို့။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၀၁၅၅၅သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး(အရှေ့)**

### ဖခင်အမည်မှန်

အလက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)ကျောင်းတွင် ပဉ္စမတန်း(စ)မှ မထက်အိန္ဒြာလင်း၏ ဖခင်အမည်မှန်မှာ ဦးလားလော်ကီးမား ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွဲထိုးကျေးရွာနေ မဦးယဉ်နွယ် ၁၁/ပဏတ(နိုင်)၀၈၂၀၄၅ ၏ဖခင်အမည်မှန်မှာ ဦးထွန်းလှချေ(ခ) ဦးမောင်ထွန်းလှ ၁၁/စတန(နိုင်)၀၂၀၆၈၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အထက(၅) ကမာရွတ် တက္ကသိုလ်ဝင်တန်း(A)တွင်ပညာသင်ကြားနေသော မအိသိမ့်သိမ့်သူ၏ ဖခင်အမည်မှန်မှာ ဦးကျင်ထွန်း ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘချို ၁၁/စတန(နိုင်)၀၃၇၃၁၉ နှင့် ကျွန်မ ဒေါ်ခင်ကြည် ၁၁/စတန(နိုင်)၀၃၇၃၁၇ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၅၀၀၅၇၅**

**မိခင်အမည်မှန်**

သီပေါမြို့၊ မန်ဟဲကျေးရွာနေ နန်းလွင်လွင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်နန်းကေသီဦး(ခ)ဒေါ်နန်းမိုဟွမ် ၁၃/သပန(နိုင်)၀၁၆၄၉၇ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲ ရိုးရာဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲအခမ်းအနားကျင်းပ

**ထားဝယ် ဇူလိုင် ၉**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်လှသန်း၊ ထားဝယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်တို့က တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ ရောင်းချသော တိုင်းရင်းသား အစားအစာများကို ကြည့်ရှုအားပေးခဲ့သည်။



ဆက်လက်၍ ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် ထားဝယ်သူနာပြုသင်တန်းကျောင်းမှ အမျိုးသမီးငယ်လေးများက အကများဖြင့်ဖျော်ဖြေပြီး ထားဝယ်တက္ကသိုလ်၊ ထားဝယ်ပညာရေးကောလိပ်နှင့် ထားဝယ်သူနာပြုသင်တန်းကျောင်းမှ လှပျိုဖြူလေးများက "ခေတ်မီလှပ၊ မေမြန်မာအလှ" ရိုးရာဝတ်စားဆင်ယင်မှုပြပွဲကို တင်ဆက်ပြသပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုသီဆိုသူများအား ဆုငွေများချီးမြှင့်ပြီး ဂုဏ်ပြုပန်းခြင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်

**ပုသိမ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် နေဝင်း ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရေကြည်မြို့မရဲစခန်းမိသားစုနှင့် နေဝင်းရပ်ကွက်လုပ်သားပြည်သူများက စုပေါင်းအလှူငွေဖြင့် အဘိတ်ဆေးများဝယ်ယူပြီး ရေကြည်မြို့မရဲစခန်းနှင့် နေဝင်းရပ်ကွက်အတွင်းရှိ အိမ်ခြေ ၅၈၂ အိမ်၊ ရေကန်ပေါင်း ၂၀၀ ကျော်နှင့်တိုင်ကီ၊ ကျောက်စည်ပိုင်းများတွင်ပိုးလောက်လမ်းများမပေါက်ပွားအောင် အဘိတ်ဆေးများကို ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲက တစ်အိမ်တက်ဆင်းဆေးများခတ်ပေးလျက်ရှိသည်။ နေဝင်းရပ်ကွက်တွင် အိမ်ခြေ ၅၈၂ အိမ်၊ ရေကန် ၂၀၀ ကျော်တို့ကို အသုံးပြုနိုင်ရန် နေဝင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ၊ ကြက်ခြေနီမောင်မယ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများလိုက်လံ၍ သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်နိုင်ရန်နှင့် ပိုးလောက်လမ်းများ မတွယ်နိုင်အောင်ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**ဖားကန့် ဇူလိုင် ၉**

၂၀၁၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ဖားကန့်မြို့အေးမြသာယာရပ်ကွက် ဥရုချောင်းဘေးတာပေါင်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ဆွေမြင့်၊ ဌာနဆိုင်ရာဝန် ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနတာဝန်ခံ ဦးညိုဦးနှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်စသည့် ပျိုးပင် ၂၂၀ ကို စုပေါင်းစိုက်ပျိုးပေးကြကြောင်း သိရသည်။

**ဝင်းအောင်**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးခြင်းကို ဇူလိုင် ၇ ရက်က ကျင်းပရာ သွားဆရာဝန် ဒေါက်တာမျိုးသီဂိနှင့်ကျန်းမာရေးဝန်ထမ်းများက မူလတန်း ကျောင်းသားကျောင်းသူလေးများအား သွေးစစ်ခြင်း၊ ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ သွားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုယုသိန်းနှင့် ဆရာ ဆရာမများက ကူညီဆောင်ရွက်ပေးကြစဉ်။ (ဝ၂၁)

## ပုလဲမြို့နယ်တွင် ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက ကွင်းပြပွဲကျင်းပ

**ပုလဲ ဇူလိုင် ၉**

တောင်သူလယ်သမားများ၏ သီးနှံအထွက်တိုးလာမှုမှသည် လူမှုစီးပွားဘဝမြှင့်တင်နိုင်စေရေးကို ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးနင်းကြီးကျေးရွာအုပ်စု သင်တီးကန်ကျေးရွာ တောင်သူဦးမင်းရာ၏ လယ်ယာမြေတွင် ဇွန် ၂၇ ရက် နံနက် ၉ နာရီက ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကွင်းပြပွဲ ကျင်းပသည်။

ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးဦးကိုလေးက "မြို့နယ်အတွင်းရှိ တောင်သူများအတွက် စိုက်နည်းစနစ် မှန်ကန်ရေး၊ အထွက်ကောင်းမျိုးများ အသုံးပြုလာစေရေးအတွက် ယခုလို အထွက်ကောင်းမျိုးဖြစ်တဲ့ ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ် စိုက်ခင်း ၁၀ ဧကကို တောင်သူဦးကြီးများ လေ့လာကြည့်ရှုစိုက်ပျိုးနိုင်စေရေးအတွက် ကွင်းပြပွဲကို ကျင်းပပေးခြင်းဖြစ်ပါတယ်။ အဓိကအားဖြင့် တောင်သူလယ်သမားများရဲ့ သီးနှံအထွက်တိုးလာမှုမှသည် လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် ကျွန်တော်တို့ စိုက်ပျိုးရေးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပုလဲမြို့နယ် သင်တီးကန်ကျေးရွာမှ တောင်သူဦးမင်းရာက "အရင်ကတော့ ဒေသမျိုးလိုဖြစ်နေတဲ့ ဆန်ပိုလာနေကြာမျိုးကို စိုက်ပျိုးတာ တစ်ဧက ၁၅ တင်းလောက်ပဲ ထွက်ရှိခဲ့ပါတယ်။

မြို့နယ်စိုက်ပျိုးရေးရုံးမှတစ်ဆင့် ရေဆင်းစိုက်ပျိုးရေး သုတေသန တပ်ကုန်းခြံကနေ မှာယူရရှိတဲ့ ရေဆင်း(၁)စပ်မျိုးနေကြာမျိုးဟာ တစ်ဧကတင်း ၅၀ လောက် ထွက်ရှိတဲ့အတွက် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းတွေနဲ့ လက်တွဲပြီး ခေတ်မီစိုက်နည်းစနစ်တွေနဲ့ ကျွန်တော့်မှာရှိတဲ့ လယ်ယာမြေ ၁၀ ဧကပေါ်မှာ ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့ထုတ်ယူရရှိနိုင်ရေးအတွက် ဧပြီလက စိုက်ပျိုးခဲ့ရာ နောက်လမှာ ဆိုရင်အောင်မြင်ဖြစ်ထွန်းတဲ့ နေကြာမျိုးစေ့ကို ရရှိနိုင်ပြီဖြစ်လို့ ဘဝတူ တောင်သူတွေကို ပြန်လည်ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။

ယခင်က တပ်ကုန်းခြံကနေ မှာယူရရှိမှ စိုက်ပျိုးနိုင်ပေမယ်လို့ အခုဆိုရင် ကိုယ့်ဒေသမှာပဲ ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ကို ရရှိတော့မှာဖြစ်ပါတယ်။ စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကနေ ထွက်ရှိမယ့် မျိုးစေ့ဟာ နောက်ထပ်ဧက ၇၀၀ လောက်ပြန်ပြီး မျိုးဖြန့်ပေးနိုင်တော့မှာဖြစ်လို့ တောင်သူတွေရဲ့ အကျိုးကို လက်တွေ့ကျကျ ခံစားရရှိနိုင်အောင် လယ်ထဲကွင်းထဲမှာ ကျွန်တော်တို့လို့ တောင်သူတွေနဲ့ လက်တွဲပြီး ဆောင်ရွက်ပေးခဲ့တဲ့ စိုက်ပျိုးရေးဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အလက(၁၅)၊ ပဥ္စမတန်း(က)မှ စိုင်းလောဝ်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကျော်ခိုင်ဦး ၁၃/နခန(နိုင်)၀၃၇၀၅၄ ဖြစ်ပါကြောင်း။ **ဦးစိုင်းကျော်ခိုင်ဦး**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထက(ခွဲ) ဓိုးကုန်းကြီးမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မစုမြတ်စန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင် ၇/ညလပ(နိုင်)၀၄၂၁၂၄ ဖြစ်ပါကြောင်း။

**အများသိစေရန်ကြေညာခြင်း**

မြင်းခြံမြို့နယ်၊ ဒါးကျွန်းတောင်ရွာနေ ဦးညိုမောင် ၉/မခန(နိုင်)၁၀၄၇၀၀ နှင့်ဒေါ်မြဝင်း ၉/မခန(နိုင်)၁၀၄၆၉၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးညိုမောင်နှင့်ဒေါ်မြဝင်းတို့က ၄င်းတို့တွင် သားရင်း၊ သမီးရင်းမရှိသဖြင့် အဖအမည်မသိ၊ အမိ ဒေါ်သင်းသင်းဆွေ၏ သမီး မဇင်မာညို(ခ) မလဲ့လဲ့ဝင်း ကို လွှန်ခဲ့သော ၁၅-၁-၂၀၀၄ ရက်က စာချုပ်စာတမ်းဖြင့် မွေးစားခဲ့ပါသည်။

ယခုအခါတွင် မဇင်မာညိုသည် ကျွန်ုပ်၏မိတ်ဆွေ ဦးညိုမောင်နှင့်ဒေါ်မြဝင်းတို့၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိသည့်အပြင် မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မဇင်မာညိုအား မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်ကြောင်းနှင့် နောက်နောင်၄င်းနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်တို့သည် ဦးညိုမောင်၊ ဒေါ်မြဝင်းတို့နှင့်သက်ဆိုင်ခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညိုမောင်နှင့်ဒေါ်မြဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ကြည် (တရားလွှတ်တော်ရှေ့နေနှင့်ဘဏ္ဍာရှေ့နေ) စဉ်(၂၈၅၈)**
**အမှတ် ၃၉၇၊ ၁၃ ရပ်ကွက်၊ မြင်းခြံမြို့၊ ဖုန်း-၀၉-၂၂၁၅၅၁၉**

**သားအဖြစ်မှစွန့်လွှတ်ခြင်း**

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့မြို့သစ်နေ ဦးဆွေ(အမက-၁၇၊ မူအုပ်)နှင့် ဒေါ်အမာကြည်(မူအုပ်၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသား မောင်ဖြိုးဟိန်း ၉/မခန(နိုင်)၂၁၅၈၇၄ သည် မိဘ၏ဆိုဆုံးမမှုစကားကို နာခံမှုမရှိဘဲ မိဘနှစ်ပါးကို ကိုယ်စိတ်နှစ်ပါးဒုက္ခအကျပ်အတည်းနှင့်တွေ့ကြုံအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးဆွေ ၉/မခန(နိုင်)၀၃၀၄၆၅၊ ဒေါ်အမာကြည် ၉/မခန(နိုင်)၀၃၀၄၆၂**
**အမှတ်(၁)တိုးချဲ့မြို့သစ်၊ မြင်းခြံမြို့**

**(၁၈-၆-၂၀၁၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ၊ စာမျက်နှာ(၃)မှ ဦးနေဝင်း၏ ကြေညာချက်အပေါ်**

**ပြန်လည်ရှင်းလင်းကြေညာခြင်း**

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ အကွက်အမှတ်(၁၀)၊ သရက်တောအလယ်၊ ဦးပိုင်အမှတ်(၁၇)နှင့် (၁၉)တို့မှာ ယနေ့အချိန်အထိ ကွယ်လွန်သူအမွေရှင် ဒေါ်ဇာယုအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။

၂။ ယင်းမြေကွက်များအနက် ဦးပိုင်အမှတ်(၁၉)၏ ထက်ဝက်ဖြစ်သည့်ဦးပိုင်အမှတ်(၁၈)နှင့်ဆက်စပ်လျက်ရှိသည့် မြေအစိတ်အပိုင်းမှာ ကွယ်လွန်သူ ဒေါ်ထားတင်အမွေခွဲဝေရရှိသော မြေကွက်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုတို့ဖြင့် ကရင်ပြည်နယ် တရားရုံး၏တရားမကြီးမှုအမှတ် (၂/၂၀၀၁) တွင် ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)၏ဖခင် ဦးထွန်းတင်(ကွယ်လွန်)မှ ဒေါ်တင်မေ(ကွယ်လွန်)အပေါ် တရားစွဲဆိုခဲ့ရာ အမှုအားပလပ်ခြင်းခံခဲ့ရသော်လည်း ယင်းအမှုမှ အမိန့်နှင့်ဒီကရီအား ဦးထွန်းတင်(ကွယ်လွန်)မှ မည်သည့်တရားရုံးသို့မျှ အယူခံမှုတင်သွင်းခဲ့ခြင်းမရှိသဖြင့် ယင်းရုံး၏အမိန့်နှင့်ဒီကရီမှာ ယနေ့တိုင် အတည်ဖြစ်လျက်ရှိနေပါသည်။

၃။ တရားရုံးချုပ်(ရန်ကုန်မြို့)၏ တရားမပထမအယူခံမှုအမှတ်(၅/၂၀၀၄)၏အမိန့်နှင့်ဒီကရီမှာ ဦးကျော်မြင့်မှ ဒေါ်တင်မေ(ကွယ်လွန်)အပေါ် စွဲဆိုသည့် တရားမကြီးမှုအမှတ် (၃/၂၀၀၁)မှ အမိန့်နှင့်ဒီကရီအား ဦးကျော်မြင့်က ဦးထွန်းတင်(ကွယ်လွန်)မှ ဒေါ်တင်မေ(ကွယ်လွန်)အပေါ် စွဲဆိုသည့်တရားမကြီးမှုအမှတ်(၂/၂၀၀၁)မှ အမိန့်နှင့် ဒီကရီအပေါ် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်၍ တရားရုံးချုပ်၏ တရားမအယူခံမှုအမှတ်(၅/၂၀၀၄)၏အမိန့်နှင့် ဒီကရီသည်လည်းကောင်း၊ ၂၀၀၄ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် ၁၆၈၏ အမိန့်နှင့်ဒီကရီသည်လည်းကောင်း၊ ဦးထွန်းတင်(ကွယ်လွန်)မှ ဒေါ်တင်မေ(ကွယ်လွန်)အပေါ် စွဲဆိုခဲ့သည့် ကရင်ပြည်နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၂/၂၀၀၁ အပေါ် အကျိုးသက်ရောက်မှုမရှိပါကြောင်း၊ အထက်ဖော်ပြပါ ဦးပိုင်အမှတ်(၁၉/၂)မြေကွက်မှာ ကွယ်လွန်သူ အမွေရှင်ဒေါ်ဇာယုအမည်ဖြင့် ယနေ့တိုင်ပေါ်ပေါက်လျက်ရှိသော အမွေဆိုင်မြေကွက်ဖြစ်ကြောင်း၊ ဒေါ်တင်မေ(ကွယ်လွန်)အနေဖြင့် အထက်ဖော်ပြပါ ဦးပိုင်အမှတ်(၁၉/၂)မြေကွက်အား ၄င်းခွဲဝေရရှိသည့် မြေကွက်ဖြစ်ကြောင်း၊ မည်သည့်တရားရုံးတွင်မှ တရားစွဲဆိုခဲ့ခြင်းမရှိသကဲ့သို့ အနိုင်ဒီကရီရရှိခဲ့ခြင်းလည်းမရှိကြောင်း။

၄။ သို့ဖြစ်ပါ၍ ဒေါ်တင်မေ(ကွယ်လွန်)မှ အမှုနိုင်သည်ဟုဆိုကာ အထက်ဖော်ပြပါမြေကွက်အား ဒေါ်တင်မေ၏သားဖြစ်သူ ဦးနေဝင်းမှ တိုင်းတာခြံခတ်၍ လွှဲပြောင်းရောင်းချရန် စီမံမှုများပြုလုပ်နေခြင်းနှင့် ဆိုင်ခန်းသုံးခန်းအား ဆောက်လုပ်၍ ငှားရမ်းနေခြင်းတို့မှာ ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်ခြင်းမဟုတ်သည့်အတွက် ဆက်လက်ပြုလုပ်ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးနေဝင်းနှင့်တကွ အများအား အကြောင်းကြားသိစေအပ်ပါသည်။

**ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)**
**၈/မကန(နိုင်)၁၁၉၆၇၆**

**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**
**NATIONAL MANAGEMENT COLLEGE**
**ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် အောက်ပါဒီပလိုမာသင်တန်းအမှတ်စဉ်(၂၉) ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်**
(က) Diplomain Information and Communication Technology အမှတ်စဉ်(၂၉)
(ခ) Diploma in Software Engineering အမှတ်စဉ်(၂၉)
(ဂ) Diploma in Hardware Engineering အမှတ်စဉ်(၂၉)
(ဃ) Diploma Network Engineering အမှတ်စဉ်(၂၉)
၂။ **အနိမ့်ဆုံးပညာအရည်အချင်း** - တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆို/ အောင်မြင်ပြီးသူများ ဖြစ်ရမည်။
၃။ **သင်တန်းကာလ** - (၁)နှစ်
၄။ **စတင်ဖွင့်လှစ်မည့်နေ့ရက်** - ၁၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၄

**(သင်တန်းစတင်လက်ခံနေပြီ)**

အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# သာယာဝတီတွင် လိုင်စင်မဲ့ဆိုင်ကယ်စီးရေ ၅၀၀၀ နီးပါး စီမံချက်ကာလအတွင်း လိုင်စင်ပြုလုပ်ပေးခဲ့

**သာယာဝတီ ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ် ရှစ်ခုမှ တရားမဝင် လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်များထုတ်ပေးခဲ့ရာ စီမံချက်ကာလ ငါးလအတွင်း လိုင်စင်မဲ့ဆိုင်ကယ်စီးရေ ၅၀၀၀ နီးပါးကို လိုင်စင်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

လိုင်စင်မဲ့ဆိုင်ကယ်များ လိုင်စင်ပြုလုပ်ပေးခြင်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သာယာဝတီခရိုင်ကညနရုံးက One stop service စနစ်ဖြင့် ဖေဖော်ဝါရီ ၁၇ မှ စတင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ဇူလိုင် ၄ ရက်အထိ စုစုပေါင်း ၄၉၁၉ စီးကို လိုင်စင်များပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဆိုင်ကယ်လိုင်စင်လာရောက်ပြုလုပ်သူများအနေဖြင့် ယခင်ရက်များတွင် လာရောက်ပြုလုပ်ကြသူနည်းပြီး တစ်ရက်လျှင် စီးရေ ၂၀ မှ ၃၀ခန့်သာ လာရောက်ပြုလုပ်ကြကြောင်းနှင့် သတ်မှတ်ရက်ပြည့်ကာနီးတွင် အများအပြား လာရောက်လိုင်စင်လုပ်ကြကြောင်း၊ လိုင်စင်လုပ်သူများအဆင်ပြေအောင် ရုံးချိန်များကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သာယာဝတီခရိုင် ကညနရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ကျေးရွာများတွင် လိုင်စင်မလုပ်ရသေးသော ဆိုင်ကယ်စီးရေများစွာ ကျန်ရှိနေသေးကြောင်း၊ ဆိုင်ကယ်များအား လိုင်စင်ထုတ်ပေးခြင်းကို မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ အသိပညာပေးမှုများကို ပြည်သူလူထုကြား ပို၍ကျယ်ပြန့်စွာဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပါက လိုင်စင်လာလုပ်သူ ယခုထက်ပိုများနိုင်ကြောင်း ဆိုင်ကယ်လိုင်စင်လာလုပ်သူတစ်ဦးက ၎င်း၏အမြင်ကို အကြံပြုပြောကြားခဲ့သည်။

**ကိုသက်(ဇီးကုန်း)**

## သတင်းတိုများ

### ဟန်လင်းပျူမြို့ဟောင်း၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းပျူမြို့ဟောင်း ဒေသတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက်က ဟန်လင်းပျူမြို့ဟောင်းအဝင်လမ်း၌ ပြုလုပ်ခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ဝက်လက်မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဟောင်းလွမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ NGO များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ယူကလစ်၊ တမာ၊ ကုက္ကိုနှင့် ခရေပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

### သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ရေဖြူကျေးရွာ ရန်နံ့သစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၆ ရက်က ကျင်းပရာ အစည်းအဝေးသို့ သမဝါယမဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အသင်းအမှုဆောင်များ၊ အသင်းသားအသင်းသူများ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ရန်နံ့သစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ ရှင်သန်ဖွံ့ဖြိုးရေးကိစ္စ၊ ဆင်းရဲမှုလျှော့နည်းမှု ပပျောက်ရေး၊ အသင်းသားအသင်းသူများသို့ ပံ့ပိုးချေးငွေထုတ်ချေးရေးနှင့် နှစ်ချုပ်စာရင်းဇယားများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### မိုးစပါးအထွက်နှုန်းတိုးရေး စိုက်ဧကပြည့်မီရေးကြိုးပမ်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်အရှေ့မော်ရွာနေ (ဦးဘိုးလှ-ဒေါ်ဝင်းညို)၊ (ဦးမောင်နန်း-ဒေါ်အေးလှဦး)တို့၏သားသမက်၊ (ဒေါ်မအောင်စိန်)၏ခင်ပွန်း၊ (ဒေါ်အေးလှဦး)၏မောင်၊ (ဒေါ်အေးယဉ်မ)-ဦးမောင်မြ(မြင်းခြံ)တို့၏အစ်ကို၊ ကိုတင်ထွန်းအောင်၏ဖခင်၊ ဦးယဉ်သာအောင်၊ ဦးဝေကျော်အောင်၊ မသန်းခင်(ခ)မခင်လေးတို့၏ဦးလေးသည် ၅-၇-၂၀၂၄ရက် (စနေနေ့) ည ၁၁း၁၅နာရီတွင် အမှတ် ၂/၂/၁၆၊ စစ်မှုထမ်းဟောင်းစံပြရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညိုညိုသန်း (ရေစကြို)

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော် အနီဃာလမ်း၊ အမှတ် ၄၃နေ (ဦးအောင်တင့်)-ဒေါ်အေးစိုတို့၏သမီး၊ ဦးသန့်ဇင်(G.A Co.,Ltd.-Ms. RIE MOTEGI)၊ ဦးသက်ဇော်-ဒေါ်စိုးစိုးထွန်း၊ ဦးအေးသူတို့၏ညီမ၊ MR. KAZUMA, MR. YUMA၊ မဆုမြတ်သက်၊ မခိုင်ကေဇင်သက်တို့၏အဒေါ်သည် ၈-၇-၂၀၂၄ရက်(အင်္ဂါနေ့)ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၂၄ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၂၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်အုန်းကြင်

**အသင်းဝင်အမှတ်(၃၆၉)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၈နေ(ဦးကျင်ထွေး)၏ဇနီးသည် ၆-၇-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၄ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးအောင်စိုး(မြိတ်အဝယ်တော်)

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၄၆ (တတိယထပ်၊ ယာ)နေ ဒေါ်ခင်ခင်မြင့်(ခ)တန်ချီဝါ၏ ခင်ပွန်း၊ ဦးတင်ထွဋ်ဦး - Mrs. AI ZHEN (USA)၊ ဒေါက်တာသန့်ဇင်ထွန်း - ဒေါက်တာ ခင်သန်းနိုင်၊ ဒေါက်တာဇင်မင်းစိုး - ဒေါက်တာမြင့်မောင်ဦး(Taiwan)၊ ဒေါက်တာမိုးမိုးအောင် - ဒေါက်တာမျိုးဇော်ဟိန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၆-၇-၂၀၂၄ရက် ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၇-၇-၂၀၂၄ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၂၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောကာလစ် (AE)

**(ဧဒင်အုပ်စုကုမ္ပဏီလီမိတက်)**

**အသက်(၅၅)နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ဦးထွန်းရှင်ကုန်းလမ်း၊အမှတ် ၁၁၂၄/P နေ ဦးစောဖိုးငွေ-ဒေါ်လှကြည်တို့၏သား၊ (ဒေါ်နော်သီတာ)၏ ခင်ပွန်း၊ နော်ဖောဂေး-ဦးစောစေးသောတို့၏ညီ/မောင်၊ နော်မာရီ-ဦးသက်နိုင်တင့်၊ စောပီတာ၊ စောစောလှ၊ စောကောင်းသက်တို့၏ဖခင်၊ သက်မြတ်နိုး၊ အောင်ဖုန်းခန့်တို့၏အဘိုးသည် ၇-၇-၂၀၂၄ရက် နံနက် ၄း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၇-၂၀၂၄ရက်တွင် နေပြည်တော် ကွေ့ကြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်သန်း

**အသက်(၇၂)နှစ်**

ရှမ်းပြည်နယ်၊သီပေါမြို့၊အုတ်ကျင်းရပ်နေ (ဦးချစ်ယုံ - ဒေါ်ချော)တို့၏ သမီး၊ (ဦးဖိုးသီ-ဒေါ်လှဘော်)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄) ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၉၆၂နေ ဦးချစ်အုန်း၏ဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်မီမီဦး၊ ဒေါ်မီမီကျော့၊ ဒေါ်မီမီအုန်း၊ ဦးကိုကိုဝင်း၊ ဒေါ်သူဇာအုန်းတို့၏မိခင်၊ မောင်ဝေယံမင်း၊ မဆုယမင်းထက်တို့၏အဘွားသည် ၉-၇-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၂၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်ရွှေ (မြန်အောင်)

**ခရိုင်ဥပဒေအရာရှိ**

**အဆင့်-၁ (ငြိမ်း)၊ ပြည်မြို့**

**အသက်(၇၁)နှစ်**

မြန်အောင်မြို့နေ(အိုကေဦးဘအေး-ဒေါ်မြသင်)တို့၏သမီး၊ (ဦးတိုးဝင်း)၏ဇနီး၊ ဒေါ်ကြည်ကြည်၊ ဦးကြည်အေး-ဒေါ်ခင်ခင်ဆွေ၊ (ဦးစိန်ဝင်း)-ဒေါ်တင်တင်အေးတို့၏ညီမ၊ ဒေါ်ခင်နှင်းဝင်း၏အစ်မ၊ ကိုသူရဇော်-မဇွန်အိဖြူ၊ ကိုဇင်ဖုန်းတင့် (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏မိခင်သည် ၈-၇-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၇-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မျိုးမြင့် (ကံမ)

**M.A (Myanmar)**

**ဒုဦးစီးမှူး၊ ကညန(ပြည်)**

**အသက်(၄၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နေ ဦးအေးငွေ - (ဒေါ်မြင့်မြင့်ကြည်)တို့၏ သမီး၊ ဦးဝဏ္ဏ-ဒေါ်စန္ဒာဝင်း၊ (ဗိုလ်အောင်နိုင်)၊ ဦးသန့်စင်-ဒေါ်ခင်မုံမြင့်တို့၏ညီမ၊ ဦးသက်နိုင်ဦး-ဒေါ်နွယ်နွယ်ဝင်းတို့၏အစ်မသည် ၃-၇-၂၀၂၄ ရက် ညနေ ၃း၅၀နာရီတွင် ပြည်မြို့၊ ရွှေတံခါးရပ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၄ရက်တွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စီမံကိန်းများအားခွင့်ပြုနိုင်မည့် ဘဏ္ဍာငွေများကို အချိတ်အဆက်မိမိဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍** အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ရှင်းလင်းတင်ပြရာတွင် ဒုတိယ(၆)လပတ် ရည်မှန်းချက်အပေါ် **ကချင်ပြည်နယ်** က ၁၀၂ ဒသမ ၁ ရာခိုင်နှုန်း၊ **ကယားပြည်နယ်**က ၁၂၃ ဒသမ ၇ ရာခိုင်နှုန်း၊ **ကရင်ပြည်နယ်** က ၁၅၃ ဒသမ ၈ ရာခိုင်နှုန်း၊ **ချင်းပြည်နယ်** က ၁၂၇ ဒသမ ၃ ရာခိုင်နှုန်း၊ **စစ်ကိုင်းတိုင်းဒေသကြီး** က ၁၄၀ ဒသမ ၇ ရာခိုင်နှုန်း၊ **တနင်္သာရီတိုင်းဒေသကြီး**က ၁၁၂ ဒသမ ၀ ရာခိုင်နှုန်း၊ **ပဲခူးတိုင်းဒေသကြီး** က ၁၄၁ ဒသမ ၉ ရာခိုင်နှုန်း၊ **မကွေးတိုင်းဒေသကြီး** က ၁၁၉ ဒသမ ၇ ရာခိုင်နှုန်း၊ **မန္တလေးတိုင်းဒေသကြီး**က ၁၂၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ **မွန်ပြည်နယ်** က ၁၃၁ ဒသမ ၀ ရာခိုင်နှုန်း၊

*စာမျက်နှာ ၇ ကော်လံ ၁*



ဂျပန်နိုင်ငံမှ အသစ်ထပ်မံရောက်ရှိလာသော RBE ရထားအားပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးနေမှုကို RBE အကြီးတန်းပြင်စက်ရုံ၌ တွေ့ရစဉ်။

## လမ်းပိုင်းအချို့၌ RBE ရထားအစင်း ၂၀ ထပ်မံဖြည့်ဆည်းပြေးဆွဲသွားမည်

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-SP)**

**ရန်ကုန် ဇူလိုင် ၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မြို့ပတ်ရထားနှင့် အဝေးပြေးရထား ခရီးစဉ်များအတွင်း ဂျပန်နိုင်ငံမှ အသစ် ထပ်မံရောက်ရှိနေသော RBE ရထားအစင်း ၂၀ ကို ထည့်သွင်းအသုံးပြုရန် စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါ ဂျပန်နိုင်ငံမှ အသစ်ထပ်မံရောက်ရှိလာသည့် RBE ရထားအစင်း ၂၀ ၏ထူးခြားချက်မှာ ယခင် RBE ရထားများကဲ့သို့မဟုတ်ဘဲ ရထားအစင်းတိုင်းတွင် မောင်းနှင်စနစ်များပါဝင်ကာအခြားတွဲများအား ချိတ်ဆက်ပြေးဆွဲပေးနိုင်သကဲ့သို့ ကိုယ်တိုင်လည်းတစ်စင်းတည်းပြေးဆွဲပေးနိုင်ကြောင်း သိရသည်။

သီလဝါဆိပ်ကမ်းတွင် ပြီးခဲ့သော မေ ၂၅ ရက်နှင့် ၂၆ ရက်တို့က ဂျပန်နိုင်ငံမှ အသစ်ထပ်မံရောက်ရှိခဲ့သည့်

*စာမျက်နှာ ၉ ကော်လံ ၅*

## မန္တလေးမြို့ စာသင်ကျောင်းများ၌ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား

**မန္တလေး ဇူလိုင် ၉**

မန္တလေးမြို့တွင် ဇူလိုင် ၁ ရက်မှ စတင်ဖြစ်ပွားခဲ့သောဖြစ်စဉ်များကြောင့် မန္တလေးပြည်သူများ အထိတ်တလန့်ဖြစ်ခဲ့ရပြီးနောက် ဇူလိုင် ၃ ရက်မှစ၍ ပုဒ်မ ၁၄၄ ထုတ်ပြန်၍ လုံခြုံရေးတပ်ဖွဲ့အင်အားများဖြင့် နေ့ညမပျက်တာဝန်ထမ်းဆောင်ပေးမှုကြောင့် ယခုဇူလိုင် ၆ ရက်မှစတင်၍ အခြေအနေများတည်ငြိမ်လာပြီး ဈေးချိုတော်ရှိ ဆိုင်ခန်းများလည်း ပြန်လည်ဖွင့်လှစ်ကာ ပုံမှန်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

ထို့ပြင် အခြေခံပညာစာသင်ကျောင်းများ၌လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ကော့သောင်းမြို့၌ မိုးသည်းထန်၊ လေပြင်းတိုက်၍ သစ်ပင်နှင့်ဓာတ်တိုင်များပြိုလဲ၊ နေအိမ်များပျက်စီး

**ကော့သောင်း ဇူလိုင် ၉**

မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းမြို့တွင် ဇူလိုင် ၈ ရက် ညပိုင်းနှင့် ဇူလိုင် ၉ ရက် နံနက်ပိုင်းက မိုးသည်းထန်၊ လေပြင်းတိုက်ကာ သစ်ပင်နှင့် အဆောက်အအုံများ ပြိုလဲပျက်စီးမှုတချို့ ဖြစ်ပွားသည်။

**ဒဏ်ရာရမှုမရှိ**

ကော့သောင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်း၍ တစ်နာရီမိုင် ၄၀ နှုန်းခန့်တောက်လျှောက်လေပြင်းတိုက်ခဲ့ရာ ဇူလိုင် ၈ ရက် ည ၉ နာရီခွဲက ဘုရင့်နောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအုတ်ခံ နှစ်ထပ်အဆောက်အအုံပေါ်သို့ ရုံးအနီးရှိ အမြင့် ပေ ၄၀၊ လုံးပတ်ရှစ်ပေခန့်ရှိ တောင်သဖန်းပင် ပြိုလဲကျသဖြင့် ရုံးအပေါ်ထပ်နှင့် ဝရံတာပြိုကျခဲ့ပြီး အောက်ထပ်အုတ်နံရံများ အက်ကွဲပျက်စီးခဲ့သည်။ ထိုသစ်ပင်ပြိုလဲမှုဖြစ်စဉ်တွင် ရုံးရှေ့၌ ရပ်ထားသည့်မော်တော်ဆိုင်ကယ်နှစ်စီးပေါ် ပိကျပျက်စီးမှုဖြစ်ပေါ်သည်မှလွဲ၍ လူသေဆုံးထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

အလားတူလေတိုက်နှုန်းပြင်းထန်သဖြင့် အဆိုပါညပိုင်းက ကော့သောင်းမြို့ အေးရိပ်ရပ်ကွက်ရှိ လူနေအိမ်တချို့ ပြိုကျခြင်း၊ အမိုးသွပ်များ လွင့်စဉ်ပျက်စီးမှုဖြစ်ပွားခြင်း၊ လျှပ်စစ်ဓာတ်အားပေးတိုင် လဲကျခြင်းများဖြစ်ပွားခဲ့သည်။

*စာမျက်နှာ ၁၀ ကော်လံ ၄*



မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

### ယနေ့ မာတိကာ


ဆိုမာလီသမ္မတအိမ်တော်ကို အယ်လ်ရှာဘတ်များတိုက်ခိုက် စာမျက်နှာ » ၄

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် မြန်မာနိုင်ငံသားနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ဦးစားပေးခန့်မည် စာမျက်နှာ » ၈

တင်းနစ်လောကရဲ့ လင်းလက်လာတဲ့ ကြယ်တစ်ပွင့် စာမျက်နှာ » ၁၄


### ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၉-၇-၂၀၁၄

ကျိုက္ကမီမြို့
၇ ဒသမ ၆၈ လက်မ

လောင်းလုံမြို့
၇ ဒသမ ၅၂ လက်မ

ထားဝယ်မြို့
၆ ဒသမ ၆၅ လက်မ

ကြာအင်းဆိပ်ကြီးမြို့
၅ ဒသမ ၉၀ လက်မ

ကော့သောင်းမြို့
၃ ဒသမ ၇၀ လက်မ

နေပြည်တော်(တပ်ကုန်း)
၂ ဒသမ ၈၀ လက်မ


မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS





Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


ဓမ္မ သမ္မတ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့ .....

ဧတဒဂ်ရပ်ကွက် မင်္ဂလာဒုံမြို့နယ်

**SEVEN စံ**

**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား? SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။

**ပွဲခလုံးဝ မယူပါ**

**ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈**

**ဇော်တိက**

ထိပ်တန်း၊ ဗရိထွရာတိုက်

REG 14/90

"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု" ဝိနည်းတော်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသည်။

Email: contact@zawtika.com Website: zawtika.com

**၂၀၁၄ ခုနှစ် ဇော်တိက ဝင်ရိုးဆိုင်ခွဲသစ်များ**

ဇော်တိက (မ/ဥက္ကလာ) ဒေဝသီလမ်း၊ မ/ဥက္ကလာ(၅)ဈေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၉

ဇော်တိက (အင်းစိန်) အမှတ်(၉)၊ လှိုင်မြစ်ကမ်းလမ်း၊ အင်းစိန်ဈေးကြီးရှေ့၊ အင်းစိန်မြို့နယ်။ ဖုန်း ၀၉ ၃၃၅၄၅၂၀၂

ဇော်တိက (ဘုရင့်နောင်) သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း ၀၉ ၃၂၂၀၂၀၂၉

ဇော်တိက (သိမ်ကြီးဈေး) ၅၇၊ ကုန်သည်လမ်း၊ သိမ်ကြီးဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၉၃၅၃

ဇော်တိက (မြောက်ဒဂုံ) တိုက် (၁၇-အေ)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၉

ဇော်တိက (တ/ဥက္ကလာ) (၁၄၅/က)၊ ပါရမီလမ်း၊ ပါရမီအဝေးပြေးရှေ့၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၆၃၂၆၇

ဇော်တိက (အောင်ဇေယျာ) အဆောင်(က)၊ အခန်း(၄)၊ အောင်မင်္ဂလာ အဝေးပြေးဝင်း၊ မ/ဥက္ကလာပမြို့နယ်။ ဖုန်း ၀၁-၆၃၇၂၅၆

**၂၀၁၄ ခုနှစ် ဇော်တိကအမှတ်တံဆိပ် ဝါဆိုသင်္ကန်းဈေးနှုန်းများ**

ဇော်တိက သင်္ကန်းများကို မြတ်ဗုဒ္ဓ၏လမ်းညွှန်ချက် ဝိနည်းတော်လာအတိုင်း အတိအကျ ချုပ်လုပ်ထားပါသည်။

အကောင်းဆုံးအရည်အသွေး၊ ညီမျှတဲ့ဈေးနှုန်း၊ နာမည်ကြီးတဲ့အမှတ်တံဆိပ်၊ အနှစ်သာရရှိတဲ့အလှူ၊ ထို(၄)မျိုး ပြည့်စုံလိုကြသူ အလှူရှင်များ... အဖိုးတန်


## ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၂Z ၁၊ မြေကွက်အမှတ် V-၁၀၃၊ မြေကွက်တည်နေရာအမှတ် ၂၆၊ (၁၄)လမ်း၊ လမ်းမတော်မြို့နယ်၊ ဦးမြင့်မောင် CA-၀၃၉၄၈၅ အမည်ပေါက် နှစ် ၆၀မြေငှား(ဂရန်) မြေအား အမည်ပေါက် ဦးမြင့်မောင်သည် ၂၀-၁-၂၀၁၀ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်မီမီအေး ၁၂/လမတ(နိုင်)၀၀၄၈၆၂က မြေအမည်ပေါက်၏ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေငြာ

## ကန့်ကွက်နိုင်ကြောင်းကြေငြာ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/2389၊ Toyota Alphard MNH 10၊ M/B (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၁၂/လသန(နိုင်)၀၁၅၃၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် K/7353၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

ဦးအောင်မိုး + ဒေါ်အေးမြအောင် (Steel Dragon စတီးလက်စ်စတီးဆိုင်) တို့အတွက်

ငွေရတုမင်္ဂလာ ဆုတောင်းပတ္ထနာ

တစ်ယောက်နဲ့ တစ်ယောက် အတွက် လက်တွဲကာ လျှောက်လှမ်းခဲ့
ဘဝတွေ နိမ့်တစ်ခါ မြင့်တစ်လှည့်နဲ့ ငွေရတုတိုင် ချစ်ခရီးဆက်ခဲ့
မေတ္တာကြွယ် အပြုံး အရယ် မပျက်ပါ ပေးဆက်ကာ ချစ်ကြသူတွေအတွက်
နှစ်တစ်ရာတိုင် ချစ်နိုင်စေကြောင်း တောင်းသည့် ဆုမွန်ကောင်း။

ပါသာရှိုဒေါ်မိုနစ်သက်ထင်
ကျောင်းထိုင်ဘုန်းတော်ကြီး
စိန့်မေရီ ကာသီဒြယ်၊ ရန်ကုန်

ဦးအောင်မိုး + ဒေါ်အေးမြအောင် (Steel Dragon စတီးလက်စ်စတီးဆိုင်) တို့အတွက်

ငွေရတုမင်္ဂလာ ဆုတောင်း

ချစ်ဖို့ရန် အချိန်က တစ်ခဏ
ချစ်ပြရန် အချိန်က တစ်ဘဝ၊
ချစ်ပါပါး မိုးကောင်းကင်၊ ချစ်မာမား ကျေးဇူးရှင်တို့
တူယှဉ်ကာလက်တွဲ၊ နှစ် ရာကျော်ခိုင်မြဲပါစေ။

ချစ်သမီး -Silvia Haung@အေးသန္တာမိုး ချစ်သားကြီး-Jason Haung@ဝေမင်းထက်အောင် ချစ်သားငယ်-William Haung@ဆက်ပိုင်အောင်

ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

အပတ်စဉ်(၅၂)

Section A : 19 - 7 - 2014
Section B : 22 - 7 - 2014

EAGLE GUEST HOUSE

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၁၁၈၆၊ အကျယ်(၄၀'×၆၀')၊ ပါမစ်မြေပေါ်ရှိ အမှတ် ၁၁၈၆၊ (၁၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးအုန်းမြ ၉/မထလ(နိုင်)၀၄၁၀၄၅ အမည်ဖြင့် ချထားပေးလျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဦးစိုးမင်း S/DGNMTT-၀၄၂၅၄၀က ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မြတ်ထွန်း** — **အထက်တန်းရှေ့နေ(စဉ်-၄၀၄၆၇)**

**ဦးကောင်းမြတ်ဇော်** — **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၈၊ မြေကွက်အမှတ် ၃၇၇၊ အကျယ်(၄၀'×၆၀') ပါမစ်မြေပေါ်ရှိ အမှတ် ၃၇၇၊ (၁၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမြင့်စိန် U/RGN-၀၁၀၇၅၀၊ ၁၂/ကမရ(နိုင်)၀၂၅၉၃၇ အမည်ဖြင့် ချထားပေးလျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဦးဟန်မြင့် ၁၂/မရက(နိုင်)၀၈၅၀၁၂က ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မြတ်ထွန်း** — **အထက်တန်းရှေ့နေ(စဉ်-၄၀၄၆၇)**

**ဦးကောင်းမြတ်ဇော်** — **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

[illegible]

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
## တောင်ငူမြို့နယ်တရားရုံး၌
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈၃

ဦးအောင်ကိုလင်း — နှင့် — ဒေါ်ဇာဇာချစ်

**တရားလို** — **တရားပြိုင်**

ပုသိမ်မြို့၊ (၄၁)ရပ်ကွက်၊ တာဝတိံသာဘုရားလမ်းနေ တရားပြိုင် ဒေါ်ဇာဇာချစ် (ဘ) ဦးချစ်မောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်ကိုလင်းက တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ငူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၆၈/ခ)၊ R.C Hall Type၊ ငါးထပ်အဆောက်အအုံ၏(ငါးလွှာ) (ဒါဘာ)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၈ပေ×ပေ ၅၀)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်လှလှထွန်း ၁၂/တမန(နိုင်)၁၁၅၇၉၀ က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှိုင်(LL.B)တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ခင်မာနွယ်(LL.B,D.B.L)** — **ဒေါ်ရွှေရွှေဝင်း[LL.B, D.I.L LCCI(UK)]**

**အထက်တန်းရှေ့နေများ**

**အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄၊ ၀၉-၂၅၀၆၄၉၇၉၉**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


# ဦးအောင်မိုး + ဒေါ်အေးမြအောင် (Steel Dragon စတိန်းလက်စ်စတီးဆိုင်) တို့အတွက်

## ငွေရတုမင်္ဂလာ ဆုတောင်း

ချစ်မေတ္တာ သက်သေ အဖြစ် ငွေရတု မင်္ဂလာ ၂၅နှစ်

တိုးလို့သာ ချစ်ကြစေရည် ချစ်သားသမီးနှင့်တပည့်အပေါင်း

ခညောင်းလို့ တောင်းဆုခြွေသည် ဘေးဘယာဝေးကွာစေကြောင်း။

(Steel Dragon မိသားစု ဝန်ထမ်းများ)

ဆိုင်အမှတ်(၁) -အမှတ်(၄၀/၄၃)စံပယ်လမ်း၊ သီရိမွန်ပလာဇာဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၂၈၅၈၇ ၊ ၅၂၈၅၂၄ ၊ ၆၈၃၁၆၁ ၊ ၉၆၈၈၆၄၃ ၊ ၉၆၈၈၆၄၅

ဆိုင်အမှတ်(၂) -အမှတ်(၁၄၉၇) ပြည်ထောင်စုလမ်းမကြီး၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။
၀၁-၈၁၀၀၀၀၉ ၊ ၈၁၀၀၀၁၀ ၊ ၈၁၀၀၂၆၉ ၊ ၈၁၀၀၂၇၀ ၊ ၀၉-၅၁၃၉၀၉၃

ဆိုင်အမှတ်(၃) -အမှတ်(ပ/၁၇၆) ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့။
၀၆၇-၂၆၃၈၈၊ ၀၉-၂၅၅၇၁၇၂၃၈

ဆိုင်အမှတ်(၄) -အမှတ်(၉၈)ကျိုက္ကမီလမ်းမကြီး၊ ဒေါင်းဇရပ်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့။
၀၉-၂၅၅၇၁၇၂၉၉ ၊ ၀၉- ၃၀၃၆၁၂၅၉

ဆိုင်အမှတ်(၅) -အမှတ်(၁၀၁) ၊ ၄၂-လမ်း၊ ၈၁×၈၂ကြား၊ ရှမ်းစု(ရပ်)၊ မန္တလေးမြို့။
၀၉-၂၅၀၃၅၈၃၄၈ ၊ ၂၅၉၀၄၈၈၇၃ ၊ ၉၁၀၃၄၀၅၇ ၊ ၃၀၁၃၅၅၂၆ ၊ ၂၅၀၆၆၆၀၅၂


စက်မှုဝန်ကြီးဌာန

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | | တင်ဒါအမှတ် |
|---|---|---|---|---|
| (က) | Alloy Wheel with Valve Pin, Valve Guide and Valve Cap | 35 | Nos | HIE-1/P/001 |
| (ခ) | Chemicals | 8 | Items | HIE-1/P/002 |
| (ဂ) | Gas | 6 | Items | HIE-1/P/003 |
| (ဃ) | Oil&Lubricant | 4 | Items | HIE-1/P/004 |
| (င) | Methylated Spirit | 1400 | Gals | HIE-1/P/005 |
| (စ) | Paint&Other | 12 | Items | HIE-1/P/006 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၇-၇-၂၀၁၄ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်းအောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၈-၇-၂၀၁၄ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

**ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၃**


Certificate in Marketing Management @ WISE College

International Company Marketing Strategy "Certificate in Marketing Management"

1. Fundamentals of Marketing
2. Marketing Concept and Marketing Process
3. Marketing Environment
4. Segmentation, Targeting, Positioning
5. Marketing Mix
6. Product and Pricing Strategy
7. Marketing Channel and Supply Chain Strategy
8. Advertising and Promotion Strategy
9. Integrated and Marketing Communication
10. Branding and Brand Positioning
11. Today's development in Marketing
12. Marketing Ethics and Social

WISE College

100% Off for WISE ABE Students


**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8A/7521၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၁၇၈၅၊ ၆ဂ/၁၇၈၇တို့၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားများ ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ(S-၈၉)၊ မြေကွက်အမှတ် ၃၉၊ မြေကွက်တည်နေရာအမှတ် ၃၀၊ မဂ္ဂင်လမ်း (ကျောက်မြောင်း)၊ ကျားကွက်သစ်ရပ် ကွက်၊ (ဒေါ်အယ်နီ) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အယ်နီ (မိခင်)၊ ဦးအောင်သန်း(ဖခင်)၊ သားတစ်ဦးဖြစ်သူ ဦးဇော်ညိမ်းအောင်တို့ အသီးသီး ကွယ်လွန်သဖြင့် ဒေါ်နော်ဖောဂေး ၁၂/ကမတ(နိုင်)၀၀၅၇၈၀၊ ဦးနေမျိုးအောင် ၁၂/တမန(နိုင်)၀၁၂၅၈၇၊ ဦးသန်းထွဋ်အောင် ၁၂/တမန(နိုင်)၀၀၄၂၄၉တို့က ချွေးမနှင့်သားများ တော်စပ်ကြောင်း ကျမ်းကျိန်/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**


"စင်ကာပူ(၂)နှစ် + ဩစတြေးလျနိုင်ငံ(၂)နှစ်ခွဲ - BE(Civil) ရယူနိုင်ခွင့်"

TOURISM & HOSPITALITY MANAGEMENT

CROWN EDUCATION

Diploma in Construction Engineering

AGTI, BTech နှင့် BE Civil Exemption

Tourism & Hospitality Management

S$ 3000 MBA NANYANG INSTITUTE OF MANAGEMENT



CALL US:
01 527 838
09 730 40 688

CROWN Edu Office

AIR KBZ


# ဘရာဇီးအသင်း အရှုံးနောက်ကွယ်၌ . . . .

ဝေမိုးဆက်



စကိုလာရီနှင့် ရာမီးရက်စ်



ဒေးဗစ်လူးဝစ်ဇ်



အော်စကာ



ဂျာမနီကစားသမားများ



ဂူစတာဗို

**ဘရာဇီး** ရှုံးပြီ။ ရှုံးတာမှ အရှက်တကွဲနဲ့ ကိုရှုံးတာ။ ကိုယ့်မြေ၊ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှာ ကစားရပါလျက် ဂိုးပြတ်၊ ခြေပြတ်နဲ့ကိုရှုံးတာ။ တစ်ပွဲလုံးမှာ တစ်ဦးချင်းလည်း မယှဉ်နိုင်ဘူး။ ကစားကွက်လည်း မယှဉ်နိုင်ဘူး။ စုပေါင်းအားထုတ်မှုမှာလည်း မယှဉ်နိုင်ဘဲ ၁-၇ နဲ့ ရှုံးတာဆိုတော့ ဘောလုံးလောကမှာ ပွက်ပွက်ညံကုန်တယ်။ ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ။ အမေးတွေက ပလူပျံလာတယ်။ စဉ်းစားရကျပ်ကုန်တယ်။ အရှင်းဆုံးပြောရရင် အရင်ကသူတို့ကို ဗိုလ်စွဲဖို့ခက်မယ်။ သူတို့မှာ အလုံးစုံမပြည့်စုံဘူးလို့ အားလုံးကတညီတညွတ်တည်း လက်ခံထားကြပေမယ့် အဲဒီလောက်အထိ ဖြစ်မယ်၊ ပျက်မယ်လို့ ဘယ်သူမှ တွေးထင်မထားခဲ့ကြဘူး။

တကယ်ဆိုရင် သူတို့မှာ နေမာ မပါနိုင်တာမှန်တယ်။ ဆေးလ်ဗား ပွဲပယ်ခံရတာလည်းမှန်တယ်။ ဒါပေမယ့် သူတို့မှာ လူးဝစ်ဇ်၊ ဒန်တီ၊ မာဆယ်လို၊ အော်စကာ၊ ဂူစတာဗိုတို့ ရှိသေးတယ်။ နေမာမပါနိုင်လို့ ဂိုးမရဘူးပဲထား။ ဆေးလ်ဗားမပါလို့ ဂိုးပေးရတယ်ပဲထား။ အလွန်ဆုံး ၀-၂၊ ဒါမှမဟုတ် ၀-၃ ပေါ့။ အရှင်းဆုံးပြောရရင် အရည်အသွေးမနိမ့်တဲ့ ကစားသမားတချို့ရှိနေပါလျက်၊ အိမ်ကွင်း၊ အိမ်ခံပရိသတ်အားလည်းရှိနေပါလျက် အဲဒီလောက်တောင် တောင့်မခံနိုင်ဘဲ ဂိုးပြတ်၊ ခြေပြတ်ရှုံးရတာဆိုတော့၊ သေချာတယ်။

ဘရာဇီးရဲ့အရှုံးဟာ စိတ်ဓာတ်ပိုင်းယိုယွင်းမှုကလွဲလို့ အခြားမဖြစ်နိုင်ဘူး။

အထူးသဖြင့် အကြိမ်ကြိမ်ပြောခဲ့ဖူးသလို သူတို့မှာ ပြိုင်ပွဲမစခင်ကတည်းကိုက ဖိအားပြင်းပြင်းရှိတယ်။ အိမ်ရှင်ဖြစ်တယ်။ အစဉ်အလာကြီးမားတယ်။ အဲဒီအတွက် ချန်ပီယံဖြစ်ရမယ်ဆိုတဲ့ ဖိအားက ခပ်ပြင်းပြင်းကိုရှိတယ်။ အရှင်းဆုံးပြောရရင် သူတို့ဆီမှာ ကမ္ဘာ့ဖလားပွဲကျင်းပမယ်ဆိုကတည်းက ပရိသတ်နဲ့အတိုက်အခံဖြစ်ခဲ့တာ။ အဲဒီ ကမ္ဘာ့ဖလားပွဲကျင်းပလို့ ငွေသန်းပေါင်းများစွာကို အသုံးပြုရမှုမျိုးအပေါ် ပရိသတ်က အစောချည်းကတည်းက မကျေနပ်ဘူး။ ဒီတော့ အတိုက်အခံလုပ်တယ်။ ကန့်ကွက်တယ်။ ဆန့်ကျင်တယ်။ အဲဒီမှာ အသင်းအပေါ် ဖိအားဝင်တယ်။ နဂိုကတည်းကမှ ပြိုင်ပွဲအပေါ် မနှစ်မြို့တဲ့ပရိသတ်အတွက် မဖြစ်မနေ ချန်ပီယံဆု ယူပေးနိုင်မှဖြစ်မယ်။ တကယ်လို့ မယူပေးနိုင်ခဲ့ရင်ဆိုတဲ့အတွေးက ပြိုင်ပွဲမစခင်မှာတင် ဘရာဇီးတစ်သင်းလုံးကို လွှမ်းခြုံခဲ့တယ်။ အရှင်းဆုံးပြောရရင် ဒီတစ်ကြိမ်ပြိုင်ပွဲဝင်ကတည်းက ဘရာဇီးမှာ တိုက်ပွဲဝင်စိတ်ဓာတ်ပြည့်ပြည့်ဝဝမရှိခဲ့တာ။ ပြိုင်ဘက်ကို မဖြစ်မနေ တုံ့ပြန်ရမယ်ဆိုတဲ့ စိတ်အခြေခံကို လုံးဝမတွေ့ရဘူး။ အားကုန်သုံးပြီး ဖိအားပေးရတော့မယ့်အခြေအနေမျိုးမှာ တင်းခံကြိုးစားစိတ်မရှိဘူး။


*စာမျက်နှာ ၃ သို့*







ကလိုဆေး

# ကလိုဆေး ဂိုးဆက်သွင်းဦးမှာလား

၂၀၁၄ ကမ္ဘာ့ဖလားပွဲရဲ့ အကြိုဗိုလ်လုပွဲပထမပွဲစဉ်ကတော့ မှတ်တမ်းသစ်တွေနဲ့ ကျန်ရစ်ခဲ့ပြီဖြစ်ပါတယ်။ ဘရာဇီးနဲ့ဂျာမနီတို့ရဲ့ အခုပွဲစဉ်မှာ ဂျာမနီတိုက်စစ်မှူး ကလိုဆေးဟာ ဘရာဇီးဘက်ကို တစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ဂိုးပေါင်း ၁၆ ဂိုးသွင်းယူနိုင်တဲ့ ပထမဆုံးဘောလုံးသမားဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၃၆ နှစ်ရှိပြီဖြစ်တဲ့ ကလိုဆေးကတော့ “ဒီပွဲမှာကစားခွင့်ရခဲ့တာကို ကျွန်တော့်ဘဝမှာ ဘယ်လိုမှ မမေ့တော့ပါဘူး။ ဂျာမနီအသင်းဟာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တယ်။ ဂိုးတွေလည်း စံချိန်တင်သွင်းယူနိုင်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဖိုးတန်ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ဝမ်းသာမဆုံးဖြစ်ခဲ့ရပါတယ်” ဟု ပြောကြားပါတယ်။

ကလိုဆေးဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နောက်ဆုံးအနေနဲ့ပါဝင်ကစားတာဖြစ်ပြီး သူ့အတွက် နောက်ဆုံးအခွင့်အရေးအဖြစ် ကစားခွင့်၊ ဂိုးသွင်းခွင့်ကို ထိထိရောက်ရောက် အသုံးချနိုင်ခဲ့လို့ အခုလို ကမ္ဘာ့ဖလား ဂိုးသွင်းစံချိန်ကို တင်နိုင်ခဲ့တာဖြစ်ပါတယ်။

ကလိုဆေးဟာ ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ အုပ်စုပွဲစဉ်အဖြစ် ဂါနာအသင်းနဲ့ပွဲမှာ တစ်ဂိုးသွင်းယူထားတာမို့ စုစုပေါင်း ၁၅ ဂိုး သွင်းထားတဲ့ ဘရာဇီးတိုက်စစ်မှူးဟောင်း ရော်နယ်ဒိုရဲ့ သွင်းဂိုးနဲ့ တူညီသွားခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲအဖြစ် ဘရာဇီးနဲ့ ဂျာမနီအသင်းတို့ ကစားခဲ့တဲ့ပွဲမှာ ကလိုဆေးတစ်ဂိုးသွင်းယူခဲ့တာကြောင့် စုစုပေါင်း ၁၆ ဂိုးရှိပြီ ဖြစ်ပါတယ်။

ဂျာမနီအသင်းဟာ အကြိုဗိုလ်လုပွဲမှာ ဘရာဇီးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲမှာ ကလိုဆေးပါဝင်ခွင့်ရခဲ့ရင်တော့ ဂိုးထပ်သွင်းနိုင်ဦးမလား ကြည့်ရမှာဖြစ်ပါတယ်။

“နည်းပြ ဂျိုအာချင်လိုရဲ့ အခွင့်အရေးပေးမှု၊ ရွေးချယ်မှုအပေါ် မူတည်ပါတယ်။ ကျွန်တော်ပါဝင်ခွင့်ရခဲ့ရင်တော့ ဂိုးသွင်းနိုင်အောင် စွမ်းအားထုတ်ကြိုးစားသွားမှာဖြစ်ပါတယ်” ဟု တိုက်စစ်မှူး ကလိုဆေးက ပြောသွားပါတယ်။

**ကိုဝ**

# ဂိုးပြတ်ရှုံးနိမ့်မှုအတွက် ပရိသတ်များကို ဒေးဗစ်လူးဝစ်ဇ် တောင်းပန်စကားဆို

ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ဘရာဇီးအသင်းက ဂျာမနီအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဘရာဇီးအသင်းနောက်တန်းကစားသမား ဒေးဗစ်လူးဝစ်ဇ်က ဘရာဇီးနိုင်ငံသားများကို တောင်းပန်စကားဆိုခဲ့သည်။

အဆိုပါပွဲ၏ ပွဲချိန် ၂၇ မိနစ်၌ပင် ဂျာမနီအသင်းက ဘရာဇီးအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ၇-၁ ဖြင့် ဂျာမနီအသင်းက အနိုင်ရရှိခဲ့သည်။

ဘရာဇီးအသင်း၏ အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗား မပါဝင်နိုင်သည့်အတွက် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ရသည့် ဒေးဗစ်လူးဝစ်ဇ်သည် ဂျာမနီအသင်းကို ချီးကျူးစကားဆိုခဲ့သလို အဆိုပါအရှုံးကြောင့်လည်း ဝမ်းနည်းမိကြောင်း ဆိုခဲ့သည်။

လူးဝစ်ဇ်က “ဘရာဇီးနိုင်ငံသားတွေရော၊ လူတိုင်းကိုပါ တောင်းပန်ချင်ပါတယ်။ ပရိသတ်တွေ ပြုံးပျော်နေတာကိုပဲ ကျွန်တော်မြင်ချင်တာပါ။ ကမ္ဘာ့ဖလားဟာ ဘယ်လောက်အထိ အရေးကြီးခဲ့လဲဆိုတာ ကျွန်တော်တို့ အားလုံးသိထားခဲ့သလို ပရိသတ်တွေ အားလုံးကိုလည်း ပျော်ရွှင်စေချင်ခဲ့တာပါ။ ဂျာမနီအသင်းဟာ ကျွန်တော်တို့ထက် ပိုကောင်းတဲ့အသင်းပါ။ သူတို့ဟာ အကောင်းဆုံးပြင်ဆင်လာခဲ့သလို အကောင်းဆုံးလည်း ကစားသွားခဲ့ပါတယ်။ ဒီနေ့ကတော့ တကယ်ကိုဆိုးရွားတဲ့ နေ့တစ်နေ့ဖြစ်သလို ဒီနေ့ကနေပြီး သင်ခန်းစာတွေလည်းရခဲ့ပါတယ်”ဟု ပြောသွားသည်။

ဒေးဗစ်လူးဝစ်ဇ်သည် အဆိုပါပွဲအပြီးတွင် ငိုကြွေးခဲ့သည်။

**ဖြိုးဒေါ်လာ**



ဒေးဗစ်လူးဝစ်ဇ်

# ဘဝရဲ့မမေ့ဖျောက်လို့မရတဲ့ အရှုံးလို့ဆိုလိုက်တဲ့ ဘရာဇီးတိုက်စစ်မှူး ဖရက်ဒ်

ဘရာဇီးအသင်းရဲ့တိုက်စစ်မှူး ဖရက်ဒ်က ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်မှာ ဂျာမနီအသင်းကို ၇-၁နဲ့ အရှုံးကြီး ရှုံးနိမ့်ခဲ့တဲ့ပွဲကို သူ့ရဲ့ဘဝမှာ ဘယ်တော့မှ မေ့ဖျောက်လို့ရမှာ မဟုတ်ဘူးလို့လည်း ပြောဆိုလိုက်ပါတယ်။

ယခုနှစ်ကမ္ဘာ့ဖလားမှာ အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိထားတဲ့ ဘရာဇီးအသင်းဟာ ကိုယ့်မြေကိုယ့်ရေမှာ ကစားခဲ့ရတဲ့ ဂျာမနီအသင်းနဲ့ ဆီမီးဖိုင်နယ်ပွဲပထမပိုင်းမှာပဲ ၅-၀ နဲ့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ဒုတိယပိုင်းမှာတော့ ဂျာမနီအသင်းက နောက်ထပ် နှစ်ဂိုးသွင်းခဲ့ပေမယ့် ဘရာဇီးအသင်းအနေနဲ့ ချေပဂိုးတစ်ဂိုးသာ ပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပွဲအပြီးမှာတော့ ၇-၁နဲ့ အရှုံးကြီးရှုံးနိမ့်ခဲ့တာလည်းဖြစ်ပါတယ်။

ဒါ့အပြင် ဘရာဇီးအသင်းဟာ အဲဒီပွဲမှာ အသင်းရဲ့ အဓိကအားကိုးရတဲ့ တိုက်စစ်မှူးနေမာဟာ ဒဏ်ရာကြောင့် နားနေရသလို အသင်းကပ္ပတိန် သီယာဂိုဆေးလ်ဗားကလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိတာကိုလည်း တွေ့ရပါတယ်။

ယခုကဲ့သို့ ဘရာဇီးအသင်း၏ ကိုယ့်မြေကိုယ့်ရေမှာဂျာမနီအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ၁၉၇၅ ခုနှစ်နောက်ပိုင်းမှာတော့ အိမ်ကွင်းမှာ ပထမဦးဆုံး ရှုံးနိမ့်မှုကြုံခဲ့ရခြင်းဖြစ်ပါတယ်။

အဲဒီပွဲအပြီးတွင် ဘရာဇီးအသင်း တိုက်စစ်မှူးဖရက်ဒ်က “ဒီပွဲမှာ ရှုံးနိမ့်ခဲ့ခြင်းဟာ ကျွန်တော့် ကစားသမားဘဝမှာတော့ အဆိုးရွားဆုံး ရှုံးနိမ့်မှုကြုံခဲ့ရတဲ့ပွဲလို့လည်း ပြောနိုင်ပါတယ်။အခုအတွေ့အကြုံကို အသင်းမှာရှိတဲ့ ကစားသမားတိုင်းကလည်း ဝမ်းနည်းနေကြပါတယ်။ ဒါဟာ ကျွန်တော်တို့ဘဝအတွက် အဆိုးရွားဆုံးပြုလုပ်ခဲ့တာဖြစ်ပေမယ့် ဂျာမနီအသင်းအတွက်ကတော့ သူတို့ဘဝအတွက် အကောင်းမွန်ဆုံးကို ဖန်တီးနိုင်ခဲ့တယ်လို့လည်း ပြောနိုင်ပါတယ်။ အခုအချိန်မှာ အလွန်ကို ဝမ်းနည်း၊ စိတ်ပျက်နေရပေမယ့် အခုလို ခက်ခဲတဲ့အချိန်ကို ဖြတ်ကျော်နိုင်ဖို့အတွက် ပရိသတ်တွေဆီကနေ အကူအညီကို ရယူသွားရမှာဖြစ်ပါတယ်။ အခုလိုအကြီးအကျယ် ရှုံးနိမ့်မှုဟာ ကျွန်တော်တို့ဘဝမှာတော့ ဘယ်တော့မှ မမေ့ဖျောက်နိုင်မှာမဟုတ်ဘဲ အိပ်မက်ဆိုးအနေနဲ့ အမြဲတမ်း ရှိနေတော့မှာပါ။ ဒါကြောင့် ဒီအဖြစ်ဆိုးကြီးကို ဖြတ်ကျော်နိုင်ဖို့ကို အပြင်းထန်ဆုံး ကြိုးစားကြရမှာ ဖြစ်ပါတယ်”လို့ပြောဆိုခဲ့ပါတယ်။

အခုလိုရှုံးနိမ့်ခဲ့ခြင်းနဲ့ပတ်သက်ပြီးလည်း အဲလ်ဗက်စ်က“ဘာဖြစ်လို့ အခုလို ရလဒ်တွေ ရရှိခဲ့လဲဆိုတာကို အဖြေရှာဖို့ ကြိုးစားနေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အသင်းဟာ ပထမပိုင်း ၆မိနစ်လောက်ကတည်းက ဟန်ချက်တွေ ပျက်နေခဲ့တာပါ။ ပထမပိုင်းမှာကတည်းက သူတို့အသင်းဟာ ငါးဂိုးသွင်းယူထားခဲ့ပေမယ့် ကျွန်တော်တို့ အဲဒါကို မေ့ဖျောက်ထားပြီး အကောင်းဆုံး မကစားနိုင်ခဲ့ပါဘူး။ ဂျာမနီရဲ့ ကစားအားက အကောင်းဆုံးရှိခဲ့ပါတယ်။ ဂျာမနီဟာ ကျွန်တော်တို့ အသင်းကို သင်ခန်းစာတွေ အများကြီးပေးခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။ ပရိသတ်တွေအားလုံးကိုတော့ အခုရလဒ်နဲ့ပတ်သက်ပြီး တောင်းပန်ပါတယ်” ဟု ပြောဆိုခဲ့ပါတယ်။

**အောင်က**



ဖရက်ဒ်

**ဘရာဇီးအသင်း အရှုံးနောက်ကွယ်၌မှ**

သူတို့မှာနိုင်ရမယ်ဆိုတဲ့ စိတ်အခြေခံထက် ကြောက်စိတ်က ပိုများတယ်။

ရှင်းရှင်းပြောရရင် သူတို့ဟာ အိမ်ရှင်ဖြစ်တယ်။ ဒါကြောင့် မဖြစ်ခဲ့ရင်ဆိုတဲ့အတွေးနဲ့ ဖျစ်ညှစ်ကစားမှုမျိုးပဲရှိတယ်။ ယုံကြည်မှုနဲ့ အဲဒီယုံကြည်မှုကို ရအောင်လုပ်ယူရမယ့် စိတ်ပိုင်းဖြတ်မှု၊ မဖြစ်မနေ နိုင်ဖို့အတွက် မဖြစ်မနေတိုက်ရမယ်ဆိုတဲ့ စိတ်မျိုး နဂိုကတည်းကမရှိတာ။ ထပ်ပြောရရင် အဲဒီပွဲမတိုင်ခင်မှာ သူတို့ဟာ အဲဒီလိုမဖြစ်ခဲ့ရင်ဆိုတဲ့စိတ်ကို ထောက်တိုင်တစ်ခုနဲ့ပေါင်းပြီး ခရီးဆက်ခဲ့တာ။ သူတို့မှာ နေမာရှိတယ်။ အဲဒီအတွက် သူတို့စိတ်မှာ ယုံကြည်မှု တစ်စွန်းတစ်စကွန်းခိုတယ်။ အဲဒီစိတ်ကလေးကိုအခြေခံပြီး ဖျစ်ညှစ်ကစားမှုနဲ့သာ ဒီအဆင့်အထိရောက်လာခဲ့တာ။ အဲဒီထက်သူတို့မှာ ဘာမှမပိုခဲ့ဘူး။ ဒီတော့ အဲဒီလို နဂိုတကည်းက စိတ်အခြေခံအားနည်းမှုမျိုးနဲ့ ဂျာမနီကို မယှဉ်နိုင်တာ ဆန်းသလား။ ပိုဆိုးသွားတာက အဲဒီလိုအချိန်မှာ သူတို့ရဲ့ တစ်ခုတည်းသော ထောက်တိုင်က အဲဒီပွဲမတိုင်ခင်မှာတင် ရိုက်ချိုးခံခဲ့ရတယ်။ အရှင်းဆုံးပြောရရင် အဲဒီပွဲမှာ နေမာက ဒဏ်ရာကြောင့် မပါနိုင်ဘူး။ အဲဒီလိုအဖြစ်က သူတို့ရဲ့တစ်စွန်းတစ်စသော ယုံကြည်မှုကိုမဲ့သွားစေတယ်။ ဒီတော့ ဂျာမနီနဲ့ပွဲမှာ ဘရာဇီးဟာ တိုက်ပွဲဝင်စိတ်ဓာတ် လုံးလုံးလျားလျား ပျောက်သွားပြီး စိုးရိမ်စိတ်တစ်ခုတည်းနဲ့သာ ဘရာဇီးပွဲထွက်လာနိုင်ခဲ့တာ။

အထူးသဖြင့် သူတို့ဟာ ပွဲအစပိုင်းမှာ ဂျာမနီကို ခပ်ပြင်းပြင်းဖိအားပေးနိုင်ခဲ့သေးတယ်။ ဒါပေမယ့် အဲဒါဟာ ယုံကြည်မှုမဟုတ်ဘူး။ နိုင်လိုစိတ်မဟုတ်ဘူး။ ပြောခဲ့ပြီးသလိုမဖြစ်ခဲ့ရင်ဆိုတဲ့အတွေးကြောင့် ဖျစ်ညှစ်ကစားမှုမျိုး။ အဲဒီလိုအချိန်မှာ ဂိုးစပေးလိုက်ရတော့ ကြောက်စိတ်က အထွတ်အထိပ်ရောက်သွားတယ်။ စိုးရိမ်စိတ်က တားမရတော့ဘူး။ ပြောရမယ်ဆိုရင် သူတို့ဟာ နဂိုကတည်းက တစ်တက်တည်းလှော်တဲ့ လှေလိုပဲ။ အဲဒီ နေမာဆိုတဲ့ တက်တစ်ခုတည်းအပေါ်မှာ လုံးလုံးလျားလျား အမှီပြုခဲ့တာ။ အခု အဲဒီတစ်ခုတည်းသောအားပြုရာ နေမာကလည်းမပါဘူး။ ဒီကြားထဲ ဂိုးပါစပေးလိုက်ရတဲ့အခါ စိတ်ဓာတ်အခြေခံ လုံးလုံးပျက်သွားပြောဖို့ခက်တယ်။ ဒီလောက်ဂိုးပြတ်ခြေပြတ်ရှုံးရမှုဟာ သိက္ခာအရလည်းရှုံးတယ်။ အရှက်လည်းရတယ်။ ပြီးတော့ ကိုယ့်အသင်းသားဟောင်း ရော်နယ်ဒိုတင်ထားတဲ့ စံချိန်ကိုပါ အကျော်ခံရတယ်။ အဘက်ဘက်က ရှုံးတာမှ တကယ့်အဘက်ဘက်က အရှုံးမျိုး။ အဆိုးဆုံးကတော့ မမြင်နိုင်သေးတဲ့အရာပဲ။ ဒါကို ပြိုင်ပွဲမစခင်မှာကတည်းက ပြောခဲ့ပြီးပြီ။ သူတို့ ပရိသတ်ရဲ့ ဆန့်ကျင်မှုကြားကနေ ဒီပြိုင်ပွဲကို ကျင်းပခဲ့တာ။ အဲဒီအတွက် ဖြစ်အောင်လုပ်နိုင်မှ တော်ကာကျမယ်ဆိုတာ။ အဲဒါကို အခုမဖြစ်ဘူးဆိုတော့။ သူတို့ ပရိသတ်ရဲ့တုံ့ပြန်မှု ဘယ်လိုဖြစ်လာမလဲ။

> ဂိုးပါစပေးလိုက်ရတဲ့အခါ စိတ်ဓာတ်အခြေခံ လုံးလုံးပျက်သွားရတယ်။ ပုံမှန်ကစားနေကျဟန် လုံးဝပျောက်သွားတယ်။ ခဏလေးအတွင်းမှာ စုစည်းမှုပါပျက်ပြီး မမှားသင့်တာတွေ မှားတယ်။ အဲဒီမှာ တစ်ဂိုးပြီးတစ်ဂိုး ပေးရတာပဲ။

ရတယ်။ ပုံမှန်ကစားနေကျဟန် လုံးဝပျောက်သွားတယ်။ ခဏလေးအတွင်းမှာ စုစည်းမှုပါပျက်ပြီး မမှားသင့်တာတွေမှားတယ်။ အဲဒီမှာ တစ်ဂိုးပြီးတစ်ဂိုးပေးရတာပဲ။ အရှင်းဆုံးပြောရရင် သူတို့ရဲ့အဆင့်မျိုး။ အညံ့စားချည်းမဟုတ်တဲ့ သူတို့ရဲ့ စုဖွဲ့မှုမျိုးတွေအရ အခုလိုမရှုမလှ ရှုံးရတာဟာ စိတ်ဓာတ်ပိုင်း ယိုယွင်းပျက်စီးမှုကြောင့်ဆိုတာ ရှင်းရှင်းကို ပေါ်တယ်။

တကယ်တော့ ဘရာဇီးရဲ့အရှုံးကို ပွဲတစ်ပွဲမှာသာ ရှုံးတဲ့အရှုံးလို့တောင် ဘယ်လောက်အထိ ပြင်းထန်လာမလဲ။ နဂိုကတည်းကမှ ပြိုင်ပွဲအပေါ် မကျေနပ်တဲ့ စိတ်အခြေခံကို လက်ရွေးစင်အသင်းရဲ့ဖြစ်မြောက်မှု မရှိတာနဲ့ပါထပ်ပြီး ပေါင်းကြည့်။ အဲဒီပွဲကစားနေတုန်းကတောင် ဘရာဇီးပရိသတ်က ဘရာဇီးတိုက်စစ်မှူး ဖရက်ဒ်ကိုတောင် ပြန်လှောင်နေကြတယ်ဆိုတော့။ သေချာတယ်။ ဘရာဇီးရဲ့အရှုံးနောက်ကွယ်မှာ တွေးစရာတွေ၊ စောင့်ကြည့်ချင်စရာတွေက အတော်များတယ်။

# ကမ္ဘာ့ဖလားရှုံးနိမ့်မှုလှိုင်းဂယက်ကြောင့် နိုင်ဂျီးရီးယားနဲ့ နှုတ်ဆက်ဖို့စဉ်းစားနေတဲ့ အိုဒမ်ဝင်ဂီ

**အောင်က**

ကမ္ဘာ့ဖလားပြိုင်ပွဲဟာ မကြာခင် ဗိုလ်လုပွဲကျင်းပမှာဖြစ်ပြီး ပြိုင်ပွဲပြီးဆုံးဖို့ အချိန်ကလည်း တဖြည်းဖြည်းနဲ့ နီးကပ်လို့လာခဲ့ပြီဖြစ်ပါတယ်။

ဒါပေမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲကနေ စောစောစီးစီး ထွက်ခွာသွားခဲ့ရတဲ့ အသင်းတွေအနေနဲ့ကတော့ ကမ္ဘာ့ဖလားရဲ့ ရှုံးနိမ့်မှု လှိုင်းဂယက်တွေကို အခုထက်ထိရှိနေတုန်းပါပဲ။

အဲဒီထဲမှာတော့ အာဖရိက အသင်းတစ်သင်းဖြစ်တဲ့ နိုင်ဂျီးရီးယားအသင်းလည်း အပါအဝင်လို့ ပြောရမှာပါ။ နိုင်ဂျီးရီးယားအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၉၄ ခုနှစ်မှစတင်ပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့တဲ့ အသင်း ဖြစ်ပေမယ့် အာဖရိကရဲ့ အတိုးတက်ဆုံးအသင်းလို့ သတ်မှတ်ခြင်းခံထားရတဲ့ အသင်းဖြစ်ပါတယ်။

နိုင်ဂျီးရီးယားအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ယခုနှစ်အပါအဝင် ငါးကြိမ်ပါဝင်ကစားထားတဲ့ အသင်းလည်း ဖြစ်ပါတယ်။ ယခုနှစ် ကမ္ဘာ့ဖလားမှာတော့ အုပ်စုအဆင့်ကနေ အုပ်စုဒုတိယနဲ့ ၁၆သင်းအဆင့်ကို တက်နိုင်ခဲ့ပေမယ့် ပြင်သစ်အသင်းနဲ့ ကစားခဲ့တဲ့ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာတော့ ၂-၀နဲ့ ရှုံးနိမ့်ပြီး ကမ္ဘာ့ဖလားကနေ ထွက်ခွာခဲ့ရပါတယ်။

အာဖရိကနိုင်ငံများဖလားချန်ပီယံအနေနဲ့ အခုလို ရှုံးထွက်အဆင့်မှာပဲ ကမ္ဘာ့ဖလားကနေထွက်ခဲ့ရတာကြောင့် အသင်းကို အာဖရိကနိုင်ငံများဖလား ရယူပေးခဲ့တဲ့နည်းပြ ကီရှိတောင် အသင်းကနေ နုတ်ထွက်သွားခဲ့ပါတယ်။

ဒါတင်မကပါဘူး အသင်းရဲ့ ဝါရင့်ခံစစ်မှူးတစ်ဦးဖြစ်တဲ့ ယိုဘိုကလည်း နိုင်ငံကစားသမားဘဝကနေ အနားယူသွားခဲ့ပြီဖြစ်ပါတယ်။

ယခုအခါမှာတော့ အသင်းရဲ့ အသက် ၃၂ နှစ် အရွယ်ရှိပြီဖြစ်တဲ့ အိုဒမ်ဝင်ဂီကလည်း သူ့အနေနဲ့ နိုင်ငံကစားသမားဘဝကနေ အနားယူဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး အိုဒမ်ဝင်ဂီက “အခုအချိန်မှာတော့ ကျွန်တော့်အနေနဲ့ နိုင်ငံအသင်းနဲ့ ဆက်လက်ရှိနေဦးမလားဆိုတာကတော့ မသိနိုင်သေးပါဘူး။ ကျွန်တော်ဟာ နိုင်ငံအသင်းအတွက် အကောင်းဆုံးကစားခဲ့ပါတယ်။ လူတချို့ကို ပြောပြချင်တာက ကျွန်တော်ဟာ ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်ဘူးဆိုတာပါပဲ။ နိုင်ဂျီးရီးယားအသင်းမှာ ကစားရတာဟာ ကျွန်တော့်ဘဝအတွက်တော့ ဂုဏ်ယူစရာအကောင်းဆုံးအချိန်လည်း ဖြစ်ပါတယ်။ အခုလို အသင်းဟာ ကမ္ဘာ့ဖလားကနေ စောစီးစွာနဲ့ ထွက်ခဲ့ရပေမယ့် နောင်တတွေကို ဆုပ်ကိုင်မထားဘဲ သင်ခန်းစာအနေနဲ့ ကြည့်ရမှာလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ အသင်းမှာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် နိုင်ငံတကာအဆင့်မှာ ဘောလုံးကစားဖို့ဆိုရင် သင်ယူစရာတွေ အများကြီးရှိနေပါသေးတယ်။ အခုအချိန်မှာ အသင်းမှာကလည်း လူငယ်ကစားသမားတွေအများကြီး ရှိနေပါပြီ။ ကျွန်တော့်အနေနဲ့ ဘာလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို အလောတကြီး ပြုလုပ်သွားဖို့ မရှိပေမယ့် မကြာခင် ဘယ်လိုဆုံးဖြတ်မယ်ဆိုတာကိုတော့ ထုတ်ဖော်ပြောဆိုသွားမှာပါ”ဟု ပြောဆိုခဲ့ပါတယ်။

> “အခုအချိန်မှာတော့ ကျွန်တော့်အနေနဲ့ နိုင်ငံအသင်းနဲ့ ဆက်လက်ရှိနေဦးမလားဆိုတာကတော့ မသိနိုင်သေးပါဘူး။”



အိုဒမ်ဝင်ဂီ

# ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းသစ်ရေးထိုးခွင့်နှင့် လက်တစ်ကမ်းအကွာက သောမတ်မူလာ





ဂျိမ်းစ်ရိုဒရီဂွက်ဇ်

ထက်အောင်

ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကြီး ကျင်းပပြီးစီးခဲ့တဲ့အကြိမ်ပေါင်း (၁၉)ကြိမ်တိုင်ခဲ့ပြီ။ အကြိမ် (၂၀)မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်တဲ့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပခဲ့တာကလည်း ပြိုင်ပွဲရဲ့နိဂုံးပိုင်းကို ရောက်ရှိလာပြီဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ဗိုလ်စွဲခဲ့ဖူးတဲ့အသင်း ရှစ်သင်းသာရှိတယ်။ ပြောရရင် တောင်အမေရိကနဲ့ ဥရောပထိပ်သီးအသင်းတွေသာ ကမ္ဘာ့ဖလားချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ကြတယ်။ ဒါပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နှစ်ကြိမ်ဆက် ဗိုလ်စွဲတယ်ဆိုတဲ့အဖြစ်အပျက်က ခပ်ရှားရှား။ နှစ်ကြိမ်ဆက် ဗိုလ်စွဲနိုင်မှုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စုစုပေါင်းမှ နှစ်ကြိမ်သာရှိတယ်။

သေသေချာချာပြန်တွေးကြည့်ရင် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နေတဲ့ ဘရာဇီးအသင်းတောင် နှစ်ကြိမ်ဆက် ဗိုလ်စွဲခဲ့ဖူးတာ တစ်ကြိမ်တစ်ခါပဲရှိတယ်။ ၁၉၅၈ နဲ့ ၁၉၆၂ ခုနှစ် ပြိုင်ပွဲတွေမှာ ဗိုလ်စွဲခဲ့တာဖြစ်တယ်။ ဘရာဇီးအသင်းထက်အရင် နှစ်ကြိမ်ဆက်ဗိုလ်စွဲခဲ့ဖူးတဲ့အသင်းက အီတလီ။ ၁၉၃၄နဲ့ ၁၉၃၈ ခုနှစ်ပြိုင်ပွဲတွေမှာ အီတလီအသင်း ဗိုလ်စွဲခဲ့တာဖြစ်တယ်။

၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကစပြီး နှစ်ကြိမ်ဆက် ဗိုလ်စွဲတဲ့အသင်းဆိုတာမရှိခဲ့ဘူး။ ဒီအချက်က ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ပြိုင်ဆိုင်မှု ပြင်းထန်ခြင်းကို သက်သေခံနေတဲ့ အချက်တစ်ချက်ဖြစ်တယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နှစ်ကြိမ်ဆက် ဗိုလ်စွဲနိုင်ခဲ့တဲ့ ဖြစ်ရပ်က ရှားပါးတဲ့ကိစ္စလို့ အထက်မှာပြောခဲ့တယ်။ ဒါဟာ ရှားတော့ရှားတယ်။ ဒါပေမယ့် ရှိခဲ့ဖူးတယ်။

ဒါပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် ရွှေဖိနပ်ဆု (Golden Boot)လို့ခေါ်တဲ့ ဂိုးသွင်းအများဆုံးကစားသမားဆုကို နှစ်ကြိမ်ဆက်တိုက်ရရှိသူ မရှိဖူးသေးတာက ဒီပြိုင်ပွဲကြီးရဲ့ ထူးခြားချက်တစ်ခုလို့ ဆိုရမယ်။ ပြောရရင် နှစ်ကြိမ်ဆက်မဟုတ်ဘူး၊ နှစ်ကြိမ်ရရှိခဲ့ဖူးသူတောင် မရှိခဲ့ဘူး။

ရွှေဖိနပ်ဆုကို ရရှိဖို့ဆိုတာကလည်း ဖီဖာကချမှတ်ခဲ့တဲ့ စည်းမျဉ်းဥပဒေကြောင့် ကစားသမားတွေအတွက် အလွန်ခက်ခဲသွားခဲ့တယ်။ ကမ္ဘာ့ဖလား စတင်ကျင်းပခဲ့တဲ့ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ရွှေဖိနပ်ဆုကို သွင်းဂိုးပမာဏတူညီတဲ့ ဂိုးသွင်းအများဆုံး ကစားသမားတွေကို ပူးတွဲချီးမြှင့်ပေးခဲ့တယ်။ ဒါကြောင့်လည်း ၁၉၆၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ လေးဂိုးစီသွင်းယူနိုင်ခဲ့တဲ့ ကစားသမားခြောက်ဦးဟာ ရွှေဖိနပ်ဆုရှင်တွေအဖြစ် ပူးတွဲရရှိခဲ့တယ်။ အလားတူပဲ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ရွှေဖိနပ်ဆုကို ကစားသမားနှစ်ဦး ပူးတွဲရရှိခဲ့တယ်။

ဖီဖာက ရွှေဖိနပ်ဆုရှင်ကို တစ်ဦးတည်းသီးသန့် သတ်မှတ်လိုတာကြောင့် ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကစတင်ပြီး စည်းကမ်းချက်တစ်ခု သတ်မှတ်ခဲ့တယ်။ အဲဒီစည်းကမ်းအရ (၁)ရွှေဖိနပ်ဆုကို သွင်းဂိုးအများဆုံး ကစားသမားကရရှိမယ်။ (၂)သွင်းဂိုးပမာဏတူညီတဲ့ ကစားသမားတစ်ဦးထက် ပိုရှိနေမယ်ဆိုရင် အဲဒီကစားသမားတွေအနက်က အသင်းဖော်တွေ သွင်းယူခဲ့တဲ့ဂိုးတွေအတွက် ပံ့ပိုးဖန်တီးပေးနိုင်မှုအများဆုံးကစားသမားက ရွှေဖိနပ်ဆုရရှိမှာဖြစ်တယ်။ ဂိုးသွင်းခွင့်ဖန်တီးပေးမှု အကြိမ်အရေအတွက်ကိုတော့ ဖီဖာနည်းစနစ်လေ့လာရေးအဖွဲ့က သတ်မှတ်ဆုံးဖြတ်ပေးမှာဖြစ်တယ်။ (၃)သွင်းဂိုးပမာဏနဲ့ ဂိုးသွင်းခွင့် ဖန်တီးပေးနိုင်မှု ပမာဏတူညီနေတဲ့ ကစားသမားတစ်ဦးထက် ပိုရှိနေရင် ပွဲကစားချိန် ပိုမိုနည်းပါးတဲ့ ကစားသမားက ရွှေဖိနပ်ဆုရရှိမှာဖြစ်တယ်။

ဒီသတ်မှတ်ချက်အရ ရွှေဖိနပ်ဆုပိုင်ရှင်ဟာ ဂိုးသွင်းအများဆုံးကစားသမားဆိုတာကို မရည်ညွှန်းတော့ဘဲ တိုက်စစ်စွမ်းရည်ထက်မြက်သူလို့ ညွှန်းဆိုသလိုဖြစ်လာတယ်။ ကစားသမားတစ်ဦးဟာ ရွှေဖိနပ်ဆုရရှိဖို့အတွက် ဂိုးများများသွင်းနိုင်ဖို့အပြင် အသင်းနဲ့အတူ ပါဝင်ကစားခွင့်ရရှိတဲ့ပွဲတွေမှာလည်း အသင်းဖော်တွေကို အကောင်းဆုံး ပံ့ပိုးပေးနိုင်ဖို့လိုလာတယ်။ ဒီတော့ ရွှေဖိနပ်ဆုရရှိဖို့ဆိုတာက ခက်သည်ထက်ပိုခက်လာတယ်။

ဒီစည်းမျဉ်းချမှတ်ပြီးတဲ့နောက် ကျင်းပခဲ့တဲ့ ၁၉၉၈၊ ၂၀၀၂နဲ့ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ အဲဒီဥပဒေကို အသုံးမချခဲ့ရဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီနှစ်ပြိုင်ပွဲတွေမှာ ရွှေဖိနပ်ဆုအတွက် သွင်းဂိုးပမာဏကတင် အဆုံးအဖြတ်ပေးသွားတာကြောင့်ဖြစ်တယ်။

ဒါပေမယ့် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ အများဆုံးသွင်းဂိုးပမာဏဖြစ်တဲ့ ငါးဂိုးသွင်းယူနိုင်ခဲ့သူ လေးဦးတောင်ရှိလာခဲ့တာမို့ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စတင်ချမှတ်ခဲ့တဲ့ဥပဒေကို အသုံးပြုပြီး ရွှေဖိနပ်ဆုရှင်ကို ရွေးချယ်ခဲ့ရတယ်။ အဲဒီဥပဒေအရ အသင်းဖော်တွေ ဂိုးသွင်းယူနိုင်အောင် ဖန်တီးပေးနိုင်မှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့တဲ့ ဂျာမနီတိုက်စစ်ကစားသမား သောမတ်မူလာက ရွှေဖိနပ်ဆုရရှိခဲ့ပြီး စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာက ငွေဖိနပ်ဆု၊ ဟော်လန်ကစားသမား စနိုက်ဒါက ကြေးဖိနပ်ဆု ရရှိခဲ့တယ်။

၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ သောမတ်မူလာအတွက် အမှတ်တရပြိုင်ပွဲတစ်ခုဖြစ်တယ်။ အဲဒီနှစ်ပြိုင်ပွဲဟာ ဂျာမနီအသင်းကို ကိုယ်စားပြုပြီး သောမတ်မူလာ ပထမဆုံးပြိုင်ပွဲဝင်ခွင့်ရရှိခဲ့တဲ့ ပြိုင်ပွဲဖြစ်ပေမယ့် ရွှေဖိနပ်ဆုကို ရရှိခဲ့တဲ့အပြင် အကောင်းဆုံးလူငယ်ကစားသမားဆု (Best Young Player Award)ကိုပါ ရရှိခဲ့တာကြောင့်ဖြစ်တယ်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရရှိထားပြီဖြစ်တဲ့ ဂျာမနီအသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်သူ သောမတ်မူလာဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ရွှေဖိနပ်ဆုကို နှစ်ကြိမ်ဆက် ရယူနိုင်သူအဖြစ် ယခုနှစ်ပြိုင်ပွဲမှာ သမိုင်းသစ်ရေးထိုးနိုင်ဖို့လည်း အခွင့်အရေးရှိနေသူဖြစ်တယ်။

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်ပွဲတစ်ပွဲဖြစ်တဲ့ ဟော်လန်နဲ့ အာဂျင်တီးနားတို့ပွဲမကစားမီမှာ ဒီပြိုင်ပွဲရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ခြောက်ဂိုးသွင်းယူနိုင်ခဲ့သူ ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ရပ်တည်နေတယ်။ သောမတ်မူလာက သွင်းဂိုးငါးဂိုးနဲ့ ဒုတိယနေရာမှာရှိနေတယ်။ မက်ဆီနဲ့ နေမာက သွင်းဂိုးလေးဂိုးစီနဲ့ တတိယနေရာမှာ ရှိနေတယ်။

ရိုဒရီဂွက်ဇ်ဟာ ပွဲမှတ်တမ်းတွေအရ ဂိုးသွင်းခွင့်ဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပေမယ့် ကိုလံဘီယာအသင်းဟာ ကွာတားဖိုင်နယ်အဆင့်က ထွက်ခဲ့ရပြီမို့ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရိုဒရီဂွက်ဇ်ရဲ့ နောက်ထပ်စွမ်းဆောင်နိုင်မှုဆိုတာ ရှိမလာနိုင်တော့ဘူး။

## "ခြောက်ဂိုးသွင်းယူနိုင်ခဲ့သူအဖြစ် ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် ရပ်တည်နေ"

သောမတ်မူလာကတော့ ဆီမီးဖိုင်နယ်ပွဲကစားပြီးချိန်အထိ ငါးဂိုးပဲသွင်းယူထားနိုင်သေးတာမှန်တယ်။ ဒါပေမယ့် သောမတ်မူလာဟာ ဂျာမနီအသင်းနဲ့အတူ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ ပါဝင်ဆင်နွှဲရဦးမှာဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်းဖော်တွေ ဂိုးသွင်းယူနိုင်ဖို့အတွက် ဂိုးသွင်းခွင့်ဖန်တီးပေးနိုင်မှု သုံးကြိမ်ပြုလုပ်ထားတယ်လို့ ပွဲမှတ်တမ်းတွေမှာ ဖော်ပြထားတယ်။ ဒါကြောင့် သောမတ်မူလာအနေနဲ့ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရွှေဖိနပ်ဆုရယူပြီး ဒီဆုကို နှစ်ကြိမ်ဆက်ရရှိတဲ့ ပထမဆုံးကစားသမားဖြစ်လာဖို့ အခွင့်အရေးကောင်းကို ပိုင်ဆိုင်ခွင့်ရရှိထားပြီဖြစ်တယ်။

သောမတ်မူလာကိုယ်တိုင်ကတော့ ရွှေဖိနပ်ဆုရရှိရေးထက် ဂျာမနီအသင်းအောင်မြင်ရေးကိုသာ ပိုမိုဦးစားပေးထားတယ်လို့ ဖွင့်ဟပြောဆိုခဲ့ဖူးတယ်။ ဒါပေမယ့် သူ့ရဲ့ စွမ်းဆောင်ရည်ကောင်းတွေကြောင့် သောမတ်မူလာဟာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းမှာ သမိုင်းဝင်ကစားသမားတစ်ဦးဖြစ်လာခွင့်နဲ့ အလှမ်းမကွာတော့ဘူးလို့သာ ဆိုရမှာဖြစ်ပါတယ်။

